မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၂) အမှတ် (၂၄၁)

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀ ရက် ၂၀၁၃ ခုနှစ်၊ ဇွန် ၃ ရက်၊ တနင်္လာနေ့။

နိုင်ငံ့တာဝန်အရေး (၃) ပါး

- ပြည်ထောင်စု မပြိုကွဲရေး။
- တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

အကြောင်းကြောင်းကြောင့် လယ်ယာများဆုံးရှုံးခဲ့ကြသည့် တောင်သူလယ်သမားများအတွက် ဥပဒေနှင့်အညီ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)၌ ကျင်းပသည့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေးအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇွန် ၂

ရန်ကုန်တိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေးအခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ (၁)၌ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်သမဝါယမအသင်းများမှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတက အမှာစကားပြောကြားရာ၌ ကျွန်တော်တို့ အစိုးရအနေနဲ့ နှစ်နှစ်တာ သက်တမ်းကာလအတွင်း ပြည်သူများရဲ့ လိုအင်ဆန္ဒကို ဖြည့်ဆည်းနိုင်ရန်အတွက် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုများနဲ့ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုများကို ကိုယ်စွမ်း ဉာဏ်စွမ်းရှိသလောက်

စာမျက်နှာ ၈ ကော်လံ ၁ ✻

နိုင်ငံတကာ

အိုကလာဟိုးမား လေဆင်နှာမောင်း နေအိမ် ၉၁၀၀၀ လျှပ်စစ်ပြတ်တောက်

စာမျက်နှာ-၄

ပြည်တွင်း

ကမ္ဘာ့စီးပွားရေးဖိုရမ် အရှေ့အာရှ အောင်မြင်ရန် ဝိုင်းဝန်းဆောင်ရွက်နေ

စာမျက်နှာ-၇

ပြည်တွင်း

မန္တလေးမြို့မှထွက်ခွာမည့်ခရီးစဉ်များ လက်မှတ်ဈေးနှုန်း ၁၀ ရာခိုင်နှုန်းလျှော့ချ

စာမျက်နှာ-၁၀



မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ဆရာ မိဘပူးပေါင်း ကျောင်းသား ပညာကောင်း

ယနေ့ အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်ပြီဖြစ်သည်။ ကျောင်းသား ကျောင်းသူများ ပျော်ရွှင်စွာ စာသင်ခန်းမသို့ ဝင်ရောက်ကြပေပြီ။ ကျောင်းတော်ကြီးသို့ ဝင်ရောက်လာသည့် ကျောင်းသား ကျောင်းသူလေးများ၏ မျက်နှာသည် လန်းဆန်းတက်ကြွနေကြပြီး အဖြူအစိမ်း ဝတ်စုံများသည် ကျက်သရေနှင့် ပြည့်စုံလျက်ရှိသည်။

ကျောင်းသား ကျောင်းသူများ ပျော်ရွှင်စွာ စာသင်ကြားနိုင်ရေးအတွက် ကျန်းမာရေးနှင့် ညီညွတ်သော ကျောင်းနှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများသည် အရေးကြီးသောအချက်ဖြစ်သည်။ ကလေးများသည် အသက်ငါးနှစ်အရွယ်မှစတင်ကာ အခြေခံပညာကျောင်းများတွင် ပညာသင်ကြားလျက်ရှိရာ ကျောင်းနှင့်ဝန်းကျင်သန့်ရှင်းနေပါမှ ကျန်းမာရေးနှင့် ညီညွတ်သောကလေးများဖြစ်ပေမည်။ ကျောင်းကျန်းမာရေးလုပ်ငန်းအတွက် ကျောင်းကျန်းမာရေးပညာပေးလုပ်ငန်း၊ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်း၊ ကူးစက်ရောဂါကာကွယ်ရေးလုပ်ငန်း၊ ကျောင်းတွင်းအာဟာရဖွံ့ဖြိုးရေးနှင့် အစားအစာများအန္တရာယ်ကင်းဝေးရေးလုပ်ငန်း၊ ကျောင်းကျန်းမာရေးစောင့်ရှောက်ရေးလုပ်ငန်းတို့ကို ဆောင်ရွက်ထားရမည်ဖြစ်သည်။

ကျောင်းကျန်းမာရေးအတွက် ကျောင်းများအားလုံးတွင် သန့်လေးသန့်ဖြစ်သည့် ရေသန့်၊ လက်သန့်၊ အစာသန့်နှင့် အိမ်သာသန့်တို့ကို အဓိကထား ဆောင်ရွက်သွားကြရမည်ဖြစ်သည်။ ကျန်းမာသန့်ရှင်းသော ကျောင်းဝန်းကျင်ဖြစ်နေစေရေး သွေးလွန်တုပ်ကွေးမဖြစ်ပွားစေရန်၊ ခြင်ကျား ကင်းစင်စေရန်နှင့် အမှိုက်အညစ်အကြေးများကင်းရန် အစဉ်သတိပြုရမည် ဖြစ်သည်။ ကျောင်းနှင့်ကျောင်းဝန်းကျင်သန့်ရှင်းသပ်ရပ်၍ စိမ်းလန်းစိုပြည်နေခြင်းဖြင့် ကျောင်းသား ကျောင်းသူများ စိတ်ချမ်းသာကြည်ရွှင်အေးမြကြပေမည်။

ကျောင်းသားကျောင်းသူများသည် ပညာသင်နှစ်နှစ်စမှ စပြီး ကျောင်းစာများကို နေ့စဉ်လေ့လာကျက်မှတ်ကြရမည်ဖြစ်သည်။ ကျောင်းစာများကို တစ်နေ့စာတစ်နေ့ ကျက်မှတ်သွားခြင်းဖြင့် စာမေးပွဲတွင် အခက်အခဲမရှိ ဖြေဆိုနိုင်မည်ဖြစ်သည်။ စာသင်နှစ်စမှစ၍ ရည်မှန်းချက်ထားရှိပြီး ကြိုးစားကြရမည်ဖြစ်သည်။ မူလတန်း၊ အလယ်တန်း၊ အထက်တန်း အတန်းပညာအလိုက်ထူးချွန်ထက်မြက်စေရေးအတွက် ဆရာ မိဘ ပူးပေါင်း၍ လမ်းကြောင်းပေးပြီး ပျိုးထောင်ပေးရမည်ဖြစ်သည်။

စာသင်နှစ်၏ နှစ်စမှစပြီး ကျောင်းစာများကို အလေးထားကျက်မှတ်ခြင်းဖြင့် နှစ်ကုန်ချိန်နီးသည့်အခါ စိုးရိမ်ကြောင့်ကြစိတ်များ ကင်းဝေးရမည်ဖြစ်သည်။ ဆရာ ဆရာမများကလည်း ကျောင်းသား ကျောင်းသူများ ဘက်စုံထူးချွန်ထက်မြက်စေရန်အတွက် သင်ကြားပြသလေ့ကျင့်မှုများ ပြုလုပ်ပေးကြရမည်ဖြစ်သည်။ အနာဂတ်၏ သားကောင်းရတနာလေးများသည် ကျန်းမာသန်စွမ်းပြီး ဉာဏ်ရည်ပြည့်ဝ၍ ထူးချွန်ထက်မြက်သူများ ဖြစ်လာစေရေးအတွက် ကျောင်းသား၊ မိဘ၊ ဆရာ ဆရာမများက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။ ။

ဗုဒ္ဓဘာသာလူငယ်ယဉ်ကျေးမှု (နည်းပြ) သင်တန်းဖွင့်မည်

ရန်ကုန် ဇွန် ၂

ဓမ္မရောင်ခြည် ဓမ္မဒါနလုပ်ငန်းနှင့် သာသနာ့အလင်းရောင် ဓမ္မာရုံအကျိုးဆောင်အဖွဲ့တို့ ပူးပေါင်း စီစဉ်ကျင်းပသော ဗုဒ္ဓဘာသာလူငယ်ယဉ်ကျေးမှု(နည်းပြ) သင်တန်းကို အလုံမြို့နယ် ထော်လီကွေ့မှတ်တိုင်အနီးရှိ သာသနာ့အလင်းရောင်ဓမ္မာရုံ၌ ဇွန် ၁ ရက်မှ ဩဂုတ်လကုန်အထိ အပတ်စဉ် စနေနေ့တိုင်း မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီခွဲအထိ ဖွင့်လှစ်မည်ဖြစ်သည်။

သင်တန်းတွင် ဆရာမဒေါ်လှလှကြီး၊ဆရာမဒေါ်မြတ်သန္တာနှင့်ဆရာမ ဒေါက်တာခင်ယုနွယ်တို့က သင်ကြားပို့ချမည်ဖြစ်ပြီး အသက် ၁၈ နှစ် ပြည့်ပြီးသူ နည်းပြအဖြစ် ဆောင်ရွက်လိုသူများ၊ အမျိုး၊ ဘာသာ၊ သာသနာအတွက် အားကြိုးမာန်တက် ဆောင်ရွက်လိုသူများ တက်ရောက်နိုင်သည်။ သင်တန်း တက်ရောက်လိုပါက ဓမ္မရောင်ခြည် ဓမ္မဒါနလုပ်ငန်း သိမ်ကြီးဈေး(စီ)ရုံ အဆောင်-၄ (ပထမထပ်) ရွှေတိဂုံဘုရားလမ်း ဖုန်း-၃၈၂၉၃၅၊ ၀၉-၅၀၇၉၆၇၄ တို့ထံသို့ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

ရဲခေါင်ညွန့်

ပြည်တွင်းသတင်း

မြို့ပြဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲမှုဆိုင်ရာဆွေးနွေး

နေပြည်တော် ဇွန် ၂

ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် Asia Development Bank (ADB) တို့ ပူးပေါင်း၍ မြန်မာနိုင်ငံ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဆွေးနွေးပွဲကို မေ ၃၁ရက် မွန်းလွဲ ၁ နာရီခွဲတွင် အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်က အမှာစကားပြောကြားသည်။

ယင်းနောက် Asia Development Bank (ADB) မှ Principle Infrastructure Specialist, Mr. Hideki Iwasaki က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် Asia Development Bank (ADB) မှ Technical Advisor Mr. Alistair C. Blaunt က မြန်မာနိုင်ငံ၌ကြုံတွေ့နေရသော မြို့ပြဖွံ့ဖြိုးတိုးတက်ရေး မူဝါဒပိုင်းဆိုင်ရာ အချင်းအရာများနှင့် ဆောင်ရွက်သင့်သည့် ပြုပြင်ပြောင်းလဲမှုများ၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုလိုအပ်ချက်များ၊ ဖြည့်ဆည်းပေးနိုင်မည့် မြို့ပြစီမံကိန်း ရေးဆွဲနိုင်မည့်စနစ်နှင့် နည်းဗျူဟာစာတမ်းကို ရှင်းလင်းဖတ်ကြားခဲ့သည်။

(သတင်းစဉ်)

ဖျာပုံတံတားအဆင်း အန္တရာယ်ကွေ့ကို သတိထားမောင်းနှင်မှ အန္တရာယ်ကင်းမည်

ဖျာပုံ ဇွန် ၂

ဖျာပုံခရိုင် ဖျာပုံမြို့နယ်တွင် နိုင်ငံတော်အစိုးရက တည်ဆောက်ပေးထားသော ဖျာပုံတံတားကြီးသည် မြို့နေပြည်သူများအပြင် အနယ်နယ်အရပ်ရပ်မှလာရောက်ကြသော ခရီးသွားများအနေဖြင့် လူမှုစီးပွားရေးအတွက် နေ့စဉ်အသုံးပြုနေရသည့် တံတားကြီး တစ်စင်းဖြစ်သည်။

နှစ်အတန်ကြာ

ဖျာပုံတံတားကြီး၏ တံတားတည်ဆောက်ထားပုံမှာ အရှေ့ဘက် ဒေးဒရဲမြို့နယ် အုန်းပင်ကျေးရွာဘက်ခြမ်းသည် တံတားခြေဆင်းသည် ဖျာပုံ - ရန်ကုန်ကားလမ်းအတိုင်း ဖြောင့်တန်းစွာ ဖောက်လုပ်ထားပြီး အနောက်ဘက်ဖျာပုံမြို့ဘက်ခြမ်းတွင် ၃ ရပ်ကွက် ၁ လမ်းမှ စတင်၍ အောင်သုခ ၁ ဖြတ်လမ်းနား အရောက်တွင် အဝေးပြေးကားလမ်းဘက်သို့ ၉၀ ဒီဂရီထောင့်ချိုး ကွေ့ထားသောပုံစံအတိုင်း တည်ဆောက်ပေးထားရာတွင် တံတားခြေဆင်းမှာ ရုတ်တရက်ချိုးကွေ့ရသဖြင့် ကားများ၊ ဆိုင်ကယ်များ ရုတ်တရက် အရှိန်မထိန်းနိုင်ခြင်းကြောင့် အရှိန်လွန်၍ တံတားလက်ရန်းပေါ်မှ ကျော်လွန်ပြုတ်ကျမှုများ နှစ်စဉ်ဖြစ်ပေါ်နေ၍ ယာဉ်မတော်တဆမှုဖြင့် လူသေဆုံးမှုများဖြစ်ပေါ်နေသည်မှာ နှစ်အတန်ကြာနေပြီ ဖြစ်သည်။

စိုက်ထူပေးသင့်

ဖျာပုံမြို့နေ ပြည်သူတစ်ဦးက "အခုလိုဖြစ်နေတဲ့ တံတားရဲ့အန္တရာယ်ကွေ့အား အန္တရာယ်ကင်းပရိတ်များ ရွတ်ဖတ်ပေးထားတဲ့အပြင် အခုအခါ သတိပေးဆိုင်းဘုတ်ကို စိုက်ထူပေးထားပြီဖြစ်ပေမယ့်လည်း သတိပေးဆိုင်းဘုတ်ကို လိုအပ်တဲ့နေရာနဲ့ ပေအကွာအဝေးကို ပြန်လည်စိုက်ထူပေးသင့်ပြီး တံတားအတက်မှာ ၁၀ ဘီးကားတစ်ခုလုံး ပြုတ်ကျဖူးတဲ့ သာဓကရှိတဲ့အတွက်ကြောင့် သတိပေးဆိုင်းဘုတ်ကို အဆင်းဘက်တစ်ခုတည်း မဟုတ်ဘဲ အတက်ဘက်မှာပါ စိုက်ထူပေးသင့်ပါတယ်။

ဒါမှသာ ရပ်ဝေးကလာတဲ့ ခရီးသွားပြည်သူတွေ ဒီနေရာအန္တရာယ်ကွေ့ကို ရောက်တဲ့အခါ သတိထားပြီး အရှိန်လျှော့မောင်းနိုင်မှ ယာဉ်အန္တရာယ် ကင်းရှင်းနိုင်မှာဖြစ်ပါတယ်" ဟု ပြောကြားသည်။

ထင်သာမြင်သာ ပြုပြင်စရာ

အန္တရာယ်ကင်းရှင်းနိုင်

တံတားခြေဆင်း၏ ၉၀ ဒီဂရီ အန္တရာယ်ကွေ့တွင် လိုအပ်သော သတိပေး ဆိုင်းဘုတ်များအပြင် တံတားလက်ရန်းတွင် ရောင်ပြန်ပြားများ၊ အခြားလိုအပ်သော အထောက်အကူပစ္စည်းများကို တပ်ဆင်ပေးထားသင့်ပြီး ခရီးသွားပြည်သူများက မိမိအသက်အန္တရာယ်အတွက် သတိထားပြီးမောင်းနှင်မှသာ ဖျာပုံမြို့သူ မြို့သားများအပြင် အခြားမြို့နယ်အသီးသီးမှ လာရောက်သော ခရီးသွားများ အန္တရာယ်ကင်းရှင်းနိုင်မည် ဖြစ်ကြောင်း ထင်သာမြင်သာပြုပြင်စရာ ကဏ္ဍမှ အသိပေးရေးသားလိုက်ရပါသည်။

ချမ်းသာ(ဖျာပုံ)

ရေကူး သင်တန်း ဆင်း

ကျောက်မဲ ဇွန် ၂

ကျောက်မဲခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသည့် ရေကူးသင်တန်းဆင်းပွဲကို မေ ၃၁ ရက်က ကျောက်မဲမြို့ Relax City ရေကူးကန်၌ ကျင်းပရာ သင်တန်းနည်းပြဆရာ ဦးတိုးအောင်နှင့် ဆရာမ နှစ်ဦးတို့က သင်တန်းကာလ ၁၅ ရက်အတွင်း သင်တန်းသား သင်တန်းသူ ၁၅ ဦးအား ရေကူးနည်း သင်ကြားပြသပေးရာ ပြည်နယ်အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်ကြည်ကြည်ဝေက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

မလတ် (ကျောက်မဲ)

ဒဂုံမြို့နယ်လုံးကျွတ်ကျောင်းအပ်နှံရေးကျင်းပ

ရန်ကုန် ဇွန် ၂

ရန်ကုန်အနောက်ပိုင်းခရိုင် ဒဂုံမြို့နယ်တွင် ၂၀၁၃-၂၀၁၄ ပညာသင်နှစ် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၃၀ ရက် နံနက် ၉ နာရီက တိုင်းဒေသကြီး လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ဦးဉာဏ်ထွန်းဦးက အမှာစကားပြောကြားပြီး ဒဂုံမြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမျိုးသန်းက ကျောင်းသုံးစာအုပ်၊ စာရေးကိရိယာများနှင့်အလှူငွေများကို မြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်မြမြသင်းထံသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

သစ်တော
သစ်ပင်
တို့ချစ်ခင်
သစ်ပင်ကို
နှစ်စဉ်စိုက်
ရှေ့တိုက်ကိုစိုး

ပြည်တွင်းသတင်း

ကမ္ဘာ့ဘဏ်(ရန်ကုန်ရုံးခွဲ)ဖွင့်

ရန်ကုန် ဇွန် ၂

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် ပြည်လမ်း(၆)မိုင်ခွဲ အမှတ်(၅၇-ဘီ)အဆောက်အအုံ၌ ယမန်နေ့ ညနေပိုင်းကကျင်းပသော ကမ္ဘာ့ဘဏ်(ရန်ကုန်ရုံးခွဲ)ဖွင့်လှစ်ခြင်း အခမ်းအနားသို့ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းတို့ တက်ရောက်ကြသည်။ **(ဓာတ်ပုံ)**

အမှာစကားပြောကြား

အခမ်းအနားတွင် ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းနှင့် ကမ္ဘာ့ဘဏ်မှ Vice-President, Mr.Axel Van Trotsenburg နှင့် Ms.Karin Finkelston တို့က ရုံးခွဲ အဆောက်အအုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဒုတိယဝန်ကြီးက အမှာစကား ပြောကြားသည်။

ကျေးဇူးတင်စကားပြောကြား

ထို့နောက် ကမ္ဘာ့ဘဏ်မှ Country Director Ms.Annette Dixon က ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြို့သူမြို့သားများ တစ်ဦးနှင့်တစ်ဦး သံသယကင်းစွာ ရေရှည်လက်တွဲဆောင်ရွက်

နေပြည်တော် ဇွန် ၂

လားရှိုးမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မန်ဆူကျောင်းတိုက်ပဓာန နာယကဆရာတော် ဘဒ္ဒန္တပုညနန္ဒနှင့် ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်တို့သည် မေ ၃၁ ရက် နံနက် ၇ နာရီတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ မန်ဆူရှမ်းကျောင်းတိုက်အတွင်းရှိ ခမ္မာရုံ၌ ဒုက္ခသည်တိုင်းရင်းသား တိုင်းရင်းသူများနှင့် အစ္စလာမ်ဘာသာဝင်တို့အား တွေ့ဆုံခဲ့သည်။

အဆိုပါအခမ်းအနား၌ ရှေးဦးစွာ ဆရာတော်ဘဒ္ဒန္တ ပုညနန္ဒက ယခုကျောင်းတိုက်အတွင်း ရောက်ရှိနေကြသည့် ဒါယကာ ဒါယိကာမများ စိုးရိမ်ကြောက်ရွံ့မှုကင်းစွာဖြင့် စိတ်ချမ်းသာစွာ နေထိုင်စေလိုကြောင်း၊ ရပ်ကွက်များထဲတွင်လည်း လုံခြုံရေးတင်းကျပ်စွာချထားပြီး လှည့်ကင်းများဖြင့် နေ့ရောညပါ ဆောင်ရွက်လျက်ရှိကြောင်း၊ နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေး စောင့်ရှောက်ရေးတို့အတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပံ့ပိုးပေးလျက်ရှိကြောင်း၊ မိမိတို့အချင်းချင်း ညီညီညွတ်ညွတ်နေထိုင်သွားကြရန်နှင့် ခွင့်ပြုချက်အသိပေးမှုမရှိဘဲ ကျောင်းတိုက်ပြင်ပသို့ သွားလာခြင်း မပြုကြရန်လိုကြောင်း၊ ဆရာတော်များအနေဖြင့် လူမျိုးဘာသာမရွေး ကူညီစောင့်ရှောက်လျက်ရှိပါကြောင်း၊ မိမိအိမ်ကဲ့သို့ နေထိုင်စားသောက်ရေး အဆင်မပြေမှုများရှိပါကလည်း သည်းခံစိတ်ဖြင့် တစ်ဦးနှင့်တစ်ဦး မေတ္တာရှေ့ထား၍ ရိုင်းပင်းကူညီသွားကြရန်လိုကြောင်းဖြင့် မိန့်ကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး **(အပေါ်ယာပုံ)**က လူမှုရေးပဋိပက္ခများ ယခုလိုဖြစ်ပွားရခြင်းသည် လူမျိုးရေး၊ ဘာသာရေးကြောင့် မဟုတ်ကြောင်း၊ သာမန်ဈေးရောင်း/ဈေးဝယ်ကိစ္စကြောင့်ဖြစ်တယ်ဆိုတာ စစ်ဆေးတွေ့ရှိရပါကြောင်း၊ အခိုက်အတန့် အခုလို ခေတ္တခဏလာရောက်ခိုလှုံနေရတာဖြစ်ပြီး မကြာမီ မိမိနေအိမ်များသို့ ပြန်လည်ပို့ဆောင်ပေးမည် ဖြစ်ကြောင်း၊ မိတ္ထီလာမှာ ဖြစ်စဉ်တွင်လည်း တည်ငြိမ်အေးချမ်းမှုရရှိအောင် လုံခြုံရေးတာဝန်များကို ဦးစားပေးဆောင်ရွက်ခဲ့ရပါကြောင်း၊ ဒုက္ခသည် ၇၀၀ကျော်ကို ညတွင်းချင်း ဆရာတော်များ၏စောင့်ရှောက်မှုဖြင့် မိတ္ထီလာဘောလုံးအားကစားကွင်းထဲ ရောက်အောင် ခေါ်ဆောင်ပြီး နေထိုင်စားသောက်ရေးနှင့် အန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရပါကြောင်း၊ အခုဖြစ်စဉ်ကိုလည်း တည်ငြိမ်အေးချမ်းအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရပ်ကွက်များတွင်လည်း လုံခြုံရေးအဖွဲ့များနှင့် သံဃာတော်များအပါအဝင် စောင့်ရှောက်လျက်ရှိကြောင်း။

ယခု မန်ဆူရှမ်းကျောင်းတွင် ဒုက္ခသည်လူဦးရေများလာသည့်အတွက် နေထိုင်မှု ကျပ်တည်းနိုင်သဖြင့် လားရှိုးမြို့ ပြည်သူ့အားကစားကွင်းသို့ လူခွဲပြီး ပို့ပေးရမည်ဖြစ်ပါကြောင်း၊ ကျန်းမာရေး ကောင်းမွန်ရန်အတွက် အုပ်စုလိုက်ဖြစ်စေ၊ တစ်ဦးချင်းဖြစ်စေ စောင့်ရှောက်ပေးသွားမည် ဖြစ်ကြောင်း၊ ဒီအတောအတွင်းမှာ မိမိအိမ်ကဲ့သို့ နေထိုင်ခွင့်မရရှိသော်လည်း သည်းခံ၍ နေထိုင်သွားကြရမည်ဖြစ်ကြောင်း၊ မိမိဒေသအဖြစ်ခံယူပြီး တည်ငြိမ်အေးချမ်းအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လားရှိုးမြို့တွင် ယခုလိုဖြစ်စဉ်မျိုး ဖြစ်ပေါ်မှုအတွက် အလွန်ပင်အံ့သြမိပါကြောင်း၊ ယခုလို ပဋိပက္ခများဖြစ်ပွားရခြင်းမှာ ဒီဒေသခံများကြောင့် မဟုတ်ကြောင်း၊ ယခုကိစ္စများ ဖြစ်ပေါ်လာအောင်လုပ်ဆောင်ခဲ့သည့်ပုဂ္ဂိုလ်သည် ဤမြို့သား မဟုတ်ဘဲ နေရာအတည်တကျ နေထိုင်သူမဟုတ်ကြောင်းလည်း သိရှိရပါကြောင်း၊ ဘေးပယောဂကြောင့်ဖြစ်တယ်ဆိုတာ ထင်ရှားနေပြီး မြို့သူမြို့သားများ အာဃာတတရားမထားကြဘဲ တစ်ဦးနှင့်တစ်ဦး သံသယကင်းကင်းနှင့် ရေရှည်အတူလက်တွဲဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ **(သတင်းစဉ်)**

■ *ကျောဖုံးမှ*

တန်းစီနေရာယူတဲ့ကားပါ။ ဒါ့ကြောင့် ရှေ့ဆုံး ထွက်ပေါက်နားမှာ အခြားကားများနဲ့ ယှဉ်ပြီးရပ်ထားပါတယ်။ ဘီးအောက်မှာ ကျမ်းတုံးတွေလည်း ခံထားပါတယ်။ တစ်ခါမှဒီလိုဖြစ်တာမရှိခဲ့ပါဘူး။ ဖြစ်တတ်တဲ့သဘောက ကားကလည်း ကုန်ပစ္စည်းမပါ။ ဝိတ်ပေါ့နေမယ်။ ဂီယာကလည်း မသိဘဲဝင်နေမယ်။ နောက်တစ်ဖက်ထိပ်က တက်လာတဲ့ကားက အရှိန်လည်း ပါမယ်။ ဝိတ်လည်း ပါမယ်ဆိုဇက်က လှုပ်ခတ်သွားတတ်ပါတယ်။ အဲဒီလို လှုပ်တဲ့အရှိန်နဲ့ ရေထဲကိုလျှောကျတာဖြစ်နိုင်ပါတယ်" ဟု သုံးသပ်ပြောကြားပေးခဲ့သည်။

ပြန်လည်ဆယ်ယူ

ရေထဲသို့ ပြုတ်ကျသွားသော ဟိုင်းလပ်ကားအား ပြင်ပရေငုပ်အဖွဲ့မှ ဆယ်ယူခဲ့ရာ ည ၁၁ နာရီ မိနစ် ၄၀ တွင် ရေထဲမှ ပြန်လည်ဆယ်ယူရရှိခဲ့ကြောင်း သိရသည်။

ဗဟိုဘဏ်နှင့် Daiwa Institute of Research Ltd တို့အကြား စာချွန်လွှာ လက်မှတ်ရေးထိုး

နေပြည်တော် ဇွန် ၂

မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် Daiwa Institute of Research Ltd တို့သည် မြန်မာနိုင်ငံ၏ငွေရေးကြေးရေးကဏ္ဍ၊ သတင်းအချက်အလက်နှင့် နည်းပညာ (IT) စနစ်ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တွင် Office Computer System တပ်ဆင်အသုံးပြုနိုင်ရေး ပူးပေါင်းဆောင်ရွက်မှု မူဘောင်သတ်မှတ်သည့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနားကို မေ ၃၁ ရက် နံနက် ၁၀ နာရီက နေပြည်တော် အမရာဟိုတယ်၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားသို့ ဘဏ္ဍာရေးနှင့်အခွန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းနှင့် Daiwa Institute of Research Ltd ဥက္ကဋ္ဌ Mr. Takashi Fukai နှင့်တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး ဒုတိယဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ လက်မှတ်ရေးထိုးသော နားလည်မှုစာချွန်လွှာ၏ ရည်ရွယ်ချက်သည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တွင် ICT နည်းပညာတိုးတက် ဖွံ့ဖြိုးမှုရှိစေရန်အတွက် ရုံးလုပ်ငန်းသုံးကွန်ပျူတာစနစ် အသုံးပြုနိုင်မည့် လမ်းညွှန်ချက်များ ပံ့ပိုးနိုင်ရန် အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်သွားရန် ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ရှေ့လုပ်ငန်းစဉ်များ ရည်မှန်းချက်ချမှတ်ဆောင်ရွက်ရာတွင် ဘဏ်လုပ်ငန်းကို ကမ္ဘာ့အဆင့်မီ ကွန်ပျူတာစနစ်ဖြင့် ဆောင်ရွက်နိုင်စေရန်အတွက် ဘဏ်လုပ်ငန်းတစ်ခုလုံးတွင် Network ကွန်ရက်များ ချိတ်ဆက်ဆောင်ရွက်နိုင်သည်အထိ အဆင့်မြင့်တင် ဆောင်ရွက်သွားရန် ရည်ရွယ်ထားပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နားလည်မှုစာချွန်လွှာအား မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌဦးသန်းညိန်းနှင့် DIR ဥက္ကဋ္ဌ Mr. Takashi Fukai တို့က လက်မှတ်ရေးထိုး၍ စာချွန်လွှာများ အပြန်အလှန်လဲလှယ်ခဲ့ကြပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးသန်းညိန်းက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

RUBY
519100
09-51-77212, 535100

အမည်ပြောင်း

ဦးဖြိုးဝေ၏သား မြောက်ဥက္ကလာပ၊ အလက(၄)၊ ဆဋ္ဌမတန်း(D)တွင် ပညာသင်ကြားနေသော မောင်ထူးအောင်လွင်အား မောင်ညဏ်လင်းဆက်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ညဏ်လင်းဆက်**

လယ်ယာစပါး
ပြည့်အားထား
တားဆီးကာကွယ်
မီးရန်စွယ်

IME မှ စီစဉ်တင်ဆက်သည်။

မြန်မာနိုင်ငံ၏ အိမ်၊ ခြံ၊ မြေ ကဏ္ဍတွင်
◆ ပါဝင်လုပ်ကိုင်နေသူများ
◆ ရင်းနှီးမြှုပ်နှံလိုသူများ
◆ စောင့်ကြည့်လေ့လာနေသူများ အတွက်
အထူးကြိုးစား တင်ဆက်ထားပါသည်။

Myanmar Property Weekly Journal

အိမ်၊ ခြံ၊ မြေနှင့်ပတ်သက်နေသူတိုင်းအတွက် အထောက်အကူပြုဂျာနယ်
အပတ်စဉ် အင်္ဂါနေ့တိုင်းထုတ်ဝေသည်
☑ အရည်အသွေး ☑ ဒီဇိုင်းအဖြင့်အဆင် ☑ စာရွက်စာသား
☑ မြန်ဆဲမြန်နှုန်း ☑ ဈေးကွက်ထိုးဖောက်မှု

နိုင်ငံတကာသတင်း

အာဖရိကအား ကုလလုံခြုံရေးကောင်စီ၌ အမြဲတမ်းအဖွဲ့၏ တစ်နေရာပေးရန် ဇင်ဘာဘွေသမ္မတ မူဂါဘီထုတ်ဖော်ပြောကြား

ယိုကိုဟားမား ဇွန် ၂

ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် အာဖရိကအတွက် အမြဲတမ်းအဖွဲ့ဝင် တစ်နေရာခွင့်ပြုပေးသင့်ကြောင်း ဇင်ဘာဘွေသမ္မတ ရောဘတ်မူဂါဘီက ဂျပန်နိုင်ငံ ယိုကိုဟားမားမြို့၌ ဇွန် ၂ ရက်က ထုတ်ဖော်ပြောကြားလိုက်သည်။

တစ်ကမ္ဘာလုံး ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးတို့ကို စောင့်ရှောက် ထိန်းသိမ်းရာတွင် အစိတ်အပိုင်း တစ်ရပ်အနေဖြင့် အပြည့်အဝပါဝင် ဆောင်ရွက်ရန်အတွက် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ အမြဲတမ်းအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံအဖြစ် ခွင့်ပြုပေးရန် မျှော်လင့်လျက်ရှိကြောင်း သမ္မတ မူဂါဘီက ပြောကြားသည်။

ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အမြဲတမ်း အဖွဲ့ဝင်နေရာ တောင်းဆိုသော ဇင်ဘာဘွေ သမ္မတ မူဂါဘီ။

ဓာတ်ပုံ-ဆင်ဟွာ

အာဖရိက တိုးတက်ဖွံ့ဖြိုးရေးဆိုင်ရာ ငါးကြိမ်မြောက် တိုကျိုနိုင်ငံတကာ ကွန်ဖရင့်၏ ဆွေးနွေးပွဲတစ်ရပ်အဖြစ် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ပြုပြင်ပြောင်းလဲမှုအပေါ်တွင် အာဖရိကခေါင်းဆောင်များနှင့် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးတို့ ဇွန် ၃ ရက်၌ တွေ့ဆုံရာတွင် အဆိုပါ အကြောင်းအရာကို ထည့်သွင်းဆွေးနွေးရန် စီစဉ်ထားကြောင်း ဇင်ဘာဘွေသမ္မတ မူဂါဘီက ဆက်လက်ပြောကြားသည်။

စတင်ကျင်းပ

အာဖရိက တိုးတက်ဖွံ့ဖြိုးရေးဆိုင်ရာ ငါးကြိမ်မြောက် တိုကျိုနိုင်ငံတကာ ကွန်ဖရင့်ကို ဂျပန်နိုင်ငံ၌ ဇွန် ၁ ရက်မှ စတင်ကျင်းပနေခြင်းဖြစ်သည်။ **(ဆင်ဟွာ)**

မှူးခင်းဌာနအကြီးအကဲကို သတ်မှုဖြင့် ရုရှားမြို့တော်ဝန်တစ်ဦး ဖမ်းဆီးခံထားရ

မော်စကို ဇွန် ၂

ရုရှားနိုင်ငံ မြောက်ကော့ကေးဆပ်ရှိ မြို့တစ်မြို့မှ မြို့တော်ဝန်တစ်ဦးကို လူသတ်မှုဖြင့်ဖမ်းဆီးထားပြီး စစ်ဆေးမှုများပြုလုပ်နေကြောင်း တရားရေးဆိုင်ရာ အရာရှိများက ဇွန် ၂ ရက်တွင် ထုတ်ဖော်ပြောကြားသည်။

ဖမ်းဆီးခံထားရသည့် မြို့တော်ဝန်သည်မက်ခါချကာလာမြို့မှ ဆက်ဒ် အမီရော့ဗ်ဖြစ်ကြောင်း ရုရှားနိုင်ငံ၏ စုံစမ်းစစ်ဆေးရေးကော်မတီမှ ပြောရေးဆိုခွင့်ရှိသူ ဗလာဒီမာမာကင်က သတင်းထောက်များအား ပြောကြားခဲ့သည်။

မြို့တော်ဝန် အမီရော့ဗ်သည် မက်ခါချကာလာမြို့ရှိ မှုခင်းဆိုင်ရာ ဌာနခွဲမှ အကြီးအကဲဖြစ်သူ အာဆင်ဂတ်ဖိုင်ဘီကော့ဗ်အား ၂၀၁၁ ခုနှစ် ဒီဇင်ဘာလက သတ်ဖြတ်ခဲ့မှုတွင် အမိန့်ပေးစေခိုင်းခဲ့ခြင်းကြောင့် ဖြစ်ကြောင်း စုံစမ်းစစ်ဆေးသူများက ပြောကြားသည်။

အဆိုပါ ဖမ်းဆီးခံထားရသည့် မြို့တော်ဝန်ကို မော်စကိုမြို့သို့ လွှဲပြောင်းပေးမည်ဖြစ်ကြောင်း၊ ၎င်းနှင့် ပူးပေါင်းပါဝင်သူဟု သံသယရှိသူ ၁၀ ဦးကိုလည်း စစ်ဆေးလျက်ရှိကြောင်း ဗလာဒီမာမာကင်က ပြောကြားသည်။

ဖမ်းဆီးခံထားရသည့် မြို့တော်ဝန်အမီရော့ဗ်သည် ဒါဂတ်စ်တန်ဒေသ၏ ဒုတိယဝန်ကြီးချုပ်အဖြစ် ၁၉၉၁ ခုနှစ်မှ ၁၉၉၈ ခုနှစ်အထိ တာဝန် ထမ်းဆောင်ခဲ့ဖူးသူတစ်ဦးလည်းဖြစ်သည်။ **(ဆင်ဟွာ)**

ဆယ်စုနှစ်အတွင်း အိန္ဒိယစီးပွားရေး အနိမ့်ဆုံးကျဆင်း

နယူးဒေလီ ဇွန် ၂

အိန္ဒိယနိုင်ငံ၏ စီးပွားရေးသည် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း ဆယ်စုနှစ်တစ်စုတွင် အဆိုးရွားဆုံး ဖြစ်ကြောင်း တရားဝင်စာရင်းဇယားများတွင် ဖော်ပြသည်။

အိန္ဒိယစီးပွားရေးတိုးတက်မှုသည် ဇန်နဝါရီလမှ မတ်လအတွင်း ပထမဆုံးလတွင် နှစ်စဉ်တိုးတက် မှု ၄ ဒသမ ၈ ရာခိုင်နှုန်းရှိပြီးနောက် အဆိုပါ ဘဏ္ဍာရေးနှစ်တွင် ၅ ရာခိုင်နှုန်း အထိသာ တိုးတက်မှုရှိခဲ့သည်။ အိန္ဒိယနိုင်ငံသည် လွန်ခဲ့သော နှစ်နှစ်ကျော်တိုင်အောင် နှစ်စဉ်တိုးတက်မှုနှုန်း ၉ ရာခိုင်နှုန်းအထိ ရှိခဲ့သည်။ သို့သော်လည်း မကြာသေးမီလများက ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုကဏ္ဍများ ကျဆင်းခဲ့ပြီးနောက် သိသိသာသာ စီးပွားရေးကျဆင်းခဲ့သည်။ အထူးသဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ကျဆင်းလာသည်။

အိန္ဒိယ စာရင်းအင်းဝန်ကြီးဌာနက ထုတ်ပြန်သော အစီရင်ခံစာအရ ထုတ်လုပ်မှုကဏ္ဍတွင် နောက်ဆုံး သုံးလအတွင်း ၂ ဒသမ ၆ ရာခိုင်နှုန်းသာရှိခဲ့သည်ဟုဆိုသည်။ ထိုအတောအတွင်း လယ်ယာထုတ်လုပ်မှုကဏ္ဍတွင် ၁ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်ခဲ့သည်ဟုဆိုသည်။

အိန္ဒိယနိုင်ငံ၏ လက်ရှိစီးပွားရေးကျဆင်းမှုသည် ယာယီမျှသာဖြစ်ကြောင်း၊ မကြာမီ ၈ ရာခိုင်နှုန်းသို့ ပြန်လည်ရောက်ရှိနိုင်ကြောင်း ဝန်ကြီးချုပ် မန်မိုဟန်ဆင်းက ပြီးခဲ့သည့်လက ပြောကြားသည်။ **(ဘီဘီစီ)**

ပါကစ္စတန်၌ ပြီးခဲ့သည့်လအတွင်းက ဗုံးပေါက်မှု ၅၆ ကြိမ်ဖြစ်ပွား သေဆုံးသူ ၁၆၁ ဦးနှင့် ဒဏ်ရာရသူ ၆၅၂ ဦး ရှိခဲ့

အစ္စလမ္မာဘတ် ဇွန် ၂

ပါကစ္စတန်နိုင်ငံတစ်ဝန်း ပြီးခဲ့သည့်မေလအတွင်းက ဗုံးပေါက်ကွဲမှုပေါင်း ၅၆ ကြိမ်ဖြစ်ပွားခဲ့ရာ စုစုပေါင်း ၁၆၁ ဦး သေဆုံးခဲ့ပြီး ၆၅၂ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ပါကစ္စတန်အစိုးရက ဇွန် ၂ ရက်တွင် ထုတ်ပြန်သော စာရင်းအင်းများတွင် ဖော်ပြထားသည်။

ထိုသို့ဗုံးခွဲတိုက်ခိုက်မှု ၅၆ ကြိမ်တွင် အသေခံ ဗုံးခွဲတိုက်ခိုက်မှု လေးကြိမ်ဖြစ်ပွားခဲ့ပြီး ပါကစ္စတန်နိုင်ငံ နေရာအနှံ့အပြား၌ တိုက်ခိုက်ခဲ့ရာ ယင်းအသေခံ ဗုံးခွဲတိုက်ခိုက်မှုများကြောင့် စုစုပေါင်းသေဆုံးသူ ၄၀ နှင့် ဒဏ်ရာရရှိသူ ၁၄၃ ဦး ရှိခဲ့သည်။

အဆိုပါမေလအတွင်း ပါကစ္စတန်နိုင်ငံ ပါတီရုံးများနှင့် ပါတီဝင်များကို ပစ်မှတ်ထား ဗုံးခွဲတိုက်ခိုက်မှုကြောင့် ၁၀၀ ကျော် သေဆုံးပြီး ၄၀၀ ခန့် ဒဏ်ရာရရှိခဲ့သည်။

ပါကစ္စတန်၌ ပြီးခဲ့သည့်မေလအတွင်း အဆိုးရွားဆုံးဗုံးခွဲတိုက်ခိုက်မှုသည် မေ ၆ ရက်က အသေခံဗုံးခွဲတိုက်ခိုက်မှုဖြစ်ပြီး ဂျေယူအိုင်-အက်ဖ်ပါတီမှ ကိုယ်စားလှယ်လောင်းတစ်ဦးကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ရာ လူ ၂၆ ဦး သေဆုံးကာ ၆၇ ဦး ဒဏ်ရာရရှိခဲ့သည့်ဖြစ်ရပ်ဖြစ်သည်။

ထို့အတူ နောက်ထပ်ဆိုးရွားသည့် တိုက်ခိုက်မှုသည် မေ ၁၇ ရက်က ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း၌ ဗုံးနှစ်လုံး ပေါက်ကွဲခဲ့ပြီး၂၁ ဦး သေဆုံးခဲ့ကာ ၁၂၀ ခန့် ဒဏ်ရာရရှိခဲ့သည့် တိုက်ခိုက်မှုဖြစ်သည်။ **(ဆင်ဟွာ)**

ပါကစ္စတန်နိုင်ငံတွင် ဗုံးပေါက်ကွဲမှုများမှ မေ ၁၇ ရက်က ဖြစ်ပွားခဲ့သည့် ရက်စက်ဆိုးရွားသော ဗုံးနှစ်လုံးဆင့်ပေါက်ကွဲခဲ့မှု မြင်ကွင်း။

အိုကလာဟိုးမား လေဆင်နှာမောင်း နေအိမ် ၉၁၀၀၀ လျှပ်စစ်ပြတ်တောက်

အိုကလာဟိုးမား ဇွန် ၂

အမေရိကန်နိုင်ငံ အနောက် အလယ်ပိုင်းတွင် လူ ၁၂ ဦး သေဆုံးခဲ့ရသည့် အားပြင်းမုန်တိုင်းတိုက်ခတ်ပြီးနောက် ထောင်နှင့်ချီသော နေအိမ်များတွင် လျှပ်စစ်မီး ပြတ်တောက်နေဆဲဖြစ်ကြောင်း ဇွန် ၂ ရက်က ဘီဘီစီသတင်းတွင် ရေးသားဖော်ပြသည်။

ယင်းအားပြင်း မုန်တိုင်းကြောင့် အိုကလာဟိုးမားမြို့နှင့် ဆင်ခြေဖုံးတွင် ကိုးဦး၊ မစ်ဆောရီတွင် သုံးဦး သေဆုံးခဲ့ရသည်။ မုန်တိုင်းကြောင့် ရာပေါင်းများစွာသော ပြည်သူများ ဒဏ်ရာရရှိခဲ့သည်။ ၎င်းတို့သည် လေဆင်နှာမောင်း တိုက်ခတ်မှုမှ လွတ်မြောက်ရန် ကြိုးစားခဲ့ကြသည်။ မိုးသည်းထန်စွာ ရွာသွန်း၍ နေရာအများအပြား၌ ရေလွှမ်းမိုးခဲ့သည်။ လွန်ခဲ့သော သီတင်းနှစ်ပတ်က အိုကလာဟိုးမားမြို့ ဆင်ခြေဖုံးတွင် လေဆင်နှာမောင်းတိုက်၍ ၂၄ ဦး သေဆုံးခဲ့ရသည်။ ယင်းလေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် နေအိမ်နှင့် စီးပွားရေးအလုပ်ရုံ ၉၁၀၀၀ ဇွန် ၁ ရက်အထိ မီးမလင်းဘဲရှိသည်။

အဆိုပါလေဆင်နှာမောင်းသည် မေ ၃၁ ရက်က တိုက်ခတ်ခဲ့ခြင်းဖြစ်သည်။ လေပြင်းတိုက်ခတ်မှုကြောင့် မိုးသည်းထန်စွာရွာပြီး အိုကလာဟိုးမားမြို့တွင် ရေအမြင့် ရှစ်ပေအထိ တက်ရောက်ခဲ့သည်။ လေဆင်နှာမောင်းတိုက်စဉ် မော်တော်ကားများ၊ လော်လီကားများ လေနှင့်အတူ လွင့်ပါပြီး တိမ်းမှောက်ခဲ့သည်။ ယခုအခါ လူတိုင်းက ၎င်းတို့၏ အသက်ရှင်ကျန်ရစ်သူ မိသားစုဝင်များကို ရှာဖွေကြဆဲဖြစ်သည်။ **(ဘီဘီစီ)**

အခြေအနေတင်းမာလာတဲ့ တက်ဆင်အရေး

မောင်နွေသစ်

တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့မှာဖြစ်ပွားနေတဲ့ အစိုးရဆန့်ကျင်ဆန္ဒပြမှုဟာ တစ်နေ့တစ်နေ့ အခြေအနေပိုမိုဆိုးရွားလာနေတာ တွေ့ရပါတယ်။ ဒီအရေးအခင်းဟာ တူရကီအစိုးရက မြို့တော် အစ္စတန်ဘူလ်မြို့မှာရှိတဲ့ နာမည်ကျော်တက်ဆင်ရင်ပြင်ရှိ ဂီဇီဥယျာဉ်ကိုဖျက်ပြီး ရှောပင်းမောဆောက်ဖို့ သစ်ပင် တွေနဲ့ အဆောက်အအုံတွေကို ဘူဒိုဇာတွေနဲ့ ထိုးရာကစတင်ခဲ့တာဖြစ်ပါတယ်။ ဒီဆန္ဒပြမှုဟာ လွန်ခဲ့တဲ့ မေ ၂၈ ရက်ကတည်းက စတင်ခဲ့တာ ဖြစ်ပါတယ်။

တက်ဆင်ရင်ပြင်ဟာ ပြည်ပခရီးသွားအများအပြား လာရောက်အပန်းဖြေရာနေရာတစ်ခုလည်း ဖြစ်ပါတယ်။ ပြည်သူတွေအနေနဲ့တော့ ဒီရင်ပြင်ကိုဖျက်ပြီး ရှောပင်းမောတွေ ဆောက်မယ့်ကိစ္စကို လုံးဝလက်မခံဘူးလို့ ဆိုပါတယ်။ ဒါကြောင့်လည်း ဆန္ဒပြမှုဟာ မြို့တော်အစ္စတန်ဘူလ်မှာ သာမက တူရကီနိုင်ငံရဲ့ အဓိကမြို့ကြီးတွေအထိ ပျံ့နှံ့သွားခဲ့ပါတယ်။ ဇွန် ၁ ရက် သတင်းတစ်ရပ်မှာတော့ ဆန္ဒပြသူတွေက အစ္စတန်ဘူလ်မြို့မှာရှိတဲ့ တူရကီဝန်ကြီးချုပ် ရေးဆက် တေရစ်အာဒိုဂန်ရဲ့ ရုံးကို ရာနဲ့ချီပြီး ခဲတွေနဲ့ပစ်ပေါက်ခဲ့ကြတယ်လို့ ဆိုပါတယ်။ ဇွန် ၁ ရက်ညက အာဒိုဂန်ရဲ့ရုံးကို ဆန္ဒပြသူ လူ ၅၀၀၀ ခန့်လာဝိုင်းထားပြီး ခဲတွေနဲ့ ပစ်ပေါက်ခဲ့ကြပါတယ်။ ဒီတိုက်ခိုက်မှုကြောင့် အနည်းဆုံး ရဲတပ်ဖွဲ့ဝင် ခုနစ်ဦးထိခိုက်ဒဏ်ရာရခဲ့တယ်လို့ ဆင်ဟွာ သတင်းတစ်ရပ်မှာ ရေးသားထားပါတယ်။ အထူးရဲတပ်ဖွဲ့ဝင်တွေက ဆန္ဒပြလူအုပ်ကို မျက်ရည်ယိုဗုံးများ၊ ရေသေနတ်များသုံးပြီး လူစုခွဲနေရတယ်လို့ ဆိုပါတယ်။

ထိုနေ့ စောစောပိုင်းကလည်း တက်ဆင်ရင်ပြင်သို့ ဆန္ဒပြသူ ၁၀၀၀၀၀ ခန့် ရောက်ရှိလာပြီး

ဝန်ကြီးချုပ် အာဒိုဂန်အမြန်ဆုံးရာထူးမှ ဆင်းပေးဖို့ တောင်းဆိုခဲ့ကြတယ်လို့ ဆိုပါတယ်။ ထောင်နဲ့ချီသော ပြည်သူများက တူရကီနိုင်ငံရဲ့ အဓိကမြို့ကြီးတွေဖြစ်တဲ့ အန်ကာရာ၊ အစ္စမီယာ၊ မူဂလာနဲ့ အန်ဒယ်ယာတို့မှာလည်းဆန္ဒပြမှုတွေ ဖြစ်ပွားလျက်ရှိပါတယ်။ ရဲအဖွဲ့က ဆန္ဒပြလူအုပ်ကို ကြမ်းကြမ်းတမ်းတမ်းဖြိုခွင်းရာမှ အစိုးရဆန့်ကျင်ဆန္ဒပြမှုတွေ ကြီးမားရခြင်းဖြစ်ပါတယ်။

ဂီဇီဥယျာဉ်ဟာ အစ္စတန်ဘူလ်မြို့မှာ နာမည်ကြီး ဥယျာဉ်ဖြစ်ပြီး ပြည်ပခရီးသွားအများဆုံး လာရောက်တဲ့နေရာဖြစ်ပါတယ်။ အစိမ်းရောင်မြက်ခင်းများနဲ့ သာယာလှပတဲ့ ဥယျာဉ်လို့ဆိုပါတယ်။ ဒါပေမယ့် ရဲတပ်ဖွဲ့ဝင်တွေရဲ့ အကြမ်းဖက်နှိမ်နင်းမှုကြောင့် အရုပ်ဆိုးတဲ့မြင်ကွင်းများနဲ့ အကျည်းတန်နေခဲ့ရတယ်လို့ ဆိုပါတယ်။ ဒီကိစ္စကို ငြိမ်းချမ်းစွာ ဖြေရှင်းသွားမယ်ဆိုရင် အကောင်းဆုံးဖြစ်လာလိမ့်မယ်လို့ မျှော်လင့်ထားကြပါတယ်။ အစိုးရအနေနဲ့ အကြမ်းဖက်ဖြိုခွင်းမှုကို ချက်ချင်းရပ်တန့်ပြီး အကြမ်းဖက်သူများကို ချက်ချင်းအရေးယူသွားဖို့ ဆောင်ရွက်သင့်ကြောင်း၊ နိုင်ငံရေးအကဲခတ်သူများက ပြောဆိုနေကြပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဒီအကြမ်းဖက်မှုဟာ ရေရှည်မှာတော့ အကြမ်းဖက်မှုတွေ ပိုပြီးကြီးထွားလာနိုင်တာကြောင့် အစိုးရက အချိန်မီထိန်းချုပ်နိုင်ဖို့ အစွမ်းကုန်ကြိုးစားလျက်ရှိပါတယ်။

ပစိဖိတ်သမုဒ္ဒရာကြမ်းပြင်ကို လေ့လာရန် တရုတ်သုတေသန သင်္ဘောထွက်ခွာ

အာကာဟိန်း ရေးသည်

ပစိဖိတ်သမုဒ္ဒရာတွင် သဘာဝပတ်ဝန်းကျင်နှင့် ပင်လယ်ပြင်အောက်ရှိ သယံဇာတအရင်းအမြစ်များကို လေ့လာသုတေသနပြုရန်အတွက် ငါးလကြာ ခရီးစဉ်အဖြစ် တရုတ်သုတေသနသင်္ဘောသည် တရုတ်နိုင်ငံ ကွမ်ကျိုးမြို့ တောင်ပိုင်းဆိပ်ကမ်းမှ စတင်ထွက်ခွာခဲ့ပြီဖြစ်ကြောင်း ဆင်ဟွာ သတင်း၌ ဇွန် ၂ ရက်က ဖော်ပြသည်။

ဟေယန်-၆ သို့မဟုတ် အိုးရှင်း-၆ ဟု အမည်ပေးထားသော အဆိုပါသုတေသနသင်္ဘောသည် သုတေသနအဖွဲ့ဝင် ၉၆ ဦး လိုက်ပါသွားခဲ့ပြီး ပစိဖိတ်သမုဒ္ဒရာအရှေ့ပိုင်းနှင့် ပစိဖိတ်သမုဒ္ဒရာ အနောက်အလယ်ပိုင်းနေရာများသို့ သွားရောက်ကာ လေ့လာသုတေသနပြုမည်ဖြစ်သည်။

ထို့နောက် လာမည့် နိုဝင်ဘာ ၃ ရက်တွင် ပြန်လည်ဆိုက်ရောက်ရန် မျှော်မှန်းထားသည်။

အဆိုပါသုတေသနသင်္ဘောသည် လေ့လာသုတေသနပြုမှုကို ရက်ပေါင်း ၁၆၀ ခန့်ပြုလုပ်မည်ဖြစ်ပြီး ပစိဖိတ်သမုဒ္ဒရာ၏ကြမ်းပြင် မြေမျက်နှာပြင်အနေအထားနှင့် ကိုဗော့သတ္တုဓာတ်ကြွယ်ဝစွာပါဝင်သော ပစိဖိတ်သမုဒ္ဒရာအနောက်ပိုင်း ကြမ်းခင်းမြေမျက်နှာပြင်များကို လေ့လာသုတေသနပြုသွားရန်လည်း စီစဉ်ထားသည်။

ထို့အတူ ပစိဖိတ်သမုဒ္ဒရာအရှေ့ပိုင်း ကြမ်းပြင်ဧရိယာများတွင်လည်း သဘာဝသယံဇာတ အရင်းအမြစ်သစ်များ၏အနေအထားကို ရှာဖွေလေ့လာသုတေသနပြုသွားမည်ဖြစ်သည်။

နိုင်ငံတကာ ပင်လယ်သမုဒ္ဒရာကြမ်းပြင်တွင်ရှိသော သတ္တုသယံဇာတ အရင်းအမြစ်များ ရှာဖွေမှုအပေါ် စိတ်ဝင်စားစွာ လုပ်ဆောင်ခြင်းသည် တရုတ်နိုင်ငံက အခွင့်အလမ်းအဖြစ် လုပ်ဆောင်ခြင်းဖြစ်ကြောင်း တရုတ်နိုင်ငံ သမုဒ္ဒရာဆိုင်ရာ သတ္တုသယံဇာတ အရင်းအမြစ်အဖွဲ့က ထုတ်ဖော်ပြောကြားသည်။

တစ်ပတ်လျှင် ၁၂ မိနစ် လေ့ကျင့်ခန်းပြုလုပ်ပေးရုံဖြင့် ကျန်းမာရေးကောင်းမွန်သောဘဝ ရရှိနိုင်

ကျန်းမာရေးကောင်းမွန်စေရန် ကိုယ်လက်လှုပ်ရှားကာယလေ့ကျင့်ခန်းပြုလုပ်ခြင်းသည် အကျိုးကျေးဇူးများစွာရှိသည်။ ကိုယ်လက်လေ့ကျင့်ခန်းပြုလုပ်မှုနှင့် ကျန်းမာရေးကောင်းကျိုးတို့ကို နော်ဝေပညာရှင်အဖွဲ့က သုတေသန ပြုလုပ်ခဲ့သည်။

ကောင်းမွန်သောဘဝရရှိနိုင်

၎င်းသုတေသနအရ သီတင်းတစ်ပတ်လျှင် ၁၂ မိနစ်ခန့်သာ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းပြုလုပ်လျှင်ပင် ကျန်းမာရေးကောင်းမွန်သောဘဝ ရရှိနိုင်ကြောင်း ဆိုသည်။

လေးမိနစ်ကြာ အားမာန်ပါပါ ပြင်းထန်သည့်ကာယလေ့ကျင့်ခန်းကို သီတင်းတစ်ပတ်လျှင် သုံးကြိမ်ပြုလုပ်ပေးပါက အောက်ဆီဂျင်ရရှိမှု အဆင့်မြင့်တက်ကြောင်း၊ ထို့အတူ ကိုယ်လက်လေ့ကျင့်ခန်းကြောင့် သွေးပေါင်ချိန်ကျဆင်းစေပြီး သွေးလည်ပတ်မှုကောင်းစေကြောင်း၊ ဂလူးကို့စ်ပါဝင်နှုန်းကိုလည်း နည်းပါးစေကြောင်း သုတေသနအရ သိရသည်။

ထုတ်ဖော်ရေးသား

နော်ဝေသိပ္ပံနှင့် နည်းပညာတက္ကသိုလ်မှပညာရှင်များက အမျိုးသား၂၆ဦးဖြင့် သီတင်း ၁၀ ပတ်ကြာ သုတေသနလုပ်ငန်းပြုလုပ်ခဲ့ရာ ကွဲပြားသည့် ကာယလေ့ကျင့်ခန်းစနစ်များ၏ အကျိုးသက်ရောက်မှုကို ထုတ်ဖော်ရေးသားခဲ့သည်။

ယင်းပါဝင်သူများကို အုပ်စုနှစ်ခုခွဲပြီး တစ်စုကိုလေးမိနစ်ကြာ လေ့ကျင့်ခန်း သီတင်းတစ်ပတ်လျှင် သုံးကြိမ်ရအောင်ပြုလုပ်စေသည်။ ကျန်တစ်စုကို ၁၆ မိနစ် တစ်ကြိမ်စီဖြင့် သီတင်းတစ်ပတ်အတွင်း သုံးကြိမ်ပြုလုပ်စေခဲ့သည်။

ထိုအုပ်စုနှစ်စုတွင် အောက်ဆီဂျင်ရရှိမှုတိုးတက်နှုန်းကို ယှဉ်တွဲဖော်ပြရာတွင် လေးမိနစ်အုပ်စုသည် ၁၀ ရာခိုင်နှုန်းတိုးခဲ့ပြီး ၁၆ မိနစ်အုပ်စုသည် ၁၃ ရာခိုင်နှုန်း တိုးလာသည်ကို တွေ့ရကြောင်း ဆိုသည်။

ထို့ကြောင့် သီတင်းပတ်တစ်ပတ်လျှင် လေးမိနစ်သုံးကြိမ်ပေါင်း ၁၂ မိနစ်ခန့်သာ ကိုယ်ကာယလေ့ကျင့်ခန်းယူပါကလည်း ကျန်းမာရေး ကောင်းကျိုးကျေးဇူးရှိကြောင်း သိရသည်။

မောင်သံဆင့် - ရေးသားသည်

နိုင်ငံတကာသတင်း

ပြည်တွင်းရေးစွက်ဖက်မှု ရပ်သင့်ပြီဟု တရုတ်က အမေရိကန်ကိုပြော

တရုတ်နိုင်ငံတွင် ၁၉၈၉ ခုနှစ်က တီယဉ်မင် ရင်ပြင်ဆန္ဒပြမှု ဖြစ်ပွားခဲ့ပြီးနောက် ဒီမိုကရေစီတက်ကြွလှုပ်ရှားသူများအား ဖြိုခွင်းခဲ့မှုတွင် ပြည့်စုံသော အထောက်အထားများထောက်ပံ့ပေးရန် တိုက်တွန်းခဲ့ခြင်းကို အကြောင်းပြု၍ အမေရိကန်အား တရုတ်က ပြည်တွင်းရေး ဝင်ရောက်စွက်ဖက်နေသည်ဟု စွပ်စွဲလိုက်သည်။ အမေရိကန်တို့အနေဖြင့် တရုတ်ပြည်တွင်းရေး ဝင်ရောက်စွက်ဖက်နေမှုကို ရပ်တန်းကရပ်သင့်ပြီဟု နိုင်ငံခြားရေးဝန်ကြီးရုံး ပြောရေးဆိုခွင့်ရှိသူ ဟောင်လိကပြောသည်။ တရုတ်အာဏာပိုင်များအနေဖြင့် တီယဉ်မင် ရင်ပြင်ဆန္ဒပြမှုများနှင့်စပ်လျဉ်း၍ ရှင်းရှင်းလင်းလင်း ဆောင်ရွက်ပြီးစီးခဲ့ပြီဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

ပါလက်စတိုင်းကို သိမ်းပိုက်ထားမှု အစ္စရေးပြည်သူများ လက်မခံ

အစ္စရေးနိုင်ငံ တဲလ်အဗစ်မြို့ ဆန္ဒပြသူများက ၁၉၆၇ ခုနှစ် ပါလက်စတိုင်းနယ်မြေများအား သိမ်းပိုက်ထားခြင်းအပေါ် အစ္စရေးအစိုးရအနေဖြင့် ရုပ်သိမ်းရန်တိုက်တွန်းဆော်သြလိုက်ကြောင်း ဇွန် ၂ ရက်က ပရက်စ်တီဗွီ သတင်းတွင် ဖော်ပြသည်။ ဆန္ဒပြသူများက တဲလ်အဗစ်မြို့ ကာကွယ်ရေးဝန်ကြီးဌာနရုံးမှ အာဏာရပါတီ လီကွတ်ပါတီရုံးသို့ ဇွန် ၁ ရက် ညပိုင်းက စတင်ချီတက်ဆန္ဒပြခဲ့ကြသည်။ “ပါလက်စတိုင်းနယ်မြေကို အစိုးရကသိမ်းပိုက်ထားတာဟာ အန္တရာယ်များလွန်းပါတယ်”ဟု ဆန္ဒပြသူတစ်ဦးဖြစ်သည့် ဒိုကာနင်က ပြောသည်။ အဆောက်အအုံများတွင် ငွေကြေးအမြောက်အမြား ရင်းနှီးမြှုပ်နှံရခြင်း၊ အခြေချနေထိုင်သူများအား လုံခြုံရေးပေးရခြင်း စသည့်ကုန်ကျစရိတ်များမှာလည်း များပြားကြောင်း ၎င်းကပြောသည်။ အစ္စရေးအစိုးရက ပါလက်စတိုင်းနယ်မြေအတွင်း တရားမဝင်အခြေစိုက်နေအိမ်များ ဆက်လက်တိုးချဲ့တည်ဆောက်လျက်ရှိသည်။ အစိုးရက ဂျေရုဆလင်တွင် နေအိမ်အလုံး ၃၀၀ တိုးချဲ့တည်ဆောက်ရန်လည်း သဘောတူထားသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

ဓာတုလက်နက်ကွန်ရက် အီရတ်တွင် ဖော်ထုတ်

အီရတ်နိုင်ငံတွင် အယ်လ်ခိုင်ဒါအဖွဲ့တစ်ဖွဲ့က ဥရောပနှင့် မြောက်အမေရိကမှ မှောင်ခိုတင်သွင်းလာသော ဓာတုလက်နက်များဖြင့် အကွက်ချ တိုက်ခိုက်သွားရန် စီစဉ်နေကြောင်း၊ အီရတ်တာဝန်ရှိသူများက စုံစမ်းတွေ့ရှိထားကြောင်း ဇွန် ၁ ရက် က ဘီဘီစီသတင်းတွင် ဖော်ပြထားသည်။ အီရတ်စစ်ထောက်လှမ်းရေးက သုံးလကြာလှုပ်ရှားနေသော အယ်လ်ခိုင်ဒါ အဖွဲ့ဝင်ငါးဦးကို ဖမ်းဆီးထားကြောင်း အီရတ်ကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ မိုဟာမက်အယ်လ်အာခါရီက ပြောကြားသည်။ ဆာရင်းနှင့် မတ်စတပ်ဓာတ်ငွေ့အပါအဝင် ဓာတုလက်နက်ထုတ်လုပ်ရေး အခန်းငါးခန်းသုံးခုကို ဖော်ထုတ်တွေ့ရှိခဲ့ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

မြင့်မောင်စိုး - စုစည်းသည်

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

ရေချိုလို… တောကိုထိန်း

ဒေါက်တာစန်းဝင်း
(ဒုတိယပါမောက္ခချုပ်
သစ်တောတက္ကသိုလ်)

နွေရာသီကျောင်းပိတ်ရက်နဲ့ သင်္ကြန်ရုံးပိတ်ရက်များ ထပ်တူကျနေသည်။ သင်္ကြန်ရုံးပိတ်ရက်အတွင်း စာရေးသူသည် ကယားပြည်နယ်သို့ တိုင်းရင်းသားတို့၏ ရေရှည်တည်တံ့သော တောင်ပေါ်စိုက်ပျိုးနည်းစနစ်များ (Sustainable Upland Farming Practices) ကို လေ့လာရန် ရောက်ရှိခဲ့သည်။ လေ့လာရေးခရီးစဉ်အတွင်း ဒီးမော့ဆိုမြို့ကိုလည်းရောက်ရှိခဲ့သည်။ ဒီးမော့ဆိုမြို့အရှေ့တောင်ဘက်ရှိရွာများအနက် ဒေါ်ဗျာကူးကျေးရွာသို့ ရောက်ခဲ့စဉ်က ကျေးရွာရေမပြတ်အောင် ဆောင်ရွက်ထားမှုကို လေ့လာတွေ့ရှိရသည်။

ဆောင်ရွက်ထားပုံမှာ ကျေးရွာ၏အနောက်တောင်ဘက် တောင်ခြေ၌

၃၂ ဧကရှိ အစုအဖွဲ့ပိုင် သစ်တောလေးကို ဖွဲ့စည်းစောင့်ရှောက်ထားသည်။ အဆိုပါတောအတွင်း ဝါးပိုးဝါးများကိုလည်း စိုက်ပျိုးထားသည်။ ဝါးပိုးဝါးတစ်ရုံလျှင် ရုံအကြီးအသေးအလိုက် တစ်ရုံလျှင် အပင်ပေါင်း ၅၀ မှ ၁၀၀ ကျော်အထိ ဝါးပင်များပေါက်နေပြီး အမြင့်အားဖြင့် ပေ ၈၀-၁၀၀ အထိရှိပါသည်။

ဒေါ်ဗျာကူးရွာကလေးသည် အဆိုပါအစုအဖွဲ့ပိုင် တောအတွင်းမှ သစ်ဝါးပင်များကို မည်သည့်ကိစ္စအတွက်မျှ ခုတ်ထွင်ခြင်းမပြုရဘဲ တောမီးနှင့် စားကျက်ကျခြင်းကိုလည်း ကာကွယ်ထားကြသည်။ အဆိုပါကာကွယ်တောမှ ထွက်လာသော စမ်းရေကို ရေကန်ကလေးအတွင်းသို့ စီးဆင်းစေပြီး ယင်းရေကန်၌ ရေသန့်အောင် ဆန်ခါပိုက်လေးခံကာ ပလတ်စတစ်ပိုက်ဖြင့် ရေသွယ်ယူစီးဆင်းစေပြီး ရေကိုမျှတစွာသုံးစွဲနေကြသည်။ ရေရယူပုံ အင်မတန်ရိုးရှင်းပါသည်။ သို့သော် နွေကာလ ရေရှားပါးသောအချိန်က ရေမပြတ်အောင် ထောက်ပံ့ပေးနိုင်၍ အလွန်တန်ဖိုးရှိသော ဆောင်ရွက်ချက်လေးဖြစ်ပါသည်။ အဆိုပါကာကွယ်တောလေးမှ အိမ်ခြေ ၆၅ အိမ်၊ လူဦးရေ ၃၂၁ ဦးအတွက် သောက်သုံးရေဖူလုံစွာပေးနေပါသည်။ စာရေးသူက ကျေးရွာပိုင်အဆောက်အအုံ၌ ကျေးရွာသားအချို့အား တွေ့ဆုံခဲ့ပြီး တောင်ပေါ်မှကျလာသောရေကို စုဆောင်းထားရှိသော ရေကန်အတွင်း၌ ဝါးမီးသွေး သို့မဟုတ် သစ်ပွသားမီးသွေးကို ဂုန်နီဖျင်အိတ်အတွင်းထည့်ပြီးချထားပါက ရေပိုမိုသန့်စင်ပြီး အရည်အသွေးကောင်းလာနိုင်ကြောင်း နှုတ်၏ကူညီမှုဖြင့် ပြောကြားခဲ့ပါသေးသည်။ ကယားတိုင်းရင်းသားတစ်ဦးကတော့ “တို့က နေ့တိုင်းရေမချိုးလို့ ရေလုံလောက်တယ်ဟ့ေ” ဟု ရယ်ရွှန်းပတ်ရွှန်း ပြောပါသေးသည်။ မည်သို့ပင်ဆိုစေ အဆိုပါ

ကျေးရွာကလေးသည် ရေအတွက် စိတ်ပူစရာမလိုပါ။

စာရေးသူတင်ပြလိုသည်မှာ မြန်မာနိုင်ငံရှိ မြို့ရွာတောပါ ရေထိန်းတောများ သတ်မှတ်ထူထောင်ရန် အကြံပြုလိုခြင်းဖြစ်ပါသည်။ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် ကျူရှောရွာသို့ လေ့လာရေးရောက်ခဲ့စဉ်ကလည်း အဆိုပါရွာနေ ပလောင်လူမျိုးများသည် ရွာ၏အရှေ့ဘက်၌ ရေထွက်တော သတ်မှတ်ထားပြီး ယင်းရေထွက်တောကို ဝိုင်းဝန်းထိန်းသိမ်းကြခြင်းဖြင့် တောင်ထိပ်တွင် ရွာတည်ထားသော်လည်း ရေရှားပါးမှု ပြဿနာမရှိချေ။

အော်ဂဲနစ်ပစ္စည်းမှန်သမျှ ပတ်ဝန်းကျင်ရှိ အပူ/အအေးအခြေအနေနှင့်လိုက်လျောညီထွေဖြစ်၍ နေကြရသည်။ ဥပမာ- သစ်သားတံခါးများကိုကြည့်ပါ။ မိုးရာသီ၌ ပြင်ပအခြေအနေက စိုထိုင်းဆပိုများ၍ တံခါးကရေကို စုပ်ယူသည်။ ထိုအခါ တံခါးပိတ်ရာတွင် ကျပ်နေတတ်သည်။ နွေရာသီ၌ ပြင်ပရာသီဥတုခြောက်သွေ့၍ တံခါးရှိ အစိုဓာတ်လျော့နည်းသွားသည်။ ထိုအခါ တံခါးပိတ်ရာတွင်မကျပ်တော့။ ထိုဖြစ်စဉ်အတိုင်း သစ်တောသစ်ပင်၊ ဝါးတောဝါးပင်များနှင့် ၎င်းတို့၏ ရွက်ကြွေ Biomass များသည် မိုးအခါ၌ ရေကိုစုပ်ယူပြီး ပင်စည်၊ အမြစ်နှင့် ဝါးမြစ်အတွင်း၌ မှီးထားပြီး နွေကာလပြင်ပရာသီဥတုပူပြင်းသည့်အခါ ယင်းတို့ရှိ အစိုဓာတ်ကို ပင်စည်အမြစ်ရွက်ကြွေ Biomass မှတစ်ဆင့် စွန့်ထုတ်သောရေများ ပေါင်းစပ်ကာ စမ်းချောင်းအဖြစ် ဖြစ်ပေါ်လာရသည်။ ထို့ကြောင့် နေပူလေလေ စမ်းရေပိုထွက်တတ်ပြီး မိုးကျသည်နှင့် တစ်ပြိုင်နက် စမ်းရေခန်းသွားတတ်သည်။ အကြောင်းမှာ သစ်ပင်၊ ဝါးပင်၊ ချုံပင်၊ နွယ်ပင်တို့က ယင်းတို့ထက် ပြင်ပစိုထိုင်းဆပိုနေ၍ ရေငွေ့ပြန်စုပ်ယူကြခြင်းကြောင့်ဖြစ်သည်။ ယင်းဖြစ်စဉ်မှာ အပင်အသက်ရှင်မှ ဖြစ်နေသည်မဟုတ်၊ အပင်ဆွေး၍ သစ်ဆွေးမြေဖြစ်ပါကလည်း ထိုဖြစ်စဉ် Spongy Function ဆက်ဖြစ်နေပါမည်။ ဥပမာ-စိမ့်တောမြေ(Peat soil) ကို ကြည့်ပါ။ (Peat soil) ကြောင့် ရေချိုမပြတ်ရနိုင်သည်။

ပို၍ စိတ်ဝင်စားဖွယ်ကောင်းသည်မှာ ဝါးပင်သည် နှစ်စဉ် Biomass ခြွေချရာတွင် သစ်ပင်ထက် ပိုများ၍ဝါးခက်၊ဝါးရွက်ကြွေတို့သည် မြေကြီးပေါ် ခပ်ထူထူအုပ်မိုးထား၍ မြေကြီးအတွင်းမှ အစိုပြန်မှုကို ကာကွယ်ပေးထားသည်။ တစ်နည်းအားဖြင့် မြေကြီးအစိုဓာတ်ဆုံးရှုံးမှုကိုကာကွယ်ပေးသည်။ ဝါးရွက်ကြွေတို့က မိုးတွင်း၌မြေဆွေးအဖြစ် ပြောင်းကာဖော့ Spongy သဖွယ်ဖြစ်၍ ရေကိုစုပ်ယူထားပြီး နွေအခါ၌ ရေကို တစစ်စစ် ပြန်ထုတ်ပေးသည်။ မီးကာကွယ်ရန် လိုပါသည်။ INBAR သုတေသနအရ ဝါးပင်စိုက်ပျိုးပါက မြေအောက်ရှိရေလွှာ ပြန်လည်မြင့်တက်လာသည်ဟု သိရပါသည်။ အဆိုပါဌာန၏ သုတေသနရလဒ်မှာ ဝါးမစိုက်ပျိုးမီ နေရာတစ်နေရာ၏ မြေအောက် ၁၃၂ ပေ၌ မြေအောက်ရေရရှိနေရာမှအဆိုပါနေရာဝါးစိုက်ပြီး လေးနှစ်အကြာ မြေအောက်ရေ ၁၂၁ ၌တွေ့ရသဖြင့် ၁၁ ပေ တိုးပြီးတွေ့လာရကြောင်း ဖော်ပြထားသည်။ ယင်းအပြင်မြေတိုက်စားမှု ကာကွယ်ပေးခြင်းနှင့်ပတ်သက်ပြီး နှစ်စဉ် ၁ စတုရန်းကီလိုမီတာရှိ ဧရိယာမှ မြေသား ၄၂၃၅ တန် မြေတိုက်စားဆုံးရှုံးရာမှ ဝါးစိုက်ခင်းအပြီး ငါးနှစ်သားအရွယ်ရောက်သောအခါ မြေ ၄၃၆ တန်သာ ဆုံးရှုံးတော့ကြောင်း၊ ရေထိန်းသိမ်းမှုနှင့်ပတ်သက်ပြီး သစ်ပင်ထက် သုံးဆပိုမိုရေစုပ်ယူထိန်းနိုင်ကြောင်း၊ Guadua ဝါးမျိုးသည် တစ်မိုးတွင်း၌ တစ်ဟက်တာ ရေလီတာ ၃၀၀၀၀(ဂါလန် ၇၀၀၀ ကျော်)စုပ်ယူထိန်းသိမ်းနိုင်ကြောင်း ဖော်ပြထားသည်ကို တွေ့ရသည်။ အပင်သည် ရွာချသော မိုးရေ၏ ၃၅၊ ၄၀ ရာခိုင်နှုန်းအထိ ထိန်းသိမ်းနိုင်သော်လည်း ဝါးပင်သည် ၉၀ ရာခိုင်နှုန်းအထိ ထိန်းနိုင်သည်ဟု သိရသည်။

အိမ်ထောင်စု ၆၀ ကို သစ်ဝါးတော ဧက ၃၂၀ ခန့်က ရေဖူလုံစေ၍ အကြမ်းအားဖြင့် စဉ်းစားပါက တစ်အိမ်ထောင် ငါးဧကသာသာရေထိန်းရန် လိုအပ်သည်ဟု စဉ်းစားမိပါသည်။ ဒီးမော့ဆိုမြို့၏ မိုးရေချိန် မသိသော်လည်း အနီးအနားရှိ လွိုင်ကော်မြို့မှာ မိုးရေချိန်တစ်နှစ် ၄၀ နှင့် ၅၀ လက်မသာ ရှိသည်ဟုဆိုသည်။

အကယ်၍ အညာဒေသလို မိုးရေချိန်နည်းပါက တစ်အိမ်ကို ရေထိန်းတော ဧက ၂၀ လိုချင်လိုမည်။ မိုးရေချိန် လက်မ ၈၀ ဆိုပါက တစ်အိမ်ထောင်အတွက် ၅ ဧကထက်နည်း၍ လိုချင်လိုပေမည်။ မည်သို့ဆိုစေ ကျေးရွာတိုင်း ရေထိန်းတောထားခြင်းဖြင့် ရေချိုပြဿနာဖြေရှင်းနိုင်ပါမည်။ ရေရှိလျှင် အခြားဇီဝမျိုးစုံမျိုးကွဲတို့လည်း မပျောက်မပျက် ရှင်သန်နိုင်မည်လည်းဖြစ်ပါသည်။

အနယ်နယ်အရပ်ရပ်၌ ရေရှားပါးမှုကြုံတွေ့ခဲ့သည်ကို ယခင်လ နေ့စဉ်ထုတ်သတင်းစာများတွင် တွေ့ခဲ့ရပါသည်။ ကျောက်မဲလိုတောင်ပေါ်ဒေသ၌ ရေရှားတာကြားသိရသလို အပူပိုင်းဒေသရှိ မြို့တော်တော်များများတွင်လည်း ရေရှားပါး၍ ရေဝေ့နေရသည်ကို တွေ့နေရပါသည်။ နယ်စပ်ရေးရာ ဝန်ကြီးဌာနမှ ရှားပါးသောဒေသ၌ စက်ရေတွင်းများကို ပေအနက်အလိုက် နှစ်သိန်း၊ သုံးသိန်း၊ လေးသိန်းဖြင့် လှူဒါန်းနိုင်ကြောင်း ကြေညာသည်ကိုတွေ့နေရပါသည်။ မြေအောက်ရေ အလွန်အကျွံစုပ်ယူမှုသည်လည်း မကောင်းပါ။ Beyond the Limit (1992) တွင် မြေအောက်ရေစုပ်ယူမှုကြောင့် မက္ကဆီကိုနှင့် ဗန်ကောက်မြို့ကြီးများ နိမ့်ကျလာနေကြောင်း ဖော်ပြထားသည်ကို တွေ့ရပါသည်။ ထို့ကြောင့် မြို့ပြတည်နေရာတွင် မြို့ဧရိယာအတွင်း အစိမ်းရောင်တောကျန် (Green Belt)များချန်ထားရန်လိုပါသည်။ အကြောင်းမှာ ယင်းကွက်လပ်များမှတစ်ဆင့် မြေအောက်ရေပြန်လည်ဖြည့်တင်း (Re-charge) လုပ်နိုင်၍ ဖြစ်သလို မြို့ပြတွင်း အစိမ်းရောင်ကွက်လပ်လေးများထားခြင်းဖြင့် လေသန့်၊ ဆူညံသံလျော့၊ ဒေသကျေးငှက်များလည်း နားခိုနိုင်၍ ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကျေးရွာများတွင် ရေထိန်းတောများ ရှိပြီးဖြစ်လျှင် ပို၍ ကြပ်ကြပ်မတ်မတ် စောင့်ရှောက်ရေးပြုလုပ်သင့်ပြီး မရှိပါက ဖွဲ့စည်းစောင့်ရှောက်ခြင်းဖြင့် ကျေးလက်ဒေသ ရေချိုမပြတ်ရရှိရေး အထောက်အပံ့ဖြစ်နိုင်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

ပရိယတ္တိအခြေပြုဗုဒ္ဓသာသနာ့ယဉ်ကျေးမှုစာမေးပွဲ အောင်ပွဲဆင်ယင်ဆုနှင်းသဘင် မင်္ဂလာကျင်းပ

နတ်မောက် ဇွန် ၂

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ထန်းပင်ကုန်းကြီးရွာ၊ ကန်စွယ်ရွာ သဒ္ဓမ္မပီတိ သန္တိသုခအသင်းကြီး၏ ဒုတိယအကြိမ် ပရိယတ္တိအခြေပြု ဗုဒ္ဓသာသနာ့ယဉ်ကျေးမှု ရေးဖြေစာမေးပွဲအောင်ပွဲဆင်ယင်ဆုနှင်းသဘင်မင်္ဂလာ အခမ်းအနားကို မေ ၂၈ ရက် နံနက် ၁၀ နာရီခွဲက အဆိုပါကျေးရွာမင်္ဂလာမဏ္ဍပ်၌ကျင်းပသည်။

ရှေးဦးစွာ အသင်းကြီး၏ အထွေထွေအကျိုးတော်ဆောင် ဆရာတော် ရန်ကုန်မြို့ ဗဟန်းမြို့နယ် မဟာဝိသုဒ္ဓါရုံပါဠိတက္ကသိုလ် ရွှေကျင်တိုက်သစ်တိုက်အုပ်ဆရာတော် ပိဋကတ်နှစ်ပုံဆောင်အရှင်သိရီကဥ္စနာဘိဝံသက အသင်းကြီး၏ ဆောင်ရွက်ချက်လုပ်ငန်းများနှင့်စာမေးပွဲကြီး ဖြေဆိုစဉ်ကာလ အောင်ပွဲဆင်ယင်ပွဲသဘင်ကာလ၏ ရည်ရွယ်ချက်များကို အကျဉ်းချုပ်လျှောက်ထားသည်။ ထို့နောက် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်ငြေ က သာသနာတော်ဆိုင်ရာများကိုလျှောက်ထားပြီး စာမေးပွဲကြီးတွင် ထူးချွန်ဆုရရှိသော ရှင်သာမဏေ၊ ကျောင်းသား ကျောင်းသူအရပ်သား ၂၈ ဦးတို့အား ဆရာတော်များနှင့်အတူ အောင်လက်မှတ်နှင့် ဆုများပေးအပ်ချီးမြှင့်သည်။ စာမေးပွဲတွင် ဝင်ရောက်ဖြေဆိုသူ ၇၁၇ ဦးရှိပြီး အောင်မြင်သူရှင်သာမဏေ၊ ကျောင်းသား ကျောင်းသူ အရပ်သား ၆၂၂ဦးအောင်မြင်ကြောင်း သိရသည်။

အောင်သန်းထွန်း(နတ်မောက်)

ဓာတ်အားခွဲစက်ရုံနှင့် ဓာတ်အားလိုင်းများ တိုးချဲ့တည်ဆောက်

ပြည် ဇွန် ၂

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင်အတွင်း၌ ဒီဇယ်စက်များနှင့် ဓာတ်အားပေးလျက်ရှိသော သာရဝေါမြို့နှင့် ထိန်တောမြို့များကို ယခုအခါ System မှ ဓာတ်အားရယူသုံးစွဲနိုင်ရန်အတွက် 33 KV ၁၃ ဒသမ ၆ မိုင်၊11KV ၂၂ ဒသမ ၅ မိုင်နှင့် 400 V လိုင်း ၁ ဒသမ ၄ မိုင်တို့ကို နိုင်ငံတော်က အကုန်အကျခံကာ ဓာတ်အားလိုင်းများ တိုးချဲ့တည်ဆောက်လျက်ရှိပြီး သာရဝေါမြို့တွင် 11/ 0.4 KV(315)KVA ခွဲရုံတစ်ခုနှင့် ထိန်တောမြို့တွင် 11/0.4 KVA ခွဲရုံနှစ်ခု တည်ဆောက်ပေးလျက်ရှိရာ ၂၀၁၃ ခုနှစ် ဇွန်လကုန်တွင် ရာနှုန်းပြည့်ပြီးစီး၍ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်တော့မည်ဖြစ်ကြောင်း သိရှိရသည်။

သို့ပါ၍ အဆိုပါ ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းများ တိုးချဲ့တည်ဆောက်ခြင်းပြီးစီးပါက သာရဝေါမြို့နှင့် ထိန်တောမြို့ပတ်ဝန်းကျင်ရှိ ကျေးရွာများအနေဖြင့်လည်း ကိုယ့်အားကိုယ်ကိုး မီးလင်းရေးဆောင်ရွက်ခြင်းအားဖြင့် လျှပ်စစ်ဓာတ်အား သုံးစွဲခွင့်ရရှိကာ ကျေးလက်ဒေသဖွံ့ဖြိုးပြီး လူနေမှုအဆင့်အတန်းတိုးတက်မြင့်မားလာနိုင်မည် ဖြစ်ကြောင်း သိရသည်။

(၁၀၅)

ဆိုင်ကယ်အဆင်း နောက်ပြန်လဲကျသေဆုံး

တာချီလိတ် ဇွန် ၂

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၌ မေ ၃၁ ရက် ည ၇နာရီ ၁၀ မိနစ်က ဆန်ဆိုင်း(က) ရပ်ကွက် ဆန်ဆိုင်းဈေးအတွင်း ရပ်ထားသည့် ဆိုင်ကယ်ပေါ်မှ ဆင်းလိုက်စဉ် ရုတ်တရက်နောက်ပြန်လဲကျပြီး ချော်လဲရာမှ လူတစ်ဦးသေဆုံးကြောင်း သတင်းရရှိသည်။

တာချီလိတ်စခန်းမှူး ရဲအုပ်တင်ဌေး၊ တာဝန်မှူးဒုရဲအုပ် အောင်ဆန်းဦးနှင့် နယ်ထိန်းအဖွဲ့သည် သက်သေဆန်ဆိုင်း(က) အုပ်ချုပ်ရေးမှူး ဦးစိုင်းဆင်၊ အဖွဲ့ဝင် ဦးစိုင်းတင်ထွန်းဦးနှင့်အတူ သွားရောက်ကြည့်ရှုခဲ့ရာ ဆန်ဆိုင်းဈေးအတွင်း အထည်ဆိုင်ရှေ့မျက်နှာချင်းဆိုင်ခန်း တံခါးဘေးတွင်ကပ်လျက် ရပ်ထားသော ဆိုင်ကယ်ပေါ်သို့ အိမ်ပြန်ရန်အတွက် အိမ်မွေးကြောင်တစ်ကောင်ကိုပိုက်၍ တက်နေသော ယခင်ကပင် သွေးတိုးရောဂါရှိသည့် ဦးတင်လှိုင် (ခ) မောင်မောင်(၆၉နှစ်)သည် နှုတ်ဆက်ပြီး မပြန်သေး၍ စက်မနှိုးဘဲရပ်ထားသော ဆိုင်ကယ်ပေါ်မှ ဆင်းလိုက်စဉ် ရုတ်တရက်နောက်ပြန်လဲကျပြီး ၎င်းဆိုင်ရှေ့၌ ပြုလုပ်ထားသော ကွန်ကရစ်စောင်းနှင့် ဦးခေါင်းနောက်စေ့ ရိုက်မိပြီး အခင်းဖြစ်နေရာ၌ပင် သေဆုံးသွားခဲ့ကြောင်း သိရသည်။

စစ်ဆေးဆောင်ရွက်

ဖြစ်စဉ်နှင့်ပတ်သက်၍ သေဆုံးသူ ဦးတင်လှိုင်(ခ) မောင်မောင်အား ဆေးစာရေးသားပေးပို့ပြီး တာချီလိတ် ရဲစခန်းမှူး ရဲအုပ်တင်ဌေးက တရားလိုပြုလုပ်၍ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြင့်မိုရ်(တာချီလိတ်)

ကမ္ဘာ့စီးပွားရေးဖိုရမ် အရှေ့အာရှ အောင်မြင်ရန် ဝိုင်းဝန်းဆောင်ရွက်နေ

အမေး၊ အရေး
မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ-ကျော်သူဝင်း

နေပြည်တော် ဇွန် ၂

နိုင်ငံတကာအသိုင်းအဝိုင်းနှင့် ရင်းနှီးနွေးထွေးစွာ ဆက်ဆံလာသော မြန်မာနိုင်ငံ၊ နယ်ပယ်ကဏ္ဍစုံတွင် သိသာ ထင်ရှားသောပြုပြင်ပြောင်းလဲမှုများကြောင့် နိုင်ငံတကာ အသိအမှတ်ပြုလာသော မြန်မာနိုင်ငံ၊ တိုးတက်ဖွံ့ဖြိုးရေးကို အရှိန်အဟုန်ဖြင့် ကြိုးစားဆောင်ရွက်လျက်ရှိရာ နိုင်ငံတိုးတက်ရေးအတွက် အထောက်အကူပြုစေမည့် ကမ္ဘာ့စီးပွားရေးဖိုရမ် အရှေ့အာရှကို နေပြည်တော်ရှိ MICC အဆောက်အအုံ၌ ဇွန် ၅ ရက်မှ ၇ ရက်အထိ အိမ်ရှင်အဖြစ် လက်ခံကျင်းပတော့မည်ဖြစ်သည်။

ကမ္ဘာ့စီးပွားရေးဖိုရမ် အရှေ့အာရှကျင်းပမည့် နေပြည်တော်ရှိ MICC အဆောက်အအုံတွင် ကြိုတင်ပြင်ဆင်မှုများပြုလုပ်လျက်ရှိပြီး အခမ်းအနားကျင်းပမည့် ခန်းမများကို ပြည်တွင်းပြည်ပအဖွဲ့အစည်းများက ကဏ္ဍအလိုက် ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။ ထို့အတူ ကမ္ဘာ့စီးပွားရေးဖိုရမ် အရှေ့အာရှကို အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အထောက်အကူပြုအဖွဲ့များလည်း ဖွဲ့စည်းထားကာ ကဏ္ဍအသီးသီးနှင့် တာဝန်ယူလုပ်ကိုင်လျက်ရှိနေပြီဖြစ်သည်။

ထို့ကြောင့် ကမ္ဘာ့စီးပွားရေးဖိုရမ် အရှေ့အာရှ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်နေသော Mr.Sushant Palakuthi Rao (Senior Director, Head of Asia, World Economic Forum) နှင့် တွေ့ဆုံမေးမြန်းခဲ့သည်။

ကမ္ဘာ့စီးပွားရေးဖိုရမ် အရှေ့အာရှကျင်းပမည့် နေပြည်တော်ရှိ MICC အဆောက်အအုံတွင် ကြိုတင်ပြင်ဆင်မှုများကို ပြည်တွင်းပြည်ပအဖွဲ့အစည်းများက ကဏ္ဍအလိုက် ဆောင်ရွက်လျက်ရှိသည်ကို တွေ့မြင်ရစဉ်။

မေး။ ။ အခု ကမ္ဘာ့စီးပွားရေးဖိုရမ် အရှေ့အာရှမှာ ဘယ်လိုအစိတ်အပိုင်းက တာဝန်ယူဆောင်ရွက်နေသလဲဆိုတာ ရှင်းပြပေးပါဦး။

ဖြေ။ ။ ကျွန်တော်တို့အနေနဲ့ ဒီဖိုရမ်ကြီးအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မြန်မာနိုင်ငံအစိုးရနဲ့ နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပေးမှုတွေ ပြုလုပ်ပေးနေပါတယ်။

မေး။ ။ ဒီဖိုရမ်ကို နိုင်ငံတကာကပုဂ္ဂိုလ်တွေ တက်ရောက်နိုင်မှုနဲ့ ဘယ်လိုဆွေးနွေးမှုမျိုးတွေ ဖြစ်ပေါ်လာနိုင်မလဲဆိုတာလည်း ပြောပြပေးပါဦး။

ဖြေ။ ။ မြန်မာနိုင်ငံမှာ ကျင်းပမယ့် အခုဖိုရမ်ဟာ ကမ္ဘာ့စီးပွားရေးဖိုရမ် အရှေ့အာရှ ကျင်းပခဲ့တဲ့ သမိုင်းမှာ တက်ရောက်သူဦးရေ အများဆုံး စံချိန်တင်နိုင်ပါလိမ့်မယ်။ ကမ္ဘာ့ခေါင်းဆောင်တွေ၊ ကမ္ဘာ့စီးပွားရေး ပညာရှင်တွေ၊ စီးပွားရေးအဖွဲ့အစည်းဆိုင်ရာ ခေါင်းဆောင်တွေနဲ့ အခြားပုဂ္ဂိုလ်တွေ စုစုပေါင်း ၁၀၀၀ ခန့် တက်ရောက်ကြပါလိမ့်မယ်။ ဒီဖိုရမ်မှာ အဲဒီပုဂ္ဂိုလ်တွေအနေနဲ့ ကမ္ဘာလုံးဆိုင်ရာ မတူကွဲပြားနေတဲ့ စိန်ခေါ်မှုတွေ၊ ဒေသအလိုက်ကြုံတွေ့နေရတဲ့စိန်ခေါ်မှုတွေကို တွေ့ဆုံဆွေးနွေးကြမှာဖြစ်ပြီး ဘယ်လိုနည်းလမ်းတွေနဲ့ ဖြေရှင်းနိုင်မယ်ဆိုတာတွေကို အတူတကွ ညှိနှိုင်းဆွေးနွေးသွားကြမှာ ဖြစ်ပါတယ်။

သတင်း ထုတ်ပြန်မှု လုပ်ငန်းများကို ဆောင်ရွက်နေပါတယ်။

ဦး မြင့် ကျော် (ညွှန်ကြားရေးမှူး) ပြန်ကြား ရေးနှင့် ပြည်သူ့ ဆက်ဆံရေး ဦးစီးဌာန။

ထို့နောက် MICC အဆောက်အအုံအတွင်း ကမ္ဘာ့စီးပွားရေးဖိုရမ် အရှေ့အာရှ အောင်မြင်စွာ ကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်နေသော အမျိုးသားစီမံကိန်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းထွဋ်နှင့် တွေ့ဆုံမေးမြန်းခဲ့သည်။

မေး။ ။ ဒီဖိုရမ်ကို အိမ်ရှင်အဖြစ် ကျင်းပနိုင်ရေး ဖြစ်ပေါ်လာပုံနဲ့ တက်ရောက်မယ့် ပုဂ္ဂိုလ်တွေအပြင် ဒီဖိုရမ်ကြောင့် အကျိုးကျေးဇူးရရှိနိုင်မယ့် အကြောင်းတွေကို ပြောပြပေးပါဦး။

ဖြေ။ ။ သမ္မတကြီးဦးသိန်းစိန်ရဲ့ လမ်းညွှန်ချက်အရ ဒီဖိုရမ်ကို ကျင်းပခြင်းဖြစ်ပါတယ်။ ဒီဖိုရမ်ကို အခုအချိန်အထိ ကမ္ဘာ့နိုင်ငံပေါင်း ၅၆ နိုင်ငံမှ ပုဂ္ဂိုလ်ပေါင်း ၉၀၄ ဦး တက်ရောက်ဖို့ မှတ်ပုံတင်ထားပြီး ဖြစ်ပါတယ်။ အဲဒီပုဂ္ဂိုလ်တွေထဲမှာ ၁၃ နိုင်ငံက ထင်ရှားတဲ့ပုဂ္ဂိုလ် ၄၁ ဦးလည်းပါရှိမှာဖြစ်ပြီး အဲဒီ ၄၁ ဦးမှာ နိုင်ငံတော်သမ္မတအဆင့်မှ ဒုတိယဝန်ကြီးအဆင့်အထိ ပုဂ္ဂိုလ် ၃၀ ပါဝင်မှာဖြစ်ပါတယ်။ ဒါ့အပြင် ကုလသမဂ္ဂအဖွဲ့အစည်းတွေ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ ထင်ရှားတဲ့ပုဂ္ဂိုလ်တွေ တက်ရောက်ကြမှာဖြစ်ပါတယ်။ နှစ်ဖက်ညှိနှိုင်းပေါင်းစပ်မှုတွေကြောင့် ဒီနေ့အထိ အဆင်ပြေချောမွေ့လျက်ရှိပါတယ်။ ဒီဖိုရမ်ကျင်းပနိုင်တဲ့အတွက် အတွေ့အကြုံကောင်းတွေ အများကြီးရရှိမှာဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ် အာဆီယံအလှည့်ကျဉက္ကဋ္ဌအဖြစ် တာဝန်ယူတဲ့အချိန်မှာ အများကြီးအထောက်အကူရရှိမှာဖြစ်ပါတယ်ဟု ဖြေကြားခဲ့သည်။

ဆက်လက်ပြီး ကမ္ဘာ့စီးပွားရေးဖိုရမ် အရှေ့အာရှ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နေသော သတင်းနှင့်ပြန်ကြားရေးဆပ်ကော်မတီမှ ဦးမြင့်ကျော် (ညွှန်ကြားရေးမှူး-ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန) အား တွေ့ဆုံမေးမြန်းခဲ့သည်။

မေး။ ။ ဒီဖိုရမ်ကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဘယ်လိုတာဝန်တွေ ဆောင်ရွက်နေတယ်၊ ပြည်တွင်းပြည်ပ သတင်းထောက်တွေ ဘယ်လောက်အထိ လာရောက်နိုင်မလဲဆိုတာ သိရှိလိုပါတယ်။

ဖြေ။ ။ သတင်းနှင့် ပြန်ကြားရေးဆပ်ကော်မတီအနေနဲ့ သတင်းထုတ်ပြန်မှုနဲ့ ပြန်ကြားရေးလုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်။ ရုပ်မြင်သံကြား သတင်းထုတ်ပြန်မှုလုပ်ငန်းတွေလည်း ဆောင်ရွက်နေပါတယ်။ ပြင်ဆင်မှုတွေလည်း ပြုလုပ်နေပါတယ်။ ပြည်တွင်းပြည်ပက သတင်းထောက်ဦးရေစုစုပေါင်း ၄၂၀ ခန့် လာရောက်မယ်လို့ ခန့်မှန်းထားပါတယ်ဟု ဖြေကြားသွားသည်။

(၂၂)ကြိမ်မြောက် ကမ္ဘာ့စီးပွားရေးဖိုရမ် အရှေ့ အာရှ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ဆပ်ကော်မတီများက ကြိုတင်ပြင်ဆင် စီစဉ်ဆောင်ရွက်လျက်ရှိနေပြီဖြစ်သည်။

(မြန်မာ့အလင်း)

(၂၂)ကြိမ်မြောက် ကမ္ဘာ့စီးပွားရေးဖိုရမ် အရှေ့အာရှ ကျင်းပရန်အတွက် ခန်းမအတွင်း ကြိုတင်ပြင်ဆင်နေမှုကို ဤသို့ တွေ့ရသည်။

သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ကုသရေး နှိုးဆော်ချက်

သွေးလွန်တုပ်ကွေးရောဂါသည် ရေကြည်ရေသန့်တွင် ပေါက်ပွားသော အေးဒီးစ်(ခေါ်) ခြင်ကျား(ခြင်ပုန်း)ကိုက်ခံရခြင်းကြောင့် ကူးစက်ဖြစ်ပွားသော ရောဂါဖြစ်သည်။ သွေးလွန်တုပ်ကွေးရောဂါသည် အသက်အရွယ်မရွေး ကလေး၊ လူကြီးအားလုံးတွင် ဖြစ်ပွားနိုင်ပါသည်။ အသက် ၁၅ နှစ်အောက် ကလေးများတွင် ပိုမိုဖြစ်ပွားပြီး သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားလျှင် စောစီးစွာ မကုသပါက အသက်သေဆုံးနိုင်သဖြင့် အချိန်မီကာကွယ်ကုသရန် အထူးလိုအပ်ပါသည်။

သို့ဖြစ်၍ ခြင်ကျား(ခေါ်)ခြင်ပုန်းမပေါက်ပွားစေရန်နှင့် **မိမိတို့ရင်သွေးငယ်များ ခြင်ကိုက်မခံရစေရန်** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ကြရန် နှိုးဆော်အပ်ပါသည်-

၁။ ကလေးများအား အင်္ကျီလက်ရှည်၊ ဘောင်းဘီရှည် ဝတ်ဆင်ပေးပါ။

၂။ ကလေးများအိပ်သည့်အခါတိုင်း နေ့/ညမရွေး ခြင်ထောင်ဖြင့် အိပ်ပါ။

၃။ လေကောင်း၊ လေသန့်နှင့် အလင်းရောင်ရရှိစေရန် ပြတင်းပေါက်များ ဖွင့်ထားပါ။

၄။ အိမ်တွင်း၊ အိမ်ပြင်ပတ်ဝန်းကျင် သန့်ရှင်းစွာထားပါ။

၅။ အိမ်ပတ်ဝန်းကျင်ရှိ ရေဝပ်နိုင်သော ချိုင့်ခွက်များတွင် ပိုးလောက်လမ်းမပေါက်ပွားနိုင်အောင် မြေဖို့ပါ။

၆။ ရေသိုလှောင်သည့် ရေစည်၊ ရေအိုးများ၊ ရေလှောင်ကန်များတွင် ပိုးလောက်လမ်း မပေါက်ပွားစေရန် လုံခြုံစွာဖုံးအုပ်ထားပါ။

၇။ ဘုရားစင်၊ နတ်စင်များမှ ပန်းအိုးများနှင့် အလှပန်းအိုးများ၊ ရေအိုးများကို ပိုးလောက်လမ်းများကင်းစင်စေရန် နေ့စဉ် တိုက်ချွတ်၍ ရေလဲလှယ်ပေးပါ။

၈။ ဘူးခွံ၊ ပုံးခွံ၊ တာယာဟောင်းများ၊ အိုးခြမ်းပဲ့၊ ပလတ်စတစ်အိတ်၊ အုန်းမှုတ်ခွက်စသည့် မိုးရေတင်ကျန်နိုင်သော နေရာများတွင် ပိုးလောက်လမ်းများ ပေါက်ပွားနိုင်၍ မီးရှို့ခြင်း၊ မြေမြှုပ်ခြင်း ပြုလုပ်၍ ရှင်းလင်းပါ။

၉။ ကျန်းမာရေးဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသော သွေးလွန်တုပ်ကွေး ကာကွယ်ရေးလုပ်ငန်းများ၌ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါ။

၁၀။ ရပ်ကွက်၊ ကျေးရွာများအတွင်း သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးလုပ်ငန်းများဖြစ်သည့် **(ဖုံး၊ သွန်၊ လဲ၊ စစ်)** လုပ်ငန်းများကို ပြည်သူလူထုမှ နေ့စဉ်၊ အပတ်စဉ် ပူးပေါင်းဆောင်ရွက်ပါ။ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသည်ဟု သံသယရှိသော ကလေးများကို ဆေးရုံ၊ ဆေးခန်းများသို့ အချိန်မီပို့ဆောင်ဆေးကုသမှုခံယူရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ပဲခူးမြို့နယ် ရဲတပ်ဖွဲ့မှ သားသမီးများအား ပညာသင်စရိတ်ပေး

ပဲခူး ဇွန် ၂

ပဲခူးမြို့နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်သားသမီးများအား ပညာသင်စရိတ်ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို ပဲခူးခရိုင် သင်တန်းခန်းမ၌ ဇွန် ၂ ရက် နံနက် ၁၀ နာရီတွင်ကျင်းပရာ မြို့နယ်တပ်ဖွဲ့မှူး ရဲမှူးဇော်မင်းနှင့် စခန်းမှူးများ တက်ရောက်ခဲ့ကြသည်။ အခမ်းအနားတွင် ပဲခူးမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်သားသမီး ကျောင်းသား ကျောင်းသူ ၁၂၃ ဦးအတွက် ပညာသင်ထောက်ပံ့ငွေ စုစုပေါင်းတန်ဖိုးငွေကျပ် ၆၉၀၂၀၀ အား ရဲမှူးဇော်မင်းက ပေးအပ်ခဲ့ကြောင်း သိရသည်။

သန့်စင်

ပြည်တွင်းသတင်း

✻ ရှေ့ဖုံးမှ

ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့တာ အားလုံးအသိပဲဖြစ်ပါတယ်။

တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနဲ့ တရားဥပဒေစိုးမိုးရေးတို့အတွက် အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ အောင်မြင်မှုများရှိခဲ့သလို မမျှော်လင့်တဲ့အခက်အခဲများ၊ စိန်ခေါ်မှုများနဲ့လည်း ရင်ဆိုင်တွေ့ကြုံခဲ့ရပါတယ်။ သို့သော်လည်း ဒီအခက်အခဲနဲ့ စိန်ခေါ်မှုများကို မိမိတို့တာဝန်ယူစဉ်ကာလအတွင်း ပြည်သူများရဲ့ ဆန္ဒနဲ့အညီ အတတ်နိုင်ဆုံး ဖြေရှင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

နိုင်ငံရေးနဲ့စီးပွားရေးဟာ ခွဲခြားလို့မရတဲ့ ကွင်းဆက်ဖြစ်ပါတယ်။ နိုင်ငံရေးတည်ငြိမ်မှသာ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မှာဖြစ်ပြီး လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှသာ နိုင်ငံရေးလည်း တည်ငြိမ်မှာဖြစ်ပါတယ်။ သို့မှသာ မိမိတို့သွားလိုတဲ့ ဒီမိုကရေစီပန်းတိုင်ကို ရှေ့ဆက်ပြီး တက်လှမ်းနိုင်ကြမှာ ဖြစ်ပါတယ်။

မိမိတို့နိုင်ငံမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်နိုင်တဲ့ အခြေခံကောင်းတွေရှိပါတယ်။ နိုင်ငံအကျယ်အဝန်းနဲ့ လူဦးရေ သင့်တင့်မျှတစွာရှိပြီး ရာသီဥတုကောင်းမွန်ခြင်း၊ စိုက်ပျိုးမြေများအလုံအလောက်ရှိခြင်း၊ လုပ်အားများလည်း အပြည့်အဝရှိသည့်အပြင် သစ်တော၊ သားငါး၊ သတ္တု၊ ရေနံ၊ သဘာဝဓာတ်ငွေ့စတဲ့ သဘာဝအရင်းအမြစ်များလည်း ပေါကြွယ်ဝတဲ့နိုင်ငံဖြစ်ပါတယ်။

သို့သော်လည်း ကျွန်တော်တို့နိုင်ငံဟာ အဆင်းရဲဆုံးစာရင်းဝင်(LDC) နိုင်ငံဖြစ်နေပါတယ်။ ဒီဘဝက လွတ်မြောက်အောင် ကျွန်တော်တို့ ကြိုးစားကြရပါမယ်။ လောလောဆယ်မှာ တိုင်းပြည်ချမ်းသာရေးထက် ဆင်းရဲနွမ်းပါးမှုနှုန်းလျှော့ချနိုင်ရေးဟာ ဦးစားပေးဆောင်ရွက်ရမယ့်ကိစ္စ ဖြစ်တာကြောင့် ကျွန်တော်တို့အစိုးရ တက်လာလာချင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစီမံချက်ကို ပညာရှင်များနဲ့ တိုင်ပင်ရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။

ဒီလုပ်ငန်းစဉ်ထဲမှာ သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုတဲ့ လုပ်ငန်းနှစ်ရပ်ပါဝင်ပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ ကျေးလက်နေပြည်သူများဟာ လူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းခန့်ရှိပြီး လယ်ယာလုပ်ငန်းနဲ့ လယ်ယာလုပ်ငန်းပေါ်မှာ အခြေပြုနေရတဲ့ လက်လုပ်လက်စားများဖြစ်ပါတယ်။ မြို့ပေါ်ရပ်ကွက်များမှာလည်း ရရာလုပ်ငန်းပေါ်မှာ တည်မှီပြီး တစ်နေ့လုပ်မှ တစ်နေ့စားရတဲ့ နေ့စားလုပ်သားများ၊ ကိုယ်ပိုင်ဆိုင်တဲ့ပစ္စည်းမရှိလို့ အငှားလုပ်ကိုင်ပြီး မိမိရှာဖွေရသမျှကို ပိုင်ရှင်သို့ ခွဲဝေပေးနေရတဲ့လုပ်သားများ၊ ငွေအရင်းအနှီးမရှိလို့ နေ့စဉ်၊ လစဉ် မတန်တဆ အတိုးကြီးပေးပြီး ငွေချေးငှား ရင်းနှီးစားနေရတဲ့ သူများဟာ အဆင်းရဲဆုံးသူများ ဖြစ်နေပါတယ်။

ဆင်းရဲနွမ်းပါးမှု လျှော့ချနိုင်ရေးအတွက် သမဝါယမအသင်းအဖွဲ့ အဆင့်ဆင့်ထူထောင်ပြီး သူတို့လိုအပ်နေတဲ့ ငွေကြေးအရင်းအနှီး၊ ပစ္စည်းအရင်းအနှီးနဲ့ ဈေးကွက်တို့ကို ဖန်တီးပေးခြင်းအားဖြင့် ပုံမှန်ဝင်ငွေများ ရရှိလာပြီး နေနိုင်စားနိုင်သည့်အဆင့်မှ ပညာရေး၊ ကျန်းမာရေးအတွက်ပါ လိုက်လျောညီထွေ ယှဉ်တွဲတိုးတက်လာနိုင်မှာ ဖြစ်ပါတယ်။

ယခု သမဝါယမဝန်ကြီးဌာနအောက်မှာ အသင့်ဖွဲ့စည်းပြီး ရှိနေတဲ့ သမဝါယမအသင်း အဆင့်ဆင့်နဲ့ အသေးစားငွေကြေး (Microfinance) လုပ်ငန်းတို့ဟာ ကျွန်တော်အထက်က ပြောကြားခဲ့တဲ့ ငွေကြေးအရင်းအနှီး၊ ပစ္စည်းအရင်းအနှီးနဲ့ ဈေးကွက်တို့ကို ဖန်တီးပေးနိုင်မှာဖြစ်တဲ့အတွက် ဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်ရေးအတွက် ထိရောက်တဲ့လုပ်ငန်းတစ်ရပ်ဖြစ်ပါကြောင်း ချီးကျူးပြောကြားလိုပါတယ်။

ကျွန်တော်တို့အစိုးရအဖွဲ့အနေနဲ့လည်း ပြည်တွင်းပြည်ပမှ ရရှိတဲ့ ထောက်ပံ့ငွေ ချေးငွေအကူအညီများဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးမည့်အပြင် အကြောင်းကြောင်းကြောင့် လယ်ယာများဆုံးရှုံးခဲ့ကြတဲ့ တောင်သူလယ်သမားများအတွက် ဥပဒေနဲ့အညီ သက်ဆိုင်ရာအဖွဲ့အစည်းများနဲ့ ညှိနှိုင်းဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

အသေးစားငွေကြေး လုပ်ငန်းဟာ ပြည်သူတွေ လတ်တလောသက်သာချောင်ချိစေရုံသာမက နောင်အနာဂတ်မှာပါ ပြည်သူတွေမိမိခြေထောက်အပေါ် မိမိရပ်တည်နိုင်အောင် မျှော်မှန်းဆောင်ရွက်ပေးတာဖြစ်တဲ့အတွက် ပြည်သူတွေအပိုင်းကလည်း မိမိတို့ရရှိတဲ့ချေးငွေများကို မိမိတို့ရဲ့လုပ်ငန်းများမှာ မှန်မှန်ကန်ကန်ထိထိရောက်ရောက် အသုံးပြုကြဖို့နဲ့ သတ်မှတ်ကာလစေ့တဲ့အခါ ချေးငွေများကို မှန်မှန်ကန်ကန် ပြန်လည်ပေးဆပ်ကြဖို့ လိုအပ်ပါတယ်။

တစ်ဦးချင်းတာဝန်ယူမှု၊ ဝိုင်းကြီးချုပ်အဖွဲ့စနစ်ဖြင့် တာဝန်ယူမှု၊ သမ

ကြည့်ရှုစစ်ဆေး နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) ဝင်းအတွင်း ခင်းကျင်းပြသထားသည့် ဝန်ကြီးဌာနများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ပြခန်းများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

❁ ကျောဖုံးမှ

ထင်မြင်ယူဆချက်များကို တစ်ဆက်တည်းမေးမြန်း၍ ကောက်နုတ်စုစည်းတင်ပြလိုက်ရပါသည်။

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ပိတောက်ကွေ့သယ်ယူပို့ဆောင်ရေး သမဝါယမအသင်းမှ အသင်းသား ဦးမြင့်ရွှေ

သမဝါယမဝန်ကြီးဌာနအနေနဲ့ ယနေ့အခါမှာ အခြေခံပြည်သူတွေရဲ့ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနဲ့ လက်လုပ်လက်စားများအတွက် အမှန်တကယ် လိုအပ်နေတဲ့ အရင်းအနှီးငွေများကို အတိုးနှုန်းသက်သာစွာဖြင့် Microfinance လုပ်ငန်းနဲ့ ငွေထုတ်ချေးပေးတဲ့အတွက် ရန်ကုန်တိုင်းဒေသကြီး အတွင်းမှာရှိတဲ့ သမဝါယမအသင်းသားများဟာ ပြင်ပမှ အတိုးကြီး ချေးနေရတဲ့ ဘဝကနေ သက်သာမှုရလာတာကို ကိုယ်တွေ့ခံစားနေကြရပြီ ဖြစ်ပါတယ်။

ဒီအခမ်းအနားမှာလည်းအသင်းသားပေါင်း ၃၉၆၀၉ ဦးအား ချေးငွေကျပ် ၂ ဒသမ ၃ ဘီလီယံကျော် ထုတ်ချေးပေးခြင်း၊ လယ်ယာသုံးစက်ကိရိယာ အစီးပေါင်း ၂၀၉ စီး၊ မော်တော်ယာဉ် ၅၃ စီး၊ အပ်ချုပ်စက် ၆၈၃ လုံး၊ အနှေးယာဉ် ၁၈၀ စီးအား အရစ်ကျငွေချေစနစ်ဖြင့် ထုတ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးတဲ့အတွက် အသင်းသားပြည်သူတွေ လက်တွေ့အကျိုးခံစားကြရမှာ ဖြစ်ပါတယ်။

ဒီလုပ်ငန်းစဉ်ဟာ ရန်ကုန်တိုင်းဒေသကြီး တစ်ခုတည်းသာမကဘဲ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ဆောင်ရွက်ပေးနေတယ်ဆိုတာကို သိရလို့လည်း ကျွန်တော်တို့တစ်နိုင်ငံလုံးမှာရှိတဲ့ အသင်းသားပြည်သူတွေဟာ မကြာသောကာလမှာ

သန်းထွန်းဇော်
(ဒဂုံဆိပ်ကမ်းမြို့နယ်)
အောင်နိုင်ဖြိုးငွေစုငွေချေးအသင်း

ဆင်းရဲမှုဘဝက လွတ်မြောက်ကြတော့မှာဖြစ်တယ်လို့ မျှော်မှန်းပြီး ဝမ်းမြောက်ပီတိ ဖြစ်မိပါတယ်။

ဦးမျိုးကျော် အတွင်းရေးမှူး ပိတောက်ကွေ့ခရီးသည် သယ်ယူပို့ဆောင်ရေး သမဝါယမအသင်း ဒဂုံမြို့သစ် ဆိပ်ကမ်းမြို့နယ်

ပရိဘောဂစ်ကား တန်ဖိုးကတော့ ၁၀၅ သိန်းပေါ့။ ကျွန်တော်တို့က တစ်စီးကို ရင်းနှီးမြှုပ်နှံမှု သိန်း ၂၀ ထည့်ပါတယ်။ ထည့်ပြီးတဲ့အခါ သမဝါယမဘဏ်က ၈၅ သိန်းငွေ ထုတ်ချေးပြီးတော့ ဝန်ဆောင်မှုပေးပါတယ်။ အဲဒီနောက် သူတို့ကိုတစ်ရက် တစ်သောင်း တစ်လ သုံးသိန်းနှုန်းနဲ့ ၃၆ လ (သုံးနှစ်) ပြန်ဆပ်လိုက်ရင် အရင်းကျေကာလကို ရောက်ပါပြီ။ အသင်းသူ အသင်းသား ၅၃ ဦးကို ယာဉ် ၅၃ စီး ရောင်းပေးပါတယ်။ ၈၅ သိန်းကို အရင်းကျေကာလ သုံးနှစ်ဆပ်ပြီးရင် သူတို့ကိုယ်ပိုင်ဖြစ်ပြီပေါ့။

အရင်သမဝါယမစနစ်တုန်းကတော့ ဒါမျိုးမရှိခဲ့ပါဘူး။ အခုလက်ရှိ သမဝါယမစနစ်မှာတော့ ဒီမိုကရေစီခေတ်မှာ အစိုးရသစ်တက်လာတဲ့အခါ ကျွန်တော်တို့အရစ်ကျ ဝယ်ယူခွင့်တွေ ရရှိလာပါတယ်။ ဒီလို ဝယ်ယူခွင့်ရရှိလာတဲ့အခါ လက်ရှိယာဉ်မောင်းတစ်ဦးဟာ အုံနာခပေးပြီး မောင်းမယ်ဆိုရင်လည်း တစ်ရက်ကို ငွေကျပ်တစ်သောင်းနှုန်းပေးရတယ်။ အဲဒီအခါပိုက်ဆံရှာတဲ့အခါ အုံနာခကို အရင်ရှာတယ်။ ဆီဖိုးရှာတယ်။ ပြီးတော့မှ မိသားစုအတွက်ရှာရတယ်။ အခုအရစ်ကျစနစ်မှာတော့ တစ်နေ့ကို ငွေကျပ်တစ်သောင်းပဲ သွင်းရတယ်။ အဲဒီလိုသွင်းလို့ သုံးနှစ်ကြာတဲ့အခါ ယာဉ်မောင်းဘဝကနေ ယာဉ်ပိုင်ရှင်ဘဝကို ရောက်သွားမှာပါ။ အဲဒီလို ယာဉ်မောင်းဘဝကနေ ယာဉ်ပိုင်ရှင်ဖြစ်သွားတဲ့အတွက် လူမှုဘဝ တိုးတက်မြင့်မားလာပါတယ်။ ဆင်းရဲနွမ်းပါးမှု လျှော့ချတဲ့ အနေအထားလည်းဖြစ်တယ်။

ဒေါ်အေးအေးဝင်း
(၂၈) ရပ်ကွက်
ဒဂုံမြို့သစ်(မြောက်ပိုင်း)

ကျွန်တော်တို့ အောက်ခြေ ပြည်သူတွေကို ကူညီပံ့ပိုးရာရောက်ပါတယ်။

အရစ်ကျစနစ်ဖြင့် ပံ့ပိုးရောင်းချပေးသည့် အနှေးယာဉ်ဆိုက်ကားများ။

အသင်းသား ၁၄၂ ဦးရှိပါတယ်။ ထပ်ပြီး ကျယ်ပြန့်စွာဖွဲ့စည်းဖို့လည်း အစီအစဉ်ရှိပါတယ်။

သန်းထွန်းဇော်(ဒဂုံဆိပ်ကမ်းမြို့နယ်) အောင်နိုင်ဖြိုးငွေစုငွေချေးအသင်း

အခုစံပြအနေနဲ့ ကျွန်တော်တို့ အသင်းဝင်တွေကို ဦးစားပေးပြီးတော့ ဒဂုံဆိပ်ကမ်းမြို့နယ်မှာ ၂၃ စီး ထုတ်ပေးတယ်။ နှစ်နှစ်အကျေဆပ်ရမယ်။ နှစ်နှစ်ဆိုရင် ကိုယ်ပိုင်ဖြစ်သွားပြီ။ လိုင်စင်ရော ဘာရောအပြီးအစီးဆိုရင် သုံးသိန်းကျော်ကျော် လောက်ကျသွားမယ်။ နှစ်နှစ်အတွင်းမှာ အရစ်ကျစနစ်နဲ့ သုံးသိန်းအပြီးဆပ်ရမယ်ဆိုတော့ အဆင်ပြေတာပေါ့။ အရင်ကအုံနာကို တစ်လကို ၂၁၀၀၀ ပေးရတယ်။ ပျက်လို့ပြင်ရတာ သူတစ်ဝက် ကိုယ်တစ်ဝက် ဆိုပေမယ့်လည်း ကျွန်တော်တို့ပဲ ကျခံရတာများတယ်။

ကျေးဇူးတင်တာပေါ့ဗျာ။ ကျွန်တော်တို့ ဆိုက်ကားနင်းလာတာ ကြာပြီ။ ဒီလို ကိုယ်ပိုင်ဖြစ်ဖို့ဆိုတာ မလွယ်ဘူး။ ကျွန်တော်တို့နင်းလာတာပဲ လေး၊ ငါးနှစ် ရှိနေပြီ။ အခုအချိန်အထိ ကိုယ်ပိုင်မဖြစ်သေးဘူး။ ဒီလိုအရစ်ကျ ဝယ်ခွင့်ရတော့ ကိုယ်ပိုင်ဖြစ်ပြီပေါ့ဗျာ။

ဒေါ်အေးအေးဝင်း (၂၈) ရပ်ကွက် ဒဂုံမြို့သစ်(မြောက်ပိုင်း)

ကျွန်မတို့က အပ်ချုပ်စက်ယူထားတာပါ။ ရှစ်သောင်းခွဲနဲ့ပါ။ တစ်လကို ငွေကျပ် ၇၇၂၀ နဲ့ တစ်နှစ် ဆပ်ရပါမယ်။ အရင်က သူများဆီက ငှားပြီး ချုပ်တုန်းက တစ်လကို ငွေကျပ် တစ်သောင်းခွဲပေးရတယ်။ အဲဒီတုန်းက မကိုက်ပါဘူး။ အခုတော့ တစ်နှစ် အကျေဆပ်ရမှာဆိုတော့ ကျေတာပေါ့။ ပျော်စရာကြီးပေါ့။ ဒီလိုဆောင်ရွက်ပေးတာ အကောင်းဆုံးပေါ့။ ကိုယ်ပိုင်မရှိသေးတဲ့သူတွေ ရှိသွားရင် အားလုံးအဆင်ပြေတာပေါ့။ အဲဒီလို အဆင်ပြေသွားရင် ချေးငှားတာတွေ ပျောက်သွားမယ်။ ဒီလိုအရစ်ကျစနစ်နဲ့ ရောင်းချပေးတာ အလွန်ကို သဘောကျပါတယ်။

ဦးထွန်းအေး ဒုတိယဥက္ကဋ္ဌ အသေးစားကျော်သမဝါယမအသင်း (၁၀၅)ရပ်ကွက် တောင်ဒဂုံမြို့နယ်

ဆင်းရဲနွမ်းပါးတဲ့သူတွေကို အခုလို ငွေထုတ်ချေးပေးတာတို့၊ ဆိုက်ကားနင်းသားဘဝကနေ ကိုယ်ပိုင်ဘဝရောက်သွားတာတို့၊ ယာဉ်မောင်းတွေ ယာဉ်ပိုင်ရှင်ဖြစ်သွားတာတို့ ဒါ အင်မတန် ဝမ်းသာစရာကောင်းပါတယ်။

ဦးမြင့်အောင် ဒုတိယညွှန်ကြားရေးမှူး သမဝါယမဝန်ကြီးဌာန သတင်းထုတ်ပြန်ရေးတာဝန်ခံ

ငွေချေးသူများက ပြန်လည်ပေးဆပ်ရာမှာ အရင်းငွေနဲ့အတူ ဝန်ဆောင်စရိတ် ၂ ကျပ် ၅ ပြားနှုန်းပါ ပေးဆပ်ရမှာ ဖြစ်ပါတယ်။ အဲ့ဒီ ဝန်ဆောင်စရိတ် ၂ ကျပ် ၅ ပြား အနက် သက်ဆိုင်ရာ အခြေခံသမဝါယမအသင်းက ၇၅ ပြား၊ မြို့နယ်သမဝါယမအသင်းစုက ၄၀ ပြားနဲ့ တိုင်းဒေသကြီး/ ပြည်နယ် သမဝါယမအသင်းစုချုပ်က ၁၀ ပြားစီ ရရှိမှာဖြစ်ပြီးကျန် ၁ ကျပ်၂၅ ပြားကို Microfinance Bank က ရယူမှာဖြစ်ပါတယ်။ ဒါကြောင့် ယူ

ပြည်တွင်းသတင်း



ဝါယမအသင်းများက တာဝန်ယူမှုတို့ဖြင့် ပေါင်းစပ်ပြီးချေးငွေများ ဆုံးရှုံးမသွားရအောင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ဒီ အသေးစားငွေချေးလုပ်ငန်းဟာတချို့ နိုင်ငံတွေမှာအောင်မြင်နေသလိုဆုံးရှုံးမှုများလည်း ကြုံတွေ့ရတဲ့အတွက် အောင်မြင်မှု၊ ဆုံးရှုံးမှုတွေကို လေ့လာပြီး ရေရှည်တည်တံ့ခိုင်မြဲတဲ့လုပ်ငန်းဖြစ်အောင် သတိပြုဆောင်ရွက်သွားကြဖို့ တိုက်တွန်းပြောကြားပါတယ်။

သမဝါယမလုပ်ငန်းဟာ တိုင်းပြည်ရဲ့ ဒုတိယစီးပွားရေးမဏ္ဍိုင်ဖြစ်ပါတယ်။သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် မှန်ကန်တဲ့မူဝါဒတွေချမှတ်ပြီး သမဝါယမအသင်းတွေကိုအဆင့်တိုးမြှင့်ဖွဲ့စည်းသွားကြရပါမယ်။ ကုန်ထုတ်လုပ်မှု၊ ကုန်သွယ်မှု၊ စက်မှုလယ်ယာစတဲ့ သမဝါယမအသင်းများ ထူထောင်ပြီး တိုင်းပြည်ရဲ့စီးပွားရေးကို ထောက်ကူပေးရမှာဖြစ်ပါတယ်။ အမေရိကန်၊ အိန္ဒိယ၊ ဂျပန် စတဲ့နိုင်ငံတွေမှာ သမဝါယမအသင်းတွေ အောင်မြင်နေတာကို နမူနာယူပြီး မိမိတို့နိုင်ငံမှာလည်း အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ကြရမှာဖြစ်ပါတယ်။

အတိတ်က သမဝါယမအသင်းများရဲ့ ကောင်းမွေ ဆိုးမွေတွေကို သင်ခန်းစာယူပြီး မိမိတို့လက်ထက်မှာ အခြေခံလူတန်းစားများဘဝ မြင့်တက်လာအောင်၊ဆင်းရဲနွမ်းပါးမှုနှုန်း လျော့နည်းကျဆင်းသွားအောင် တိုင်းပြည်စီးပွားရေးကို တစ်ဖက်တစ်လမ်းမှ ထောက်ကူပေးနိုင်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြပါရန် တိုက်တွန်းပြောကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ဝန်ကြီးဌာနအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေးအတွက်အသေးစားချေးငွေထုတ်ပေးခြင်းနှင့် သမဝါယမအသင်းများ အဆင့်မြှင့်တင်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက တိုင်းဒေသကြီးအတွင်းပြည်သူများ အလုပ်အကိုင်ရရှိရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြကြပြီး တိုင်းဒေသကြီးအတွင်းရှိ သမဝါယမအသင်းများသို့ ပံ့ပိုးချေးငွေများကို ပေးအပ်ကြသည်။

ဆက်လက်၍ ဗဟိုသမဝါယမအသင်းနှင့် သမဝါယမဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးခင်မောင်အေးက သမဝါယမဝန်ကြီးဌာန ဗဟိုသမဝါယမအသင်းနှင့် သမဝါယမလီမိတက်တို့ ပေါင်းစပ်၍ အရစ်ကျစနစ်ဖြင့် ပံ့ပိုးပေးသည့် လယ်ယာသုံးစက်ကိရိယာများ၊ မော်တော်ယာဉ်များ၊ အငှားယာဉ်ဆိုက်ကားများနှင့် အပ်ချုပ်စက်များအား သမဝါယမအသင်းများသို့ ပေးအပ်ခဲ့ပြီး ပိတောက်ကွေ့သယ်ယူပို့ဆောင်ရေးသမဝါယမအသင်းမှ အသင်းဝင်ဦးမြင့်ရွှေက ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ပေါင်း ၄၄ မြို့နယ်၊ သမဝါယမအသင်းပေါင်း ၅၇၇ သင်း၊ အသင်းသားဦးရေ ၁၉၆၀၉ ဦးအတွက် ပထမအကြိမ် တာဝန်ကျေ ပြန်လည်ပေးဆပ်ပြီးဖြစ်သဖြင့် ဒုတိယအကြိမ် ထပ်မံထုတ်ချေးငွေအဖြစ် ထုတ်ချေးငွေကျပ် ၂၃၃၆၆ ဒသမ ၄ သိန်းကို ထုတ်ချေးပေးခဲ့သည်။

ထို့အတူ မြို့နယ်ပေါင်း ၃၈ မြို့နယ်ရှိ အသင်းပေါင်း ၁၁၄ သင်းသို့ စုစုပေါင်းငွေကျပ် ၉၂၆၈ ဒသမ ၂၀၁၅ သိန်းတန်ဖိုးရှိ လယ်ယာသုံးစက်ကိရိယာ ၂၀၉ စီး၊ မော်တော်ယာဉ် ၅၃ စီး၊ အငှားယာဉ် ဆိုက်ကားစီးရေ ၁၈၀ နှင့် အပ်ချုပ်စက် ၆၈၃ လုံးတို့အား အရစ်ကျစနစ်ဖြင့် ပံ့ပိုးပေးခဲ့သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတသည် အမျိုးသားအားကစားပြိုင်ပွဲရုံ (၁)ဝင်းအတွင်း ခင်းကျင်းပြသထားသည့် သမဝါယမဝန်ကြီးဌာန၏

ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း သမဝါယမအသင်းများသို့ ပံ့ပိုးချေးငွေများ ပေးအပ်စဉ်။ (သတင်းစဉ်)

လှုပ်ရှားမှုဓာတ်ပုံပြခန်း၊ ဝန်ကြီးဌာနများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ သမဝါယမအသင်းများ အဆင့်မြှင့်တင်ရာတွင် လိုအပ်သည့် စက်ကိရိယာများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာသွင်းအားစုများနှင့် နည်းပညာများဆိုင်ရာ ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးပြီး အရစ်ကျစနစ်ဖြင့် ဝယ်ယူခဲ့သည့် အငှားယာဉ်မောင်းများနှင့် အငှားယာဉ်လုပ်သားများအား တွေ့ဆုံ၍ နိုင်ငံတော်က မတည်ရင်းနှီးပေးသဖြင့် ရရှိလာသည့် အခွင့်အရေးကို မိမိလူမှုစီးပွားဘဝအကျိုးရှိအောင်၊ ပြည်သူများလည်း အကျိုးရှိအောင် ဆောင်ရွက်သွားကြရန်နှင့် အသင်းကမတည်ပေးသည့် အရင်းအနှီးများကိုလည်း သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့်အညီ မှန်မှန်ပေးဆပ်သွားရန်စသည်ဖြင့် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးမှာကြားသည်။

သမဝါယမဝန်ကြီးဌာနသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေးအတွက် ဦးတည်ချက်နှစ်ရပ်နှင့် လုပ်ငန်းစဉ် ငါးရပ်ကိုချမှတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ လုပ်ငန်းစဉ်ငါးရပ်တွင် တစ်ခုအပါအဝင်ဖြစ်သည့် အသေးစားချေးငွေလုပ်ငန်းကိုဆောင်ရွက်ရာတွင် ပြည်သူများအတွက် လတ်တလောသက်သာချောင်ချိမှု ရရှိစေရုံသာမက နောင်လေးနှစ်၊ ငါးနှစ်အတွင်းတွင် ငွေချေးရန်မလိုအပ်တော့ဘဲ မိမိဘာသာရပ်တည်လာနိုင်အောင် (Sustainable Development ဖြစ်အောင်) အထိပါ မျှော်မှန်းဆောင်ရွက်ပေးနေခြင်းဖြစ်သည်။

လိုအပ်ငွေများ စုဆောင်းရရှိနိုင်ရေးအတွက် Microfinance Bank ဖွင့်လှစ်ထူထောင်သွားမည်ဖြစ်ပြီး နိုင်ငံတကာမှ အကူအညီများနှင့် ချေးငွေများရရှိရေးကိုလည်း ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်သည်။ ထို့အတူ နိုင်ငံ့စီးပွားရေးကို ထိရောက်စွာ အထောက်အကူပြုနိုင်ရန်နှင့် အသင်းသားများ၏ လူမှုစီးပွားဘဝမြှင့်တင်ပေးနိုင်ရန်အတွက် သမဝါယမအသင်းများကိုလည်း အဆင့်မြှင့်တင်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ရန်ကုန် တိုင်းဒေသကြီးတွင် မြို့နေပြည်သူလူထု ၇၀ ရာခိုင်နှုန်းရှိသဖြင့် မြို့နေပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်း ဖော်ဆောင်နိုင်ရန် အလုပ်အကိုင် အခွင့်အလမ်းများဖော်ဆောင်ရေး ဆပ်ကော်မတီကို သီးခြားဖွဲ့စည်းထားပြီး မြို့ရော ကျေးလက်ပါ အလုပ်အကိုင်ရရှိအောင် စီမံဆောင်ရွက်ပေးလျက်ရှိသည်။ တိုင်းဒေသကြီးအတွင်း သမဝါယမဝန်ကြီးဌာန အစီအစဉ်ဖြင့် အသေးစားချေးငွေများထုတ်ချေးပေးသကဲ့သို့ သမဝါယမအသင်း ဖွဲ့စည်းနိုင်ခြင်းမရှိသေးသည့် ရပ်ကွက်ကျေးရွာများတွင် လုပ်ငန်းအမျိုးအစားအလိုက် အစုအဖွဲ့များ ဖွဲ့စည်းပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် အသေးစားချေးငွေလုပ်ငန်းကို ဆောင်ရွက်လျက်ရှိသည်။ ယင်းအစုအဖွဲ့များကိုလည်း သမဝါယမအသင်းများအဖြစ် ပြောင်းလဲဖွဲ့စည်းပြီး အသေးစားချေးငွေလုပ်ငန်းကို ဆက်လက်လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ဗဟိုသမဝါယမအသင်းနှင့် သမဝါယမဘဏ် လီမိတက်ဥက္ကဋ္ဌ ဦးခင်မောင်အေး အရစ်ကျစနစ်ဖြင့် ပံ့ပိုးပေးသည့် ပစ္စည်းများအတွက် သမဝါယမအသင်းများသို့ ပေးအပ်စဉ်။ (သတင်းစဉ်)

ထားတဲ့ ဝန်ဆောင်စရိတ်(သို့)အတိုး ၂ ကျပ် ၅၀ ပြားအနက် တစ်ဝက်ဖြစ်တဲ့ ၁ ကျပ် ၂၅ ပြားကို ပြည်သူများရဲ့ သမဝါယမအသင်းများ တောင့်တင်းရေးအတွက် ပြန်လည်ပေးဆပ်ခဲ့တာဖြစ်လို့ အမှန်တကယ်အားဖြင့် ဝန်ဆောင်စရိတ်(သို့)အတိုး ၁ ကျပ် ၂၅ ပြားနဲ့သာ ချေးပေးနေတာဖြစ်ပါတယ်။

ဒီလို ခွဲဝေရယူတဲ့ ဝန်ဆောင်စရိတ်များ သုံးစွဲမှုနှင့်ပတ်သက်ပြီး ရှင်းပြရလျှင် Microfinance Bank ကရရှိတဲ့၁ ကျပ် ၂၅ ပြားနှုန်းအနက် ဘဏ်မှာငွေစုဆောင်းတဲ့ အစုရှင်များကို ၈၃ ပြားနှုန်းအတိုးပေးသွားမှာဖြစ်ပါတယ်။ ကျန်တဲ့ ၄၂ ပြားနှုန်းကို Microfinance Bank များ ထူထောင်ခြင်း၊ အုပ်ချုပ်မှုကိစ္စများမှာသုံးစွဲခြင်း၊ သဘာဝဘေးကြောင့် ဆုံးရှုံးမှုများအတွက် ရန်ပုံငွေလျာထားခြင်းနဲ့ ဘဏ်ဥပဒေနဲ့အညီ အခြားရန်ပုံငွေများ လျာထားခြင်းတို့မှာ သုံးစွဲရမှာဖြစ်ပါတယ်။ထို့အတူ တိုင်းဒေသကြီး/ ပြည်နယ် သမဝါယမအသင်းစုချုပ်များက ရရှိတဲ့ ၁၀ ပြားကို Microfinance လုပ်ငန်းများ အောင်မြင်ရေးအတွက် ကြပ်မတ် ပညာပေးလုပ်ငန်းများအတွက် လိုအပ်သောဝန်ထမ်းသစ်များ ခန့်ထားခြင်း၊ သဘာဝဘေးကြောင့် ဆုံးရှုံးမှုအတွက် ရန်ပုံငွေထားခြင်းစတဲ့လုပ်ငန်းများမှာ သုံးစွဲရမှာ ဖြစ်ပါတယ်။ ထို့အတူ မြို့နယ်သမဝါယမအသင်းစုများ ရရှိသော ၄၀ ပြားကို ကျေးရွာများသို့ ကွင်းဆင်း၍ အသေးစားချေးငွေများထုတ်ချေးခြင်း၊ ပြန်လည်ကောက်ခံခြင်း စတဲ့လုပ်ငန်းများဆောင်ရွက်ရာမှာ စားစရိတ်၊ သွားလာစရိတ်၊ စာရွက်စာတမ်း စရိတ်များအတွက် သုံးစွဲမှာဖြစ်ပါတယ်။ ထို့အတူ လိုသောဝန်ထမ်းများ ခန့်ထားခြင်း၊ သဘာဝဘေးဆုံးရှုံးနိုင်မှုများအတွက် ရန်ပုံငွေအဖြစ် လျာထားခြင်းတို့မှာ သုံးစွဲရမှာဖြစ်ပါတယ်။ အခြေခံအသင်းက ရရှိတဲ့ ၇၅ ပြားမှာမူ အခြေခံအသင်းလုပ်ငန်းများအတွက်နဲ့ သဘာဝဘေး ဆုံးရှုံးနိုင်မှုအတွက် ရန်ပုံငွေလျာထားခြင်းတို့မှာ ခွဲဝေသုံးစွဲရမှာဖြစ်ပါတယ်။ ဒါကို ကြည့်ရင် ရယူတဲ့ဝန်ဆောင်စရိတ် (အတိုး)ကို ရေရှည်ဖွံ့ဖြိုးတိုးတက်အောင် (Sustainable Development) ဘယ်လိုသုံးစွဲတယ်ဆိုတာကို တွေ့ရမှာဖြစ်ပါတယ်။

ထို့အတူ အခြေခံသမဝါယမအသင်းများဟာ မိမိတို့အသင်းသားများရဲ့ စုဆောင်းငွေများဖြင့်လည်း အသေးစားချေးငွေလုပ်ငန်းများကို ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ အဲဒီလို မိမိအသင်းရဲ့ ရန်ပုံငွေနဲ့ ဆောင်ရွက်လို့ ရရှိလာတဲ့ ဝန်ဆောင်စရိတ် ၂ ကျပ် ၅၀ ပြားကိုမူ ဗဟိုကရယူခြင်းမပြုဘဲ အခြေခံအသင်းက ၁ ကျပ် ၂၅ ပြားရရှိပြီး စုဆောင်းငွေပိုင်ရှင်အသင်းသားက ကျန်တစ်ကျပ် ရရှိကြမှာဖြစ်ပါတယ်။ နောင်ငွေစုငွေချေးလုပ်ငန်းများ ခိုင်မာတောင့်တင်းလာတဲ့အခါ လက်ရှိရယူနေသော ဝန်ဆောင်စရိတ် ၂ ကျပ် ၅၀ ပြားနှုန်းကိုလည်း လျှော့ချသွားနိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ပိတောက်ကွေ့သယ်ယူပို့ဆောင်ရေးသမဝါယမအသင်းမှ အသင်းဝင်ယာဉ်မောင်းတစ်ဦး- အုံနာခပေးပြီး မောင်းတာနှစ်ပေါင်းများစွာသာကြာလာတယ်။ ကိုယ့်အတွက်ပိုင်ဆိုင်မှုမရဘူး၊ အခုကျွန်တော်တို့ သုံးနှစ်လောက် ကြိုးစားပမ်းစားရှာလိုက်မယ်ဆိုရင် ဒီကားက ကျွန်တော့်ကိုယ်ပိုင်ကားဖြစ်သွားမှာပါ။ လက်ရှိ ၁၀၅ သိန်းကို ကျွန်တော်တို့က သိန်း ၂၀ စိုက်ထုတ်ရပါတယ်။ ကျန်တဲ့ ၈၅ သိန်းကို သမဝါယမဘဏ်က ချေးပေးပါတယ်။ တစ်လကို သုံးသိန်းနဲ့ သုံးနှစ်ဆပ်ရပါမယ်။ ဝန်ထုပ်ဝန်ပိုး အများကြီးမဖြစ်ပါဘူး၊ အရစ်ကျဝယ်ရတာဆိုတော့ ကောင်းပါတယ်။ ယာဉ်မပိုင်ဆိုင်ရသေးတဲ့ လူလည်းပိုင်ဆိုင်သွားမယ်။ လုပ်ရကိုင်ရတာလည်း ပေါ့ပေါ့ပါးပါးနဲ့ သက်သက်သာသာ ဖြစ်သွားမယ်။

ကျွန်တော်တို့တစ်နေ့ ကျပ်တစ်သောင်းနှုန်းနဲ့ အုံနာပေးသလိုပဲ နေ့စဉ်ပေးနေခဲ့ရင် သုံးနှစ်ပြည့်ရင် ကိုယ်ပိုင် ပိုင်ဆိုင်မှုနဲ့ ရပ်တည်နိုင်မယ်ဆိုတော့ ကျွန်တော်တို့ဝမ်းသာပါတယ်။ သမ္မတကြီး အခုလို အခြားပြည်သူတွေအပေါ်မှာ တိုးတက်ဖွံ့ဖြိုးအောင် လုပ်ပေးတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။

မြန်မာနိုင်ငံသားများကိုကာကွယ်စောင့်ရှောက်ရန် မလေးရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးက သံတမန်နည်းလမ်းဖြင့် ဖြေရှင်းဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇွန် ၂

မလေးရှားနိုင်ငံတွင် မေ ၃၀ ရက် နံနက် ၂ နာရီခန့်က ဆာလာရမ်း (Selayang) ဈေးရှိ ဟင်းသီးဟင်းရွက်အရောင်းဆိုင်၌ အလုပ်လုပ်ကိုင်နေသော မြန်မာအလုပ်သမားတစ်ဦး အလုပ်ခွင်မှအပြန်လမ်း၌ အမည်မသိဆိုင်ကယ်သမားတစ်စုမှ ဝိုင်းဝန်းအကြမ်းဖက်တိုက်ခိုက်မှုကြောင့် ဆာလာရမ်းနယ်မြေဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိကြောင်း၊ ယင်းနေ့ ည ၁၀ နာရီ ၁၅ မိနစ်ခန့်တွင် NSK Pasar Borong ၌ အလုပ်လုပ်ကိုင်သူမြန်မာတစ်ဦး အလုပ်ခွင်မှအပြန်လမ်း၌ အလားတူအကြမ်းဖက် တိုက်ခိုက်ခံရသဖြင့် ဆာလာရမ်းနယ်မြေ ဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိကြောင်း၊ မေ ၃၁ ရက်ညပိုင်းတွင်လည်း Pasar Borong အနောက်၌ နေထိုင်သည့် မြန်မာတစ်ဦးကို အမည်မသိ လူတစ်စုက ဝင်ရောက်သတ်ဖြတ်ခဲ့မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဆက်သွယ်ရန်သတိပေး

အဆိုပါ ဖြစ်စဉ်များအရ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ မလေးရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးအနေဖြင့် မိမိနိုင်ငံသားများကို ကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိသည်နှင့်အညီ အိမ်ရှင်နိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ရဲချုပ်ရုံးများသို့ သံတမန်နည်းလမ်းအရ အကြောင်းကြား၍ ကာကွယ်စောင့်ရှောက်ပေးရန် ဆောင်ရွက်ထားပြီးဖြစ်ကြောင်း၊ ထူးခြားမှုရှိပါကလည်း မလေးရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးသို့ ဆက်သွယ်ရန် သတိပေးထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိုးကြိုးစက်ကွင်းမိ၍ အမျိုးသမီးတစ်ဦးသေဆုံး

နတ်မောက် ဇွန် ၂

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် သရက်ချဉ်အုပ်စု ဆတ်ချိုတောင် ရွာသစ်ကုန်းသဲတိုက်တွင် အိမ်တိုင်ကို မိုးကြိုးပစ်ရာမှ အမျိုးသမီးတစ်ဦး ဇွန် ၂ ရက် မွန်းလွဲ ၁ နာရီခွဲခန့်တွင် မိုးကြိုးစက်ကွင်းမိ၍ သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ငရုတ်ခင်းရေလောင်းနေသူ မမြမြစန်းသည် မိုးများရွာသွန်းလာပြီဖြစ်၍ မအေးလှိုင်၏ သဲတိုက်သို့ မိုးခိုရန်အသွား သေဆုံးသွားသူ မအေးလှိုင်ဆိုသူသည် ဆံပင်များထောင်လျက် အိမ်ကြမ်းပြင်၌ မှောက်လျားထိုးလဲကျနေသည်ကိုတွေ့ရှိ၍ မမြမြစန်းသည် ၎င်း၏တဲသို့ပြန်လာပြီး ကျေးရွာအုပ်ချုပ်ရေးမှူးထံ သတင်းပေးပို့၍ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အတူ ရွှေပန်းတောစခန်းမှူးနှင့် တပ်ဖွဲ့ဝင်များလိုက်ပါလျက် သွားရောက်စစ်ဆေးပြီး ဓမ္မတာအတိုင်း သေဆုံးခြင်းဟုတ် မဟုတ် စစ်ဆေးစုံစမ်းလျက်ရှိကြောင်း သိရှိရသည်။

(နတ်မောက်သား)

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက်အတွင်းရှိ လူမှုဝန်ထမ်းဦးစီးဌာန လက်အောက် နန်းထိုက်ရတနာ မူလတန်းကြိုကျောင်း၌ မေ ၃၀ ရက်က သွေးလွန်တုပ်ကွေးရောဂါ အသိပညာပေးဟောပြောပွဲ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာနမှ ဝန်ထမ်းများလာရောက်၍ ပညာပေးဟောပြောစဉ်။ သန်းနိုင်(ဇမ္ဗူသီရိ)

မလေးရှားရောက် မြန်မာအလုပ်သမားတစ်ဦး လုပ်ငန်းခွင်အတွင်း ထိခိုက်သေဆုံး

နေပြည်တော် ဇွန် ၂

မလေးရှားနိုင်ငံ Port Klang MALCONREP DEPOT(M) S/B တွင် အလုပ်လုပ်ကိုင်နေသူ မောင်ဇော်ဝင်း(၃၁ နှစ်)သည် ဇွန် ၁ရက် နံနက် ၂ နာရီက လုပ်ငန်းခွင်အတွင်း ပေ ၂၀ ကွန်တိန်နာမသော ဖော့ကလစ်ယာဉ်မောင်း၍ နောက်ဆုတ်လာစဉ် နောက်မှလာသော ပေ ၄၀ ကွန်တိန်နာမသော ဖော့ကလစ်ယာဉ် ဘရိတ်နင်းရာမှ ပေ ၄၀ ကွန်တိန်နာပြုတ်ကျ၍ ပိမိသေဆုံးခဲ့သည်။

၎င်းသည် ညောင်လေးပင်မြို့နယ် အောင်ကြီးကျေးရွာမှဖြစ်ပြီး မလေးရှားနိုင်ငံသို့ ၂၀၁၀ ခုနှစ် စက်တင်ဘာ ၁၀ ရက်က သွားရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းစက်ရုံတွင် မြန်မာအလုပ်သမား ၃၀ ခန့်ရှိကြောင်း၊ အလုပ်ရှင်က ၎င်း၏ ရုပ်ကလာပ်အား Klang ဆေးရုံရေခဲတိုက်သို့ ပို့ဆောင်ပေးထားကြောင်း သိရသည်။

သေဆုံးခဲ့မှုနှင့် ပတ်သက်၍ သေဆုံးသူ၏မိဘများထံ ဆက်သွယ်အကြောင်းကြားပြီး စေလွှတ်ခဲ့သော မြတ်ဆွေမွန်ကုမ္ပဏီသို့ ဆက်သွယ်၍ ခံစားခွင့်များ ရရှိနိုင်ရေး ကူညီဆောင်ရွက်ပေးရန် အကြောင်းကြားပြီးဖြစ်ကြောင်း အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

သဘာဝစိမ့်စမ်းရေကို ပိုက်ဖြင့် သွယ်တန်းလှူဒါန်း

အင်းတော် ဇွန် ၂

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် နန့်စီးအောင် ပေကုန်းကျေးရွာတွင် နန့်သဲလိန် သဘာဝစိမ့်စမ်းရေကို ပိုက်ဖြင့်သွယ်တန်းလှူဒါန်းခြင်းကို မေ ၃၁ ရက်က ပြုလုပ်ခဲ့သည်။ **(ယာပုံ)**

အဆိုပါ နန့်သဲလိန် သဘာဝစိမ့်စမ်းရေသည် နန့်စီးအောင် ပေကုန်းကျေးရွာမှ တစ်မိုင်ခန့်ကွာဝေးသော နေရာတွင် တည်ရှိသည်။ သဘာဝစိမ့်စမ်းရေကို ပေကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်းသို့ ၂၀၁၂ ခုနှစ်က ပိုက်ဖြင့် သွယ်တန်းခဲ့သည်။ ပေကုန်းဘုန်းတော်ကြီးကျောင်းမှတစ်ဆင့် ကျောင်းထိုင်ဆရာတော် ဦးစာရိန္ဒက ဦးစီးဆောင်ရွက်ပြီး ကျေးရွာအတွင်းရှိ အိမ်ခြေ ၁၅ အိမ်ကို ရေအလှူပေးဝေခဲ့သည်။

ယခုအခါ နန့်စီးအောင် သစ်ထုတ်ရေးဝင်း(က)နယ်အတွင်းရှိ ဝန်ထမ်းအိမ်ရာငါးအိမ်သို့ ရေအလှူပေးခဲ့သည်။ သဘာဝစိမ့်စမ်းရေကို ၄၊ ၃၊ ၂၊ ၁ လက်မ ရေပိုက်များဖြင့် သွယ်တန်းပေးပြီး ရေပိုက်နှင့် လုပ်အားခများကို သစ်ထုတ်ရေးဝင်း(က)နယ်အတွင်းရှိ ဝန်ထမ်းများက အကုန်ကျခံလှူဒါန်းပြီး ငွေကျပ်ငါးသိန်းခန့် ကုန်ကျမည်ဖြစ်ကြောင်း သိရှိရသည်။

ခင်မောင်ဆွေ(မော်လူး)

သဘာဝဘေးစီမံခန့်ခွဲမှုသင်တန်း ရွှေဘို၌ဖွင့်

ရွှေဘို ဇွန် ၂

ခရိုင်အဆင့် သဘာဝဘေးစီမံခန့်ခွဲမှု အသိပညာပေးနည်းပြသင်တန်းဖွင့်ပွဲအခမ်းအနားကို မေ ၃၀ ရက် နံနက် ၉ နာရီက ရွှေဘိုမြို့ အထက(၁) အစည်းအဝေးခန်းမ၌ကျင်းပရာ ရွှေဘိုခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမြင့်နိုင်က အမှာစကားပြောကြားပြီး စစ်ကိုင်းတိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဒေါ်လှဲ့လှဲ့အေးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် ပို့ချသင်တန်းပေးသွားမည့် သင်တန်းသင်ဘာသာရပ်များကို ရှင်းလင်းတင်ပြသည်။

တက်ရောက်

အဆိုပါ သင်တန်းကို မေ ၃၀ ရက်နှင့် ၃၁ ရက်တို့တွင် နံနက် ၉ နာရီမှ ညနေ ၄ နာရီ မိနစ် ၄၀ အထိ နှစ်ရက်ကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ရာ သင်တန်းသင်ဘာသာရပ်ခေါင်းစဉ်ကိုးခုကို သင်ကြားပေးခဲ့ကြောင်း၊ သင်တန်းသို့ ရွှေဘိုခရိုင်အတွင်းရှိ မြို့နယ်(ခွဲ) ကိုးမြို့နယ်တို့မှ ကြက်ခြေနီ၊ အရန်(သန္ဓေ) မီးသတ်တပ်ဖွဲ့၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မြေစာရင်း၊ တိမွေးကု၊ စည်ပင်၊ ထွေအုပ်တို့မှ သင်တန်းသား သင်တန်းသူ ၈၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ကျော်သူရ

ရေချိုလုံလောက်စွာရရှိ၍ ဒေသခံများ ဝမ်းမြောက်ပျော်ရွှင်

မလှိုင် ဇွန် ၂

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ သောက်သုံးရေခက်ခဲသောကျေးရွာများ၌ ရေပြတ်လပ်မှုမရှိစေရန်နှင့် သန့်ရှင်းသော သောက်သုံးရေလုံလောက်စွာ ရရှိစေရေးအတွက် မန္တလေးတိုင်းဒေသကြီး အစိုးရအစီအစဉ်ဖြင့် စက်ရေတွင်းများတူးဖော်ပေးခြင်း၊ သောက်သုံးရေကန်များဆယ်ပေးခြင်း၊ ဆည်ငယ်၊ ကန်ငယ်များ ပြန်လည်တူးဖော်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

တိုင်းဒေသကြီး အစိုးရအဖွဲ့ အစီအစဉ်ဖြင့် မလှိုင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က တူးဖော်ပေးသော ရေထွက်ကျေးရွာအုပ်စု သဘွတ်ကုန်းကျေးရွာစက်ရေတွင်းမှ သန့်ရှင်းသောသောက်သုံးရေ ရေချိုလုံလောက်စွာရရှိပြီဖြစ်၍ ဒေသခံပြည်သူများ စိတ်ချမ်းမြေ့စွာ သုံးစွဲနေကြပြီဖြစ်သည်။ **(အောက်ပုံ)**

အဆိုပါစက်ရေတွင်းသည် အနက်ပေ ၂၀၀ ရှိ နှစ်လက်မအဝီစိတွင်းဖြစ်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုငွေကျပ် ၃၅ သိန်းဖြင့် တူးဖော်ပေးခြင်းဖြစ်ပြီး ကျေးရွာအိမ်ထောင်စု ၁၁၈စု၊ လူဦးရေ ၆၉၃ ဦးတို့ ရေလုံလောက်စွာရရှိပြီး ရေအခက်အခဲမှကျော်လွှားနိုင်ပြီဖြစ်သည်။ ဒေသခံပြည်သူတို့၏ ရင်တွင်းမှ ပီတိစကားသံကိုလည်း ယခုကဲ့သို့ကြားသိခဲ့ရသည်။

"အဘွားအသက် ၇၀ ကျော်ပါပြီ၊ ဒီရွာမှာ ဘိုးဘွားမိဘလက်ထက်ကတည်းက နေထိုင်လာခဲ့တာပါ။ ရေတစ်အိုးရဖို့ ရွာအနောက်ဘက်မှာရှိတဲ့ ချောင်းထဲကိုသွားပြီးခပ်ရတာဝေးတော့ အချိန်ကုန်ပြီး အတော်ကိုဒုက္ခရောက်ပါတယ်။ အဲဒီဒုက္ခတွေခံစားရလို့ ရေချိုရရင် သေပျော်ပါပြီလို့ ညည်းညူခဲ့တာ၊ အခုတော့ရွာမှာ တကယ်ရေချိုရလို့ သေပျော်ပါပြီ" ဟု အဘွားဒေါ်ခင်စိန်က ပြောပြသည်။

မလှိုင်မြို့နယ်အတွင်း၌ မန္တလေးတိုင်းဒေသကြီးအစိုးရ အစီအစဉ်ဖြင့် နတ်စင်ကုန်းကံရွာ၊ အုန္နဲစု၊ ညောင်ပင်သာ၊ ခေါင်းဆေးကန်၊ သဘွတ်ရုံ၊ ကျောက်တန်း၊ သဘွတ်ကုန်း၊ ဆည်ကွဲ၊ ဘူးတောင်းချောင်း၊ ကျပ်ဆည်ကန်ရွာ၊ လက်ပန်စောက်၊ ပျူကန်၊ ကျင်းရွာ၊ သီးပင်ကုန်း၊ ကျွဲကျောင်း၊ ဘွက်ငယ်၊ ကံသစ်စသည့်ကျေးရွာများ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ခွင့်ပြုငွေကျပ်သိန်း ၈၀၀ ဖြင့် စက်ရေတွင်း ၁၇ တွင်းကို တူးဖော်ပေးခဲ့သည်။

စိုက်ပျိုးရေရရှိရန်အတွက်လည်း ပန်းအိုင်ကျေးရွာ အလယ်ကန်၊ ကြာအိုင်ကန်၊ ရွာကန်ကြီးနှင့် ကျပ်ဖြူကျေးရွာအလယ်ကန်တို့ တာပေါင်မြှင့်တင်ခြင်း၊ ရေထုတ်ပွန်ပြုပြင်ခြင်းတို့အတွက် ခွင့်ပြုငွေကျပ်သိန်း ၁၉၀ ဖြင့် ဆည်ကန်လေးခုကို ပြုပြင်ပေးခဲ့သည်။ထို့အပြင် ရွာဦးကန်၊ မြောက်ကန်၊ တမာပင်ကန်၊ သဘွတ်ကုန်းကန်၊ မုံပင်ကန်၊ ဘုန်းကြီးကန်၊ ကျောက်တွင်းရိုးကန်၊ ခြောက်ပေါက်ကြီးကန်၊ မြင်းတွင်းကန်၊ တောင်ကန်၊ ဘုရားကန်၊ ရွာကန်၊ ဦးသီလကန်၊ သက္ကတောကန်၊ ကန်ပြားကန်စသည့် သောက်သုံးရေကန် ၁၅ ကန်အတွက် ခွင့်ပြုငွေကျပ် ၁၁၇ သိန်းဖြင့် ကန်ဆယ်ပြုပြင်ခြင်း၊ တာတူးခြင်းလုပ်ငန်းများအကောင်အထည်ဖော်လုပ်ကိုင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အောင်ဌေး(မလှိုင်)

လွန်ဆွဲအသင်း လူရွေးချယ်ပြိုင်ပွဲကျင်းပ

မန္တလေး ဇွန် ၂

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် လွန်ဆွဲအားကစားနည်းအား သရုပ်ပြပွဲအဖြစ်ထည့်သွင်းကျင်းပနိုင်ရေးအတွက် တိုင်းဒေသကြီးနှင့်ပြည်နယ် လွန်ဆွဲအားကစားပြိုင်ပွဲကို ရန်ကုန်မြို့၌ ဇူလိုင် ၃ ရက်မှ ၇ ရက်အထိ ကျင်းပမည်ဖြစ်ရာ အဆိုပါပြိုင်ပွဲသို့ မန္တလေးတိုင်းဒေသကြီး လွန်ဆွဲအသင်း အဆင့်မီစွာ ပါဝင်ယှဉ်ပြိုင်နိုင်ရေးအတွက် လူရွေးချယ်ပြိုင်ပွဲကို ဇွန် ၂၈ ရက်တွင် ကျင်းပရန် မန္တလေးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဝေဇင်နှင့် တိုင်းဒေသကြီး/ခရိုင်/မြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး၊ ဦးစီးအရာရှိများနှင့် မန္တလေးခရိုင်အတွင်းရှိ မြို့နယ်များ၊ မြို့တော်စည်ပင်၊ ပြည်တွင်း ကုန်တင်ကုန်ချဦးစီးဌာနတို့မှ တာဝန်ခံအရာရှိများသည် မေ ၃၀ ရက် နံနက် ၉ နာရီခွဲက တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ ညှိနှိုင်းအစည်းအဝေးပြုလုပ်ခဲ့ကြောင်း သိရသည်။

(ဝ၄ဝ)

မန္တလေးမြို့မှ ထွက်ခွာမည့် လေယာဉ်ခရီးစဉ်များ လက်မှတ်ဈေးနှုန်း ၁၀ ရာခိုင်နှုန်းလျှော့ချ

မန္တလေး ဇွန် ၂

ဇွန် ၁ ရက်ကစတင်၍ မုတ်သုံကာလ မန္တလေးမှထွက်ခွာမည့် ခရီးစဉ်များကို လေယာဉ်လက်မှတ်များ ယခင်ဈေးနှုန်းထက် ၁၀ ရာခိုင်နှုန်းလျှော့ချ၍ မြန်မာ့လေကြောင်းက ရောင်းချပေးမည်ဖြစ်ပြီး ဖုန်းဖြင့် ကြိုတင်မှာယူနိုင်ရန် စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။ မြန်မာ့လေကြောင်း (မန္တလေးရုံးခွဲ)မှ လေယာဉ်လက်မှတ်ဈေးနှုန်းများကို မန္တလေးမှ ရန်ကုန်သို့ ငွေကျပ် ၃၅၀၀၀၊ မြစ်ကြီးနားသို့ ငွေကျပ် ၄၈၀၀၀၊ ကလေးသို့ ငွေကျပ် ၄၀၅၀၀၊ ဗန်းမော်သို့ငွေကျပ် ၃၉၀၀၀၊ ခန္တီးသို့ ငွေကျပ် ၅၄၀၀၀၊ ကျိုင်းတုံသို့ ငွေကျပ် ၆၇၅၀၀၊ တာချီလိတ်သို့ ငွေကျပ် ၆၇၅၀၀နှင့် နေပြည်တော်သို့ ငွေကျပ် ၃၁၅၀၀နှုန်းတို့ဖြင့် ရောင်းချပေးမည်ဖြစ်ပြီး ဖုန်းဖြင့်ကြိုတင်မှာယူရာတွင်လည်း ခရီးသွားမည့်ရက်မတိုင်မီ ၁၅ ရက်နှင့် အနည်းဆုံးနှစ်ရက်အတွင်း လေယာဉ်လက်မှတ်ဝယ်ယူနိုင်သည်။

ဈေးနှုန်းသက်သာ

အဆိုပါ ခရီးစဉ်များအားလုံးကို ဈေးနှုန်းလျှော့ချ၍ ရောင်းချပေးခြင်းသည် မန္တလေးနှင့်အထက် မြန်မာပြည်မြို့များတွင် နေထိုင်သော ပြည်သူများ ခရီးသွားလာရာတွင် ဈေးနှုန်းသက်သာမှုရှိစေရန် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ အသေးစိတ်သိရှိလိုပါက မြန်မာ့လေကြောင်း (မန္တလေးရုံးခွဲ) ဖုန်း-၀၂-၃၆၂၂၁၊ ၃၆၂၂၂ တို့ထံသို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

တင်မောင်(မန္တလေး-ကိုယ်ပွား)

အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွား

စစ်ကိုင်း ဇွန် ၂

စစ်ကိုင်းမြို့ ပိုးတန်းရပ်ကွက် ဓာတ်ပေါင်းစေတီလမ်း နယ်မြေ (၆)နေ အိမ်ငှားဦးခင်မောင်ထွန်း၏နေအိမ်မီးဖိုပေါ်ရှိ အပူလွန်ကဲနေသော ဒယ်အိုးထဲသို့ ဆီလောင်းထည့်ရာမှ ဇွန် ၂ ရက် နံနက် ၉ နာရီ မိနစ် ၅၀က မီးစတင်၍ မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့သည်။ **(အပေါ်ပုံ)**

မီးလောင်မှုဖြစ်ပွားရာသို့ ခရိုင်/မြို့နယ်စီမံခန့်ခွဲမှုကော်မတီမှ တာဝန်ရှိသူများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့များနှင့် ပြည်သူများ ပူးပေါင်းပြီး မီးငြိမ်းသတ်ယာဉ်သုံးစီး၊ ရေသယ်ယာဉ်တစ်စီး၊ ပုဂ္ဂလိကရေသယ် ထော်လာဂျီတစ်စီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် (လုံးဝ) မီးငြိမ်းသွားခဲ့သည်။

ကုသ

အဆိုပါ မီးလောင်မှုကြောင့် အလျားပေ(၃၀ × ၂၀) သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်း(လူတစ်ထိုင်လွတ်)တစ်လုံး၊ အလျားပေ(၂၀ × ၁၅)ကပ်မိုး၊ ထရံကာ၊ မြေစိုက်တစ်လုံးတို့ မီးလောင်ကျွမ်းခဲ့ကာ ဆုံးရှုံးမှုတန်ဖိုးမှာ ငါးသိန်းခန့်ဖြစ်ပြီး ဖြစ်စဉ်ကို အမှတ်(၁)ရဲစခန်းက အရေးယူ ဆောင်ရွက်ထားကြောင်း၊ ဦးခင်မောင်ထွန်းနှင့် မနေခြည်မြင့်အောင်တို့တွင် ဒဏ်ရာအနည်းငယ်ရရှိပြီး ဆေးရုံ၌ ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

ဇော်မြင့်နိုင်

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

မြောင် ဇွန် ၂

စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ် မရိုးကုန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မြို့နယ်စီမံခန့်ခွဲရေးကော်မတီ အဖွဲ့ဝင်များသည် မေ ၂၉ ရက် မွန်းလွဲ ၁ နာရီခွဲက ကျေးရွာအုပ်ချုပ်ရေးမှူးရုံးခန်းမ၌ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဆွေးနွေး

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်ဖြစ်သည့် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးသိန်းဦးက ဒေသဖွံ့ဖြိုးရေးနှင့် အင်းလုပ်ငန်းများကို ကျေးရွာသူ ကျေးရွာသားများ စုပေါင်းပြီးဆောင်ရွက်ကြရန် ပြောကြားပြီး မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်ဝင်းက လျှပ်စစ်မီတာများအကြောင်း သိကောင်းစရာများနှင့် ဆိုလာပြားတပ်ဆင်မှုအပိုင်းကို ရှင်းလင်းတင်ပြဆွေးနွေးသည်။

ကျေးရွာလူမှုရေးအဖွဲ့မှ ဦးထွန်းအောင်က အင်းလုပ်သားများနှင့် အင်းတိုင်ကိစ္စများ၊ အင်းခွန်နှင့် အင်းခွန်ကြေး ပေးဆောင်နိုင်ခြင်းမရှိဘဲ အခြားဒေသသို့ ပြောင်းရွှေ့လုပ်ကိုင်ရသူများ ဘက်ထရီရှော့ခ်တိုက်နှင့် ငါးဖမ်းခြင်းလုပ်ငန်းအပေါ် အရေးယူမှုကို တင်ပြဆွေးနွေးသည်။

ဆက်လက်၍ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးထွန်းရွှေက ဘက်ထရီဖြင့် ရှော့ခ်တိုက်ငါးဖမ်းခြင်းကို အားလုံးစုပေါင်းဖမ်းဆီးအရေးယူကြရန် ပြောကြားပြီး ရေလုပ်သားများအား မတည်ငွေထုတ်ချေးပေးမှု ရှိ မရှိကို အင်းရေလုပ်သားခေါင်းဆောင် ဦးညွန့်လွင်က တင်ပြဆွေးနွေးခဲ့သည်။

ဖြန့်ဝေ

ဆွေးနွေးတင်ပြမှုများနှင့် ပတ်သက်၍ မြို့နယ်ငါးလုပ်ငန်းဦးစီးမှူးနှင့်မြို့နယ်လျှပ်စစ်အင်ဂျင်နီယာတို့က ပြန်လည်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။ ထို့နောက် ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူများသည် ငါးရစ်ငါးသန် ရာသီချိန်တွင် ငါးဖမ်းဆီးခြင်း မပြုကြရန်နှင့် ဥပဒေအကြောင်း သိရှိနိုင်စေရန်အတွက် လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

တင်ကိုကို

ကိုယ့်အားကိုယ်ကိုး လမ်းစုပေါင်းခင်း

ပုသိမ်ကြီး ဇွန် ၂

မန္တလေးတိုင်းဒေသကြီး မြို့မရပ်ကွက် သုသာန်လမ်းသည် လယ်ကွင်းများကို ဖြတ်သန်းဖောက်လုပ်ထားသဖြင့် လမ်းဖြစ်ရာ မိုးတွင်းကာလတွင် ဈာပနပို့ဆောင်သော မော်တော်ယာဉ်များ၊ ပြည်သူများသွားလာမှုအခက်အခဲမရှိစေရန် မြို့မရပ်ကွက် လူမှုရေးအသင်းမှ လူငယ်များ စုပေါင်း၍ ဇွန် ၁ ရက် နံနက် ၇ နာရီကစ၍ ဂျင်းကျောက်များ စုပေါင်းခင်းကျင်းကြသည်။

အဆိုပါလမ်းသည် ပေ ၂၀၀၀ ထောင်ရှည်ကြောင်း သိရသည်။

အောင်ကျော်ထွန်း(ပုသိမ်ကြီး)

မြန်ပြည်တစ်ခွင် သာစေချင် မီးတွင်းမပေါ်နှင့်

အောက်ဆီဂျင်ဘူးများ လှူဒါန်းနိုင်

မန္တလေး ဇွန် ၂

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ကန်ကောက်ရပ်ကွက် ဝါခင်းကုန်း ဣစ္ဆာသယတိုက်ကျောင်း ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တကုမုဒ ဦးစီးတည်ထောင်သော ဗုဒ္ဓအလိုကျနှလုံးလှမေတ္တာလူမှုကူညီသူများအသင်းသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် အသုံးပြုရန် အောက်ဆီဂျင်ဘူးများ ပေးအပ်လှူဒါန်းခြင်းကို မေ ၃၀ရက် နံနက် ၁၀နာရီက အသင်းရုံး၌ ကျင်းပရာ ကန်ကောက်ရပ်ကွက်သစ်နေ ဒေါ်သုနန္ဒာ (ခ) ဒေါ်သန်းသန်းဦး မိသားစုက ငွေကျပ် ၁၅၅၀၀၀ တန်ဖိုးရှိ အောက်ဆီဂျင်ဘူးတစ်ဘူးနှင့် မောင်ဇာနည်ထွန်း - မခိုင်မာထွန်း မိသားစုက ငွေကျပ် ၁၅၅၀၀၀ တန်ဖိုးရှိ အောက်ဆီဂျင်ဘူးတစ်ဘူးကိုလည်းကောင်း ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **(အောက်ပုံ)**

လှူဒါန်း

အောက်ဆီဂျင်ဘူးများ လှူဒါန်းလိုပါက အသင်းရုံးတည်ရာ ဖုန်း-၀၉-၉၁၀၂၁၃၇၉သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

တင်မောင်(မန္တလေးကိုယ်ပွား)

တောင်ငူ မဟာမုနိကေလဇာတိ မင်္ဂလာစေတီတော် ပြန်လည်ပြုပြင်နိုင်ရေး အလှူတော်ငွေပေးအပ်

တောင်ငူ ဇွန် ၂

တောင်ငူမြို့ သမိုင်းဝင်ဆင်ဖြူများရှင် ဘုရင့်နောင်မင်းတရားကြီး ကောင်းမှုတော် မင်္ဂလာပြုစေတီဖြစ်သော မဟာမုနိကေလဇာတီ စေတီတော်အသစ် ပြုပြင်တည်ဆောက်နိုင်ရေးအတွက် အလှူတော်ငွေပေးအပ်ပွဲ အခမ်းအနားကို မေ ၃၀ရက် နံနက်ပိုင်းက ဘုရားကြီးအရှေ့ဘက်တန်ဆောင်းတော်၌ ကျင်းပရာ ဆရာတော် သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြပြီး စည်ပင်ဂိုဏ်းအုပ်စာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တ ဉာဏိန္ဒာလင်္ကာရမှ ဩဝါဒကထာ ချီးမြှင့်ဟောကြားတော်မူသည်။

ပြန်လည်ပေးအပ်

ဆက်လက်၍ အလှူတော်ငွေ လှူဒါန်းပွဲ ကျင်းပရာ ရုပ်ရှင်သရုပ်ဆောင် ဟိန်းဝေယံနှင့် မာန်ထက်ချီရုပ်ရှင်ကုမ္ပဏီမိသားစု၊ အုတ်တွင်းမြို့ ကြယ်နီဆေးလိပ်ခုံပိုင်ရှင် အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်သန်းသန်းနွဲ့၊ ဒေါ်ခင်တင့်မိသားစု၊ တောင်ငူမြို့မှ ဦးစံအေး(အေးမိတ္တူမိသားစု) အစ္စလာမ်သာသနာရေးအဖွဲ့ဥက္ကဌ ဦးတင်ရွှေနှင့်အလှူရှင်များ လှူဒါန်းသည့် အလှူတော်ငွေများကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဘုရားဂေါပကအဖွဲ့တို့ထံလှူဒါန်းကြရာ ဦးမောင်မောင်ကျော်နှင့်အဖွဲ့ဝင်များ၊ စေတီတော်တည်ဆောက်ရေးအဖွဲ့ အမှုဆောင် အင်ဂျင်နီယာဦးရဲထွဋ်က အလှူရှင်များသို့ ကျေးဇူးတင်ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်လိုက်ကြောင်း သိရှိရသည်။**(အပေါ်ပုံ)(၁၁၅)**

ပြည်တွင်းသတင်း

ကချင်ပြည်နယ်တွင် မော်တော်ကားလမ်း အဆင့်မြှင့်တင်

မိုးညှင်း ဇွန် ၂

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ရွှေဘို-မြစ်ကြီးနား မော်တော်ကားလမ်းမကြီးကို အဆင့်မြှင့်တင်ပြုပြင်ဆောင်ရွက်လျက်ရှိသည်။ အဆိုပါလမ်းကို အထူးအဖွဲ့ခွဲ(၂)မှ DSE ဦးသန်းမြင့်၊ လမ်းဗိုလ်ကြီး ဦးရဲအောင်တို့က တာဝန်ယူဆောင်ရွက်နေပြီး မိုင်တိုင်အမှတ် ၁၆၈/၀ မှ ၁၇၀/၆ အထိ လမ်းအကျယ် ၁၂ ပေ၊ အမြင့် တစ်ပေရှိ လမ်းကို နေ့စဉ်လုပ်သားအင်အား ၁၀၀ ကျော်ဖြင့် နံနက် ၇ နာရီမှ ညနေ ၅ နာရီအထိ ဆောင်ရွက်ခဲ့ကြရာ ယခုအခါ နှစ်မိုင်ခြောက်ဖာလုံအထိ ပြီးစီးနေပြီဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ မော်တော်ကားလမ်းသည် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်ကို ဆက်သွယ်ပေးထားသော အားထားရသည့် ကုန်စည်ပို့ဆောင်ရေး အချက်အချာကျသည့် လမ်းမကြီးဖြစ်သည်။

ထိုလမ်းမကြီးကို ကချင်ပြည်နယ်တွင် လုပ်သားအင်အားများစွာဖြင့် ပြုပြင်ခြင်းကို ဆောင်ရွက်နေသော်လည်း ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအစပ်ရှိ အင်းတော်မြို့နယ်အတွင်း ပြုပြင်ခြင်းမရှိသဖြင့် လမ်းများ၊ တံတားများသည် ဆိုးရွားစွာ ပျက်စီးနေသဖြင့် ယာဉ်မောင်းများ လိုက်ပါစီးနင်းကြသည့် ခရီးသည်များနှင့် ဆိုင်ကယ်စီးနင်းကြသူများသည် အသက်နှင့်ရင်းကာ သွားလာနေကြရပြီး လမ်းများမှ ဖုန်မှုန့်များကို ရှူရှိုက်နေရသဖြင့် ကျန်းမာရေးကိုလည်း ဆိုးရွားစွာထိခိုက်စေနိုင်ခြင်းတို့ကြောင့် မော်တော်ကားလမ်းဘေးနေသူများနှင့် ခရီးသည်များမှ ညည်းတွားပြောဆိုသံများကို ကြားသိနေရသည်။

သို့ပါ၍ အဆိုပါလမ်းမကြီးကို ကချင်ပြည်နယ်တွင် ပြုပြင်သကဲ့သို့ အင်းတော်မြို့နယ်အတွင်းတွင်လည်း လုပ်သားအင်အားများစွာဖြင့် အမြန်ဆုံး ပြုပြင်ပေးစေလိုကြောင်း ပြည်သူများက မျှော်လင့်တကြီး စောင့်စားနေကြရသည်။

(၁၇၁)

သုံးဘီးခရီးသည်ထံမှ ကျပ်သိန်း ၁၂၀ ကျော် မူးယစ်ဆေးဝါးများသိမ်းဆည်းရမိ

မြစ်ကြီးနား ဇွန် ၂

မြစ်ကြီးနားခရိုင် ဝိုင်းမော်မြို့နယ် ဝိုင်းမော်-ဝါရှောင်သွားကားလမ်းတွင် ခရီးသည် အသွင်ဆောင်ကာ မူးယစ်ဆေးဝါးများကို သယ်ဆောင်နေကြောင်း သတင်းအရ ဇွန် ၁ ရက် ညနေ ၃ နာရီက လဘန်ကျေးရွာအနီး၌ မြစ်ကြီးနား မူးယစ်(အထူး)အဖွဲ့မှ ရဲအုပ်ဝါဝါကြွယ် ဦးစီးတပ်ဖွဲ့ဝင်များက စောင့်ဆိုင်းနေစဉ် ဝါရှောင်မှ ဝိုင်းမော်သို့ မောင်းနှင်လာသည့် ခရီးသည်တင် သုံးဘီးယာဉ်အား ရပ်တန့်၍ ယာဉ်ပေါ်လိုက်ပါလာသူ ဒေါ်ယော်မျှော်ကို ရှာဖွေစစ်ဆေးရာ ၄င်းဝတ်ဆင်ထားသည့် အတွင်းခံဘောင်းဘီတိုအတွင်း လျှို့ဝှက်သယ်ဆောင်လာသည့် WY စာတန်းပါ အနီရောင် စိတ်ကြွရူးသွပ်ဆေးပြား ၃၉၀၀ ပါတစ်ထုပ်၊ အပွဲ့ အကြွေပြား ၁၁၀ တစ်ထုပ်၊ ကာလတန်ဖိုးငွေကျပ် ၁၂၀၃၀၀၀၀ ရှိ ဆေးပြား ၄၀၁၀ နှင့် ပလတ်စတစ်အိတ်ဖြင့် ထုပ်ပိုးထားသော ငွေကျပ် ၆၀၀၀ ရှိ ခတ်ပုံ ၁၂ ဂရမ်တို့ကို ရှာဖွေသိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မူးယစ်ဆေးဝါးများ သယ်ဆောင်လာသူ ဒေါ်ယော်မျှော် (၆၃နှစ်) ဆဒုံးမြို့နေသူကို ဝိုင်းမော်ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်းသိရသည်။

မိုယံးကျ(မြစ်ကြီးနား)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အားကစားဝန်ကြီးဌာန
အားကစားနှင့် ကာယပညာဦးစီးဌာန
နေပြည်တော်
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

(က) (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် အားကစားဝန်ကြီးဌာန၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးတို့၌ ထပ်မံဆောင်ရွက်ရန် လိုအပ်သည့်တည်ဆောက်ရေးလုပ်ငန်းများ၊ အခမ်းအနားပြင်ဆင်ရေး လုပ်ငန်းများဆောင်ရွက်ရန်အတွက် အောက်ဖော်ပြပါလုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်-

နေပြည်တော်

၁။ ပေါင်းလောင်းအားကစားရုံအားပြန်လည်မွမ်းမံခြင်းနှင့် အဆင့်မြှင့်တင်ခြင်းလုပ်ငန်း
၂။ ဘတ်စကက်ဘောရုံ အဖီအမိုးမိုးခြင်း၊ အကာကာခြင်းနှင့်ကြမ်းခင်းခြင်း
၃။ ဘော်လီဘောရုံ အမိုးမိုးခြင်း၊ အကာကာခြင်းနှင့်ကြမ်းခင်းခြင်း
၄။ လက်ဝှေ့အားကစားရုံ အမိုးမိုးခြင်းနှင့် ကြမ်းခင်းခြင်း
၅။ ဖူဆယ်လေ့ကျင့်ရေးအားကစားရုံဘေး ကွန်ကရစ်လမ်းခင်းခြင်း
၆။ ပြေး၊ ခုန်၊ ပစ် သွေးပူလေ့ကျင့်ရေးကွင်း Synthetic Track တည်ဆောက်ခြင်း
၇။ တင်းနစ်လေ့ကျင့်ရေးကွင်း အတွင်းလမ်း၊ကားပါကင်နှင့်အဝတ်လဲခန်းများ တည်ဆောက်ခြင်း
၈။ နေပြည်တော်အားကစားကွင်း(၁)ယာဉ်ရပ်နားရန်နေရာ ကွန်ကရစ်ခင်းခြင်းနှင့်ယာဉ်သွားလမ်းလေးလက်မထုခင်းခြင်း
၉။ ဝဏ္ဏသိဒ္ဓိ Sports Complex ပတ်လည်ခြံစည်းရိုးကာရံခြင်းနှင့် Infrastructure Work လုပ်ငန်းများ
၁၀။ ဘိလိယက်ပြိုင်ပွဲ(၁)ရုံဆောက်လုပ်ခြင်း
၁၁။ ဖူဆယ်ပြိုင်ပွဲရုံ(၁)ရုံနှင့် ဘက်စုံသုံးအားကစားရုံ(Multi Purpose)(၁)ရုံဆောက်လုပ်ခြင်း

အခမ်းအနားပြင်ဆင်ခြင်း

၁၂။ အလံတိုင်နှင့်အလံရှက်များ၊ ဆုပေးစင်မြင့်နှင့်အလေးပြုခံအလံစင်၊ဆိုင်းဘုတ်များ၊ Vinyl များ၊ Moscot ရုပ်ပုံများ၊ မိုးပျံလေပူဖောင်းများနှင့် အထွေထွေအခမ်းအနားပြင်ဆင်ခြင်းလုပ်ငန်းများ
၁၃။ International Social Zone အားကစားရွာအတွင်း တည်ဆောက်ခြင်း
၁၄။ International Social Zone ဝဏ္ဏသိဒ္ဓိအတွင်း တည်ဆောက်ခြင်း
၁၅။ အားကစားရွာ အိမ်ရာစီမံကိန်းနှင့် ကွင်း/ရုံ/ကန်များ တည်ဆောက်ခြင်းလုပ်ငန်း
၁၆။ အားကစားရွာလုံခြုံရေး အဆောက်အအုံနှစ်လုံး တည်ဆောက်ခြင်း

အား/ကာ သိပ္ပံ(မန္တလေး)

၁၇။ ပတ်လည်ခြံစည်းရိုးချိန်းလင့်ကာရံခြင်း(အလျား ၄၃၄၈ ပေ×အမြင့် ၆ပေ)
၁၈။ ကျောင်းအုပ်ကြီးနေအိမ်(ပေ ၄၀× ၃၆ပေ)RC တစ်ထပ်တစ်လုံး ဆောက်လုပ်ခြင်း
၁၉။ ဒု-ကျောင်းအုပ်ကြီးနေအိမ်(ပေ၄၀×ပေ ၃၀)နှစ်လုံး ဆောက်လုပ်ခြင်း
၂၀။ ၄၃၄၈ပေ လမ်းအား လမ်းမီးတိုင်တပ်ဆင်ခြင်းနှင့် 500KVA ထရန်စဖော်မာ တပ်ဆင်ခြင်းလုပ်ငန်း
၂၀။ စားရိပ်သာ(၁၀၅ပေ× ပေ၆၀) တစ်လုံးတည်ဆောက်ခြင်း
၂၂။ စတို(ပေ၁၂၀× ပေ၆၀) တစ်လုံးတည်ဆောက်ခြင်း
၂၃။ သင်တန်းသား/သင်တန်းသူများအသုံးပြုရန် အမြင့် ၃၅ပေရှိ ဂါလန် (၁၆၀၀)ဆံ့ သံရေစင် တည်ဆောက်ခြင်း
၂၄။ ရေကူးကန်အတွက် ရေစင်နှင့်စက်ရေတွင်းတူးခြင်း၊ ရေပိုက်သွယ်တန်းခြင်း
၂၅။ ဝန်ထမ်းအိမ်ရာ (ပေ၁၇၀×ပေ ၄၀)သုံးထပ်တစ်လုံး ဆောက်လုပ်ခြင်း
၂၆။ အားကစားခန်းမ(၆)လုံး ရေရရှိရေးလုပ်ငန်း၊ ပြင်ပလျှပ်စစ်မီးသွယ်တန်းခြင်းလုပ်ငန်း
၂၇။ ဖူဆယ်အားကစားခန်းမ(ပေ၁၈၀×ပေ၁၀၀)တစ်လုံး တည်ဆောက်ခြင်း
၂၈။ ဘတ်စကက်ဘောရုံ၊ ဘော်လီဘောရုံ(ပေ၂၄၀×ပေ၆၀)တစ်လုံး တည်ဆောက်ခြင်း

အား/ကာ သိပ္ပံ(ရန်ကုန်)

၂၉။ သင်တန်းသား/သင်တန်းသူများအသုံးပြုရန် ဂါလန်(၁၆၀၀)ဆံ့ရေစင် တည်ဆောက်ခြင်း
၃၀။ Open Shed မော်တော်ယာဉ်၊ သိုလှောင်ရုံ(၃၅ပေ×ပေ၁၂၀)တစ်လုံး တည်ဆောက်ခြင်း
၃၁။ ဌာနခွဲရုံး (၉၄ပေ×ပေ၄၀)RC နှစ်ထပ်တစ်လုံး တည်ဆောက်ခြင်း
၃၂။ ပြေး၊ ခုန်၊ ပစ်အားကစားနည်းအတွက်လေ့ကျင့်ရေးကွင်း(Synthetic Track)ဖောက်လုပ်ခြင်း
၃၃။ လမ်းခင်းခြင်းလုပ်ငန်း(အလျားပေ ၃၅၀၀×အကျယ် ၁၂ပေ)
၃၄။ လမ်းမီးတိုင်(ပေ ၅၀၀၀)နှင့် 315 KVA ထရန်စဖော်မာတစ်လုံး တပ်ဆင်ခြင်းလုပ်ငန်း
၃၅။ ရေကူးကန်အတွက် ရေစင်နှင့်စက်ရေတွင်းတူးခြင်း၊ ရေပိုက်သွယ်တန်းခြင်းလုပ်ငန်း
၃၆။ ကျား/မ သန့်စင်ခန်း(ပေ၅၀×ပေ၁၂၀)တစ်လုံး ဆောက်လုပ်ခြင်း
၃၇။ Septic Tank (၂၃ပေ ၃လက်မ×၈ပေ ၆လက်မ)တစ်လုံး ဆောက်လုပ်ခြင်း
၃၈။ အားကစားကွင်းအမှတ်(၁)တွင် ပွဲကြည့်စင် (ပေ၁၀၀×၁၈ပေ)တစ်စင် တည်ဆောက်ခြင်း
၃၉။ ဝန်ထမ်းအိမ်ရာ(ပေ ၁၇၀×ပေ၄၀)သုံးထပ်တစ်လုံး တည်ဆောက်ခြင်း
၄၀။ အား/ပညာပေါင်းစပ်လေ့ကျင့်ရေးသင်တန်းကျောင်း အကြီးစားပြုပြင်မွမ်းမံခြင်းလုပ်ငန်း
၄၁။ အားကစားခန်းမ(၃)လုံး ရေရရှိရေးလုပ်ငန်းနှင့် မီးသွယ်တန်းခြင်းလုပ်ငန်း
၄၂။ မီတာ(၄၀၀)ပြေးလမ်းအား သုံးလက်မထု AC ကတ္တရာခင်းခြင်း(4446 Sft)
၄၃။ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏအကြီးစားပြုပြင်မွမ်းမံခြင်း
၄၄။ ဖူဆယ်အားကစားခန်းမ(ပေ၁၈၀×ပေ၁၀၀)တစ်လုံး တည်ဆောက်ခြင်း
၄၅။ ဘတ်စကက်ဘောရုံ၊ ဘော်လီဘောရုံ(ပေ၂၄၀×ပေ၆၀)တစ်လုံး တည်ဆောက်ခြင်း
၄၆။ လေးထပ် အိပ်ဆောင်အမှတ်(၁)၊(၂)၊(၃) ပြုပြင်ခြင်း(၁၆၅ပေ×ပေ၄၀)
၄၇။ စားရိပ်သာ (ပေ၁၄၀×၈၄ပေ)တစ်လုံး တည်ဆောက်ခြင်း
၄၈။ Gym ခန်းမပြုလုပ်မည့်(ပေ၆၀×ပေ၁၂၀)အဆောင်ပြုပြင်ခြင်းနှင့် (ပေ၆၀×၂၈ပေ)ခန်းမ အဖီဆွဲခြင်း
၄၉။ စားရိပ်သာလက်ဆေးနေရာ(ပေ၇၀×ပေ၃၀) တည်ဆောက်ခြင်း
၅၀။ အမျိုးသမီးစာကြည့်ဆောင်(ပေ၁၂၀×၃၆ပေ)တစ်လုံး တည်ဆောက်ခြင်း
၅၁။ အမျိုးသမီးသန့်စင်ခန်း+ရေချိုးခန်း(ပေ၅၀×၁၇ပေ၆လက်မ)နှစ်လုံး တည်ဆောက်ခြင်း

အောင်ဆန်းကွင်း

၅၂။ အောင်ဆန်းအားကစားရုံ အကြီးစားပြုပြင်မွမ်းမံခြင်း

ရန်ကုန်မြို့ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး
(၆၇)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန်မြို့ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏ (၆၇)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို (၁၃၇၅ ခုနှစ်၊ နယုန်လဆန်း ၈ ရက်) ၁၆-၆-၂၀၁၃ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ဗဟန်းမြို့နယ်၊ ကမ္ဘာအေးစေတီလမ်း၊ အမှတ်(၄၉-၅၁)ရှိ အဘိဓမ္မာဓမ္မဗိမာန်တော်၌ ကျင်းပမည်ဖြစ်ပါ၍ သီးခြားဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အသင်းဝင်တိုင်း မပျက်မကွက် တက်ရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

အသင်းဝင်များသည် အသင်းကြီး၏ တိုးတက်ရာတိုးတက်ကြောင်း ဆွေးနွေးအကြံပြုလိုသည့်အချက်များရှိပါက ဆူးလေစေတီတော်ရင်ပြင်ရှိ အသင်းကြီးရုံးခန်းသို့ ၉-၆-၂၀၁၃ ရက်(တနင်္ဂနွေနေ့) ညနေ ၄ နာရီ နောက်ဆုံးထားပေးပို့ကြပါရန် မေတ္တာရပ်ခံပါသည်။

အမှုဆောင်အဖွဲ့

အမည်ပြောင်း

ဦးတာရာထွန်း ၁၂/ရကန(နိုင်)၀၇၄၇၈၈ ၏သမီး မြောက်ဒဂုံမြို့နယ်၊ အမက(၁၆)၊ ပထမတန်းမှ မအိန္ဒြေထွန်းအား မအိမ့်ချစ်ချစ်ခိုင်ဟု ပြောင်းလဲခေါ်ပါရန်။

မအိမ့်ချစ်ချစ်ခိုင်

၅၃။ အားကစားခန်းမ ဝန်ထမ်းအိမ်ရာများနှင့် အဖွဲ့ချုပ်ရုံးခန်းများ ရေ/မီး အကြီးစားမွမ်းမံခြင်း

ဧရာဝတီတိုင်းဒေသကြီး

၅၄။ မြောင်းမြခရိုင်အားကစားကွင်းအရှေ့၊ အနောက်အနေအထားမှ တောင်၊ မြောက်အနေအထားသို့ ပြောင်းရွှေ့ဖောက်လုပ်ခြင်းနှင့် အားကစားကွင်း အဆင့်မြင့်ပြုပြင်တည်ဆောက်ခြင်း

မွန်ပြည်နယ်

၅၅။ မော်လမြိုင် အား/ကာသိပ္ပံတည်ဆောက်ခြင်း

ရှမ်းပြည်နယ်

၅၆။ တောင်ကြီး အား/ကာသိပ္ပံတည်ဆောက်ခြင်း

မန္တလေးတိုင်းဒေသကြီး

၅၇။ ပြင်ဦးလွင် အားကစားလေ့ကျင့်ရေးစခန်းတည်ဆောက်ခြင်း

(ခ) အိတ်ဖွင့်တင်ဒါပုံစံများကို ၃-၆-၂၀၁၃ရက်မှ ၁-၇-၂၀၁၃ရက်အထိ နေ့စဉ် နံနက် ၉း၃၀ နာရီမှ ၁၆း၃၀ နာရီအတွင်း အားကစားဝန်ကြီးဌာန၊ ရုံးအမှတ်(၃၁)၊ နေပြည်တော်၊ အားကစားကွင်း/အားကစားရုံဌာနခွဲတွင် တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို လာရောက်ဆက်သွယ်စုံစမ်းထုတ်ယူနိုင်ပါသည်။

(ဂ) အိတ်ဖွင့်တင်ဒါများကို ၂-၇-၂၀၁၃ ရက် နံနက် ၉း၃၀ နာရီမှ ၁၆း၃၀ နာရီအတွင်း အားကစားဝန်ကြီးဌာန၊ ရုံးအမှတ်(၃၁)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

ဖုန်း-၀၆၇-၄၀၆၀၂၁၊ ၄၀၆၀၂၂

ပြည်တွင်းသတင်း

နယ်လှည့်စာကြည့်တိုက်နှင့် ဟောပြောပွဲ ကွင်းဆင်းဆောင်ရွက်

မူဆယ် ဇွန် ၂

ရှမ်းပြည်နယ် မူဆယ်ခရိုင်အတွင်းရှိ ပြည်သူများ စာပေဖတ်ရှုသည့် အလေ့အကျင့်များ ပိုမိုတိုးတက်လာစေရန်နှင့် အသိပညာ ဗဟုသုတများ ကြွယ်ဝစေရန်ရည်ရွယ်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဝန်ထမ်းများသည် ရပ်ကွက်၊ ကျေးရွာများသို့ ကွင်းဆင်း၍ နယ်လှည့်စာကြည့်တိုက်လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။

မေ ၂၉ ရက် နံနက် ၁၀ နာရီက ပန်ခမ်းကျေးရွာ စာကြည့်တိုက်၌လည်းကောင်း၊ မွန်းလွဲ ၂ နာရီက ဟိုမွန်ရပ်ကွက် အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း၌လည်းကောင်း ကွင်းဆင်း၍ စာဖတ်ဝိုင်းများ ဆောင်ရွက်ပေးပြီး စာအုပ်ငှားရမ်းဖတ်ရှုလိုသူများကိုလည်း ဝန်ထမ်းများက စာအုပ်များ ငှားရမ်းပေးခဲ့ပြီး အဆိုပါ စာဖတ်ဝိုင်းတွင် မြို့နယ်ဦးစီးမှူး ဒေါ်ကေသွယ်ဟန်က စာပေဖတ်ရှုခြင်းအကျိုးကျေးဇူးများအကြောင်း ဟောပြောခဲ့သည်။

အယ်လ်စိုး(iprd)

စုပေါင်းသဘာဝမြေဩဇာချပွဲ ကော့ကရိတ်၌ ဆောင်ရွက်

ကော့ကရိတ် ဇွန် ၂

ကရင်ပြည်နယ် ကော့ကရိတ်မြို့တွင် မိုးစပါးတစ်ဧကအထွက်နှုန်း တိုးတက်ရေးအတွက် စုပေါင်းသဘာဝမြေဩဇာချပွဲကို မေ ၃၀ ရက် နံနက်က ကော့ကရိတ်မြို့ ရန်ကုတ်ကျေးရွာအုပ်စု ကွင်းအမှတ် (၁၂၀/က) ဦးပိုင် (၇၃/၄)ရှိ တောင်သူ ဦးစောခင်လှပါတောင်သူသုံးဦး၏ လယ်မြေ ၁၀ ဧက၌ ကျင်းပသည်။

သဘာဝမြေဩဇာစုပေါင်းချပွဲသို့ ကော့ကရိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးသန်းဆွေ၊ ခရိုင်ဦးစီးမှူး ဦးလှသိန်းနှင့် ခရိုင်စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းဦး၊ မြို့နယ်ဦးစီးမှူး ဒေါ်နော်သူးလေထီးနှင့် စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ ရန်ကုတ်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစောခင်လှ၊ ထော်လာဂျီ ၁၅ စီးနှင့် လယ်သမား ၈၅ဦးတက်ရောက်၍ လယ်ကွင်းအတွင်း သဘာဝမြေဩဇာနှင့်ထုံးများ ကြဲပက်ထည့်သွင်းပေးကြသည်။ **(အောက်ပုံ)**

သဘာဝမြေဩဇာ စုပေါင်းချထားပွဲတွင် ခရိုင်အုပ်ချုပ်ရေးမှူးက တက်ရောက်လာသည့် လယ်သမားများကို မိုးစပါးတစ်ဧကအထွက်နှုန်းတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရေးကိစ္စများနှင့် ခရိုင်ဦးစီးမှူးက မြေဆီလွှာပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ တိုးတက်ဆောင်ရွက်ရေးအတွက် ပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

(၁၀၉)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း

၂-၆-၂၀၁၃ **ရွှေဈေး** (အောင်သမာဓိရွှေဆိုင်)

၁၆ ပဲရည်(အခေါက်ရွှေ)	တစ်ကျပ်သား	၇၀၉၀၀၀
၁၅ ပဲရည်	တစ်ကျပ်သား	၆၆၇၃၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၄၈ ကျပ်
ဥရောပ	တစ်ယူရို	၁၂၄၁ ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၅၇ ကျပ်
ထိုင်း	တစ်ဘတ်	၃၀. ၇ ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၆. ၆၅ ကျပ်
တရုတ်	တစ်ယွမ်	၁၄၆ ကျပ်
မလေးရှား	ရင်းဂစ်	၃၀၄ ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်
ဒီဇယ်	တစ်လီတာ	၈၆၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၈၆၀ ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၀၇၀ ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၀၀ ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၃၅၀၀ - ၇၀၀၀ ကျပ်
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၁၃၀၀ - ၂၇၀၀ ကျပ်
၃။	ငါးရံ့	တစ်ပိဿာ	၅၀၀၀ - ၈၅၀၀ ကျပ်
၄။	ငါးဖယ်	တစ်ပိဿာ	၆၀၀၀ -၁၂၀၀၀ ကျပ်
၅။	ပုစွန်(ကျော့)	တစ်ပိဿာ	၄၀၀၀ - ၈၀၀၀ ကျပ်
၆။	ပုစွန်တုပ်	တစ်ပိဿာ	၁၃၀၀၀ -၃၅၀၀၀ ကျပ်
၇။	ငါးသလောက်	တစ်ပိဿာ	၂၂၀၀၀ -၃၆၀၀၀ ကျပ်
၈။	ကြက်	တစ်ပိဿာ	၄၀၀၀ -၁၂၀၀၀ ကျပ်
၉။	ဝက်	တစ်ပိဿာ	၄၀၀၀ - ၈၀၀၀ ကျပ်
၁၀။	အမဲ	တစ်ပိဿာ	၄၀၀၀ - ၇၀၀၀ ကျပ်
၁၁။	ဆိတ်	တစ်ပိဿာ	၁၀၀၀၀ -၁၅၀၀၀ ကျပ်

ခင်ရတနာ-စုစည်းသည်။

သမဝါယမချေးငွေများ ကျောက်ပန်းတောင်း၌ ပေးအပ်

ကျောက်ပန်းတောင်း ဇွန် ၂

ကျေးလက်ဒေသ ဆင်းရဲမှုလျော့နည်းပပျောက်ရေး အထောက်အကူဖြစ်စေရန်နှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်း သွင်းအားစုများ အထောက်အကူဖြစ်စေရန်ရည်ရွယ်၍ သမဝါယမဝန်ကြီးဌာန အစီအစဉ်ဖြင့်လည်းကောင်း၊ တိုင်းဒေသကြီးအစိုးရ အစီအစဉ်ဖြင့်လည်းကောင်း ကျေးရွာများသို့ သက်သာသောအတိုးနှုန်းဖြင့် ချေးငွေများ ထုတ်ချေးပေးလျက်ရှိရာ မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် ကျေးရွာသမဝါယမ အသင်းသစ်များအတွက် ထောက်ပံ့ငွေ ထုတ်ချေးပေးနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို မေ ၃၁ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး စပါးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်ညိုက အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးမောင်မောင်ရှိန်နှင့် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးတင့်ဆွေတို့က ချေးငွေနှင့်ပတ်သက်၍ စုငွေအပေါ် ပေးအပ်မည့်အတိုးနှင့် မြို့နယ်အသင်းစုမှ ရရှိသောအတိုးငွေစုစုပေါင်းအပေါ်မှ ကျေးရွာသမဝါယမအသင်းများသို့ ပြန်လည်ထောက်ပံ့ပေးမည့်ကိစ္စရပ်များကို ရှင်းလင်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထုတ်ချေး

ကျောက်ပန်းတောင်း မြို့နယ်အတွင်း ၂၀၁၂ ခုနှစ်မှ စတင်ကာ ကျေးရွာသမဝါယမအသင်း ၂၁ သင်းကို တိုင်းဒေသကြီးအစိုးရ အစီအစဉ်ဖြင့် ချေးငွေကျပ် ၄၈၁ ဒသမ ၀၅ သိန်း ထုတ်ချေးပေးခဲ့ရာ မေ ၇ ရက်အတွင်း အပြေအကျေ ပြန်လည်ပေးဆပ်ခဲ့ကြပြီးဖြစ်၍ အဆိုပါ တာဝန်ကျေ ကျေးရွာများသို့ မြို့နယ်သမဝါယမအသင်းက ငွေကျပ် သိန်း ၅၉၀ ကို စိုက်ပျိုးရာသီအမီ ထပ်မံထုတ်ချေးပေးခဲ့ပြီးဖြစ်ကြောင်းနှင့် ယခုသမဝါယမဝန်ကြီးဌာန အစီအစဉ်ဖြင့် ချေးငွေ ကျပ် ၂၁၃၀ ဒသမ ၅ သိန်းကို ကျေးရွာသမဝါယမ အသင်းသစ် ၆၆ သင်းသို့ ဇွန် ၆ ရက်မှစတင်၍ စိုက်ပျိုးရေးနှင့် မွေးမြူရေးသွင်းအားစုများ အထောက်အကူဖြစ်စေရန် ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

စက်ရုံလုပ်ငန်း ပြည့်ဝန်ထမ်း အမြဲတမ်းမီးသတိပြု

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]

အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊တောင်သူကုန်းရပ်ကွက်၊ အမက(၄၉)ကျောင်းလမ်း၊ အမှတ်(၂၁၁၉)၊ အကျယ်အဝန်းပေ(၄၉×၂၂) အကျယ်အဝန်းရှိသော မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ နေအိမ်အဆောက်အအုံအပါအဝင် ဆက်နွယ်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်ဝယ်ယူပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုလာသူ ဒေါ်သန္တာဝေ ၁၂/အစန(နိုင်)၁၅၅၃၄၀ထံမှ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန် ညှိနှိုင်းသဘောတူညီချက်အရ စရန်ငွေပေးချေပြီးဖြစ်ပါ၍ အဆိုပါပစ္စည်းအရပ်ရပ်တို့နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၅ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးစိန်ဝင်း(စဥ်-၆၀၈၂)
B.A,H.G.P,C.B.L,D.B.L,D.M.L
ဥပဒေအကျိုးဆောင်၊
အမှတ်-၁၀/၁၂၊ ပထမထပ်(အေ-၅)၊ ၃၅ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၉၈၂၅၇၃၆၊ ၀၉-၅၀၇၀၆၇၇

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌အလုပ်ခန့်ထားရန်)

(၁) [illegible]	ကျား/မ	၁ ဦး
(၂) ကော်ဖီအဖျော်ဆရာ(Barista)	ကျား/မ	၂ ဦး
(၃) မုန့်ဖုတ်သမား	ကျား/မ	၂ ဦး
(၄) [illegible]	ကျား/မ	၄ ဦး
(၅) ယာဉ်မောင်း	ကျား	၁ ဦး

[illegible]

WTC Co.,Ltd

[illegible]

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂၊ မိဂသီ ၂၂လမ်း၊မြေကွက်အမှတ် ၁၄၈ဟုခေါ်တွင်သော အကျယ်အဝန်း ပေ၄၀×ပေ၆၀၊ ၂၄၀၀ စတုရန်းပေရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အားလုံးအား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် အမည်ပေါက်တည်ရှိပြီး လက်ရှိနေထိုင်စီမံရောင်းချပိုင်ခွင့်ရှိသူများဖြစ်သော (၁)ဦးစိုး ၁၂/လမတ(နိုင်)၀၁၃၁၆၆၊ (၂) ဒေါ်စန်းမြင့် ၁၂/လမတ(နိုင်)၀၀၆၉၈၈ တို့ထံမှ ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန်ရောင်းဖိုးငွေတစ်စိတ်တစ်ပိုင်း ပေးအပ်ထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် ယနေ့ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မွန်မွန်ချို LL.B	**ဒေါ်အိမ့်ဖြူနိုင်** LL.B, D.B.L, D.M.L
(စဥ်-၂၃၂၉၉)	**(စဥ်-၂၉၇၄၆)**
အထက်တန်းရှေ့နေ	**အထက်တန်းရှေ့နေ**

အာရှမြေ အိမ်-ခြံ-မြေ အကျိုးဆောင်ကုမ္ပဏီ
အမှတ်(၁၈)၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၃၉၄၄၁၅၊ ၃၉၄၄၁၆၊ ၃၉၄၁၆၀

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကျီတော်ရပ်ကွက်၊ မဟာဗောဂလမ်း၊ အမှတ် ၁၅၊ (ပထမထပ်)-ခေါင်းရင်းခန်း၊ အကျယ်အဝန်း ပေ(၁၄×၅၀)ခန့်ရှိ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိပိုင်ဆိုင်နေထိုင်ပြီးရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ခင်သိန်း ၁၂/ဗတထ(နိုင်)၀၀၉၆၈၃၊ (CF-၀၄၈၄၀၉)နှင့် သမီးမယုဇနေသိန်း N/RGN-၀၀၉၂၅၄တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသငွေများကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်ရန်ရှိပါက ခိုင်မာသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဒေါ်တင်ဇာခိုင်၏လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်မျိုးသူ LL.B
တရားလွှတ်တော်ရှေ့နေ
အမှတ် (၇၃၇/၇၄၁) ပထမထပ်၊
အခန်းအမှတ် ၁၀၆၊ မာလာနွယ်လမ်း၊
မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ဖုန်း-၀၉-၅၀၉၃၈၉၀

[illegible]

နိုင်ငံတကာအားကစားနှင့်ကြော်ငြာ

ဘိုင်ယန်မြူးနစ်တို့ ဂျာမန်ပိုကယ်ဖလားဆွတ်ခူး

မိုးမြင့်လင်းလက် - ရေးသည်

ဂျာမန် ပိုကယ်ဖလားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ဇွန် ၁ ရက်က ဘိုင်ယန်မြူးနစ်နဲ့ စတုဂတ်အသင်းတို့ ယှဉ်ပြိုင်ကစားတဲ့အခါ ဘိုင်ယန်မြူးနစ်က သုံးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရပြီး ဂျာမန်ပိုကယ်ဖလားကို ဆွတ်ခူးရရှိခဲ့ပြီဖြစ်သည်။

ဘိုင်ယန်မြူးနစ်အသင်းဟာ ဒီနှစ်အတွင်းမှာ ခြေစွမ်းပြကစားနိုင်ခဲ့ပြီး အောင်မြင်မှုတွေရရှိနေတဲ့ အသင်းဖြစ်တာမို့ အောင်ပွဲခံ စိတ်ဓာတ်တွေဆူဝေနေတဲ့ အသင်းလည်းဖြစ်ပါတယ်။ ဒီပွဲမှာ ဘိုင်ယန်မြူးနစ်ဟာ အမာခံကစားသမား အများအပြားကို ထုတ်သုံးခဲ့ပြီး ဂျာမန်ပိုကယ်ဖလားကို ဆွတ်ခူးနိုင်ရေး အားစိုက်ကြိုးစားခဲ့ခြင်းဖြစ်သည်။

ခြေရည်တူကစား

ဘိုင်ယန်မြူးနစ်ဟာ ပွဲစတင်ကစားကတည်းက အပေးအယူ အချိတ်အဆက်မှန်မှန်နဲ့ ကစားခဲ့ပြီး ဂိုးသွင်းယူနိုင်ရေးကြိုးစားခဲ့ပါတယ်။ စတုဂတ်တို့ကလည်း ပထမပိုင်းပွဲချိန်အစပိုင်းမှာတော့ ခြေရည်တူကစားခဲ့ပြီး အပြန်အလှန်ထိုးဖောက်မှုတွေ ပြုလုပ်နိုင်ခဲ့ပါတယ်။

ဒါပေမယ့် ပွဲချိန် ၃၇ မိနစ်မှာ ဘိုင်ယန်မြူးနစ်တို့ ပယ်နယ်တီရရှိပြီး အဲဒီပယ်နယ်တီကို ဘိုင်ယန်မြူးနစ်ကစားသမား မူလာက ကန်သွင်းယူခဲ့တာမို့ အဖွင့်ဂိုးစတင်ရရှိသွားခဲ့ပါ

တယ်။ ဦးဆောင်ဂိုးပေးလိုက်ရတဲ့အတွက် စတုဂတ်တို့ချေပဂိုးရရှိရေး ကြိုးစားပေမယ့် တိုက်စစ်မှုတွေ အဆုံးသတ်အားနည်းခဲ့လို့ ဂိုးပြန်မသွင်းနိုင်ခဲ့ပါဘူး။

ပွဲချိန် ၄၈ မိနစ်မှာတော့ ဂိုမက်ဇ်ကတစ်ဂိုးသွင်းယူခဲ့တာမို့ ဘိုင်ယန်မြူးနစ်တို့နှစ်ဂိုးအသာနဲ့ ဦးဆောင်နိုင်ခဲ့ပါတယ်။ စတုဂတ်တို့ ပြန်လည်ထိုးဖောက် တိုက်စစ်ဆင်ပေမယ့် ဘောလုံးဆုံးရှုံးမှုတွေ များနေခဲ့ပြီး အရာမထင်ဖြစ်နေခဲ့ပါတယ်။

ပွဲချိန် ၆၁ မိနစ်မှာ ဂိုမက်ဇ်ကပဲ နောက်ထပ်တစ်ဂိုး ထပ်မံသွင်းယူခဲ့ပြန်တာမို့ ဘိုင်ယန်မြူးနစ်တို့ သုံးဂိုးအသာနဲ့ ဦးဆောင်ကစားနိုင်နေခဲ့ပါတယ်။ ဒါပေမယ့် ပွဲချိန် ၇၁ မိနစ်မှာ ဟာနစ်က ချေပဂိုးတစ်ဂိုး သွင်းယူနိုင်ခဲ့တာမို့ စတုဂတ်တို့ စိတ်ဓာတ်ပြန်တက်ခဲ့ပြီး ဆက်လက်ထိုးဖောက်ကစားတဲ့အခါ ပွဲချိန် မိနစ် ၈၀ မှာ ဟာနက်ကပဲ ဒုတိယဂိုးကို ထပ်မံသွင်းယူနိုင်ခဲ့တာမို့ စတုဂတ်တို့ နှစ်ဂိုးရရှိခဲ့ခြင်းဖြစ်ပါတယ်။

ပွဲပြီးချိန်မှာတော့ ဘိုင်ယန်မြူးနစ်တို့က သုံးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပြီး ဂျာမန်ပိုကယ်ဖလားကို ဆွတ်ခူးကာ ကိုင်မြှောက်အောင်ပွဲခံနိုင်ခဲ့ကြခြင်းဖြစ်ပါတယ်။ ဘိုင်ယန်မြူးနစ်ဟာ ဒီနှစ်ဘောလုံးရာသီမှာတော့ ဘွန်ဒက်စ်လီဂါဖလား၊ ချန်ပီယံလိဂ်ဖလားနဲ့ ဂျာမန်ပိုကယ်ဖလားတွေကို သိမ်းကျုံးရယူသိမ်းပိုက်နိုင်ခဲ့တဲ့ အသင်းဖြစ်ခဲ့ပါတယ်။

မှတ်တမ်းတင်ထားဆဲ

ဘိုင်ယန်မြူးနစ်အသင်းနည်းပြ ဟေးနက်စ်ကတော့ မိမိဟာ ဘိုင်ယန်မြူးနစ်အသင်းကို အောင်မြင်မှုတွေနဲ့အတူ ထားရစ်ခဲ့ပြီဖြစ်ပြီး မိမိရဲ့ အနာဂတ်အစီအစဉ်ကို မကြာခင် ဆုံးဖြတ်မှာဖြစ်တယ်လို့ ထုတ်ဖော်ပြောကြားလိုက်ပါတယ်။ ဘိုင်ယန်မြူးနစ်ကို နည်းပြ ဂွါဒီယိုလာလက်ထံ လွှဲပြောင်းပေးတော့မှာဖြစ်ပြီး နည်းပြဟေးနက်စ်ကတော့ ရီးရဲမက်ဒရစ်က ခေါ်ယူနေမှုကို စဉ်းစားနေတယ်လို့ ဆိုပါတယ်။ ဘိုင်ယန်မြူးနစ်ကတော့ ဂျာမန်ပိုကယ်ဖလားကို ၁၆ ကြိမ်မြောက် ဆွတ်ခူးအောင်ပွဲခံနိုင်ခဲ့ပြီး ဂျာမနီမှာတော့ အောင်မြင်မှုအရှိဆုံးအသင်းအဖြစ် မှတ်တမ်းတင်ထားဆဲဖြစ်ပါတယ်။

မော်ရင်ဟို ရီးရဲမက်ဒရစ်ကို နှုတ်ဆက်

စပိန်လာလီဂါပွဲစဉ် ၃၈ ပြိုင်ပွဲတွင် ရီးရဲမက်ဒရစ်က အိုဆာဆူနာကို လေးဂိုး-နှစ်ဂိုးဖြင့် နိုင်ပြီးနောက် နည်းပြမော်ရင်ဟို၏ သုံးနှစ်စာချုပ်သက်တမ်းမှာလည်း အဆုံးသတ်သွားပြီဖြစ်သည်။ အသက် ၅၀ ရှိ ပေါ်တူဂီသား မော်ရင်ဟိုသည် ချယ်လ်ဆီးသို့ပြန်လာရန် ရေပန်းစားလျက်ရှိသည်။ အိုဆာဆူနာအတွက် ရော်ဘတ်တိုတောရက်စ်နှင့် အယ်လ်မာရိုတို့က တစ်ဂိုးစီ ချေပဂိုးများ မသွင်းမီ ဟီဂူအင်နှင့် အက်ဆီယံတို့က တစ်ဂိုးစီသွင်းယူခဲ့ကြသည်။ သို့သော် ဘင်ဇီမာနှင့် ကယ်လီဂျုံးတို့က တစ်ဂိုးစီသွင်းယူခဲ့ကြသဖြင့် ရီးရဲက လေးဂိုး-နှစ်ဂိုးဖြင့် နိုင်ခဲ့သည်။ ယင်းပြိုင်ပွဲအပြီး နောက်တန်းလူ ကာဗယ်ဟိုသည်လည်း ပြင်သစ်ကလပ်မိုနာကိုသို့ ပြောင်းရွှေ့ရန် သဘောတူလိုက်သည်။ ကာဗယ်ဟိုသည် မော်ရင်ဟို၏ လက်ထက်တွင် ချယ်လ်ဆီး၌ ပါဝင်ကစားခဲ့သည်။



အင်္ဂလန်အသင်းခြေစွမ်းအနိုင်ရနိုင်ဖွယ်မရှိ

အင်္ဂလန်ဘောလုံးအသင်းသည် လာမည့်ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအတွက် ခြေစစ်ပွဲအောင်မည်ဖြစ်သော်လည်း လာမည့်ပြိုင်ပွဲများ၌ အနိုင်ရနိုင်သည့် ခြေစွမ်းမရှိကြောင်း နည်းပြရွှင်ဟော့ဆန်က ဝန်ခံပြောကြားလိုက်သည်။ အင်္ဂလန်နှင့် ဘရာဇီးချစ်ကြည်ရေးပွဲအဖြစ် ဇွန် ၂ရက်တွင် မကစားမီ ရှွင်ဟော့ဆန်က ပြောကြားလိုက်ခြင်းဖြစ်သည်။ အင်္ဂလန်အသင်းသည် စက်တင်ဘာ ၆ ရက်တွင် ကမ္ဘာ့ဖလားလက်ကျန်ခြေစစ်ပွဲလေးပွဲကစားရမည် ဖြစ်သည်။ ထိုရက်တွင် အင်္ဂလန်က မော်ဒိုဗာနှင့် ဝင်ဘလေကွင်း၌ ကစားရမည်။ လက်ရှိအုပ်စုတွင် မွန်တီနီဂရိုအသင်းနောက်မှ နှစ်မှတ်ခွဲ၍ လိုက်နေသည်။

ပယ်လီဂရိုနီ မန်စီးတီးနှင့်ဆွေးနွေး

မန်ချူရယ် ပယ်လီဂရိုနီသည် မာလာဂါနှင့် ရာသီကုန်ပြီးဆုံးပြီးနောက် မန်စီးတီးနှင့် ဆွေးနွေးသွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။ အသက် ၅၉ နှစ်ရှိ ပယ်လီဂရိုနီသည် မေလက မန်စီးတီးနည်းပြလုပ်ရန် မာလာဂါမှ ထွက်ခွာမည်ဟု ကြေညာခဲ့သည်။ မာလာဂါအသင်းသည် ဘာစီလိုနာနှင့် နောက်ဆုံးကစားခဲ့ပြီးနောက် ယခုအခါ မန်စီးတီးနှင့်စတင်ဆွေးနွေးမည်ဖြစ်သည်။ မိမိအနေဖြင့် မန်စီးတီးနှင့် တရားဝင်စတင်ဆွေးနွေးသွားရန် သဘောတူထားပြီးဖြစ်ကြောင်း ပယ်လီဂရိုနီက ပြောကြားသည်။

ကောင်းမြတ်သူ စုစည်းသည်

ဘောလုံးသတင်းအတိုအထွာ

မောင်ချစ်ကြည်

- ပီအက်စ်ဂျီအသင်းက ကမ်းလှမ်းမှုကို မိမိလက်ခံရရှိထားကြောင်း မန်ယူ တိုက်စစ်မှူး ရွန်းနေက ထုတ်ဖော်ပြောကြားသည်။
- ၃၁ နှစ်အရွယ်ရှိ ဘာစီလိုနာတိုက်စစ်မှူး ဒေးဗစ်ဗီလာကို လီဗာပူးက ခေါ်ယူရန် ကြိုးစားလျက်ရှိသည်။
- မန်ယူတိုက်စစ်မှူး ဟာနန်ဒက်ဇ်ကို ဂျူဗင်တပ်စ်က စာချုပ်နိုင်ရေး စီစဉ်လျက်ရှိသည်။
- နယူးကာဆယ်အသင်းသည် ဒါဘီကောင်တီအသင်းမှ ကွင်းလယ်ကစားသမား ဝိလ်ဟက်ကို ပေါင် ၁၀ သန်းပေးပြီး ခေါ်ယူမည်ဖြစ်သည်။
- ချယ်လ်ဆီးကွင်းလယ်ကစားသမား ကိုင်လီစတော့ကို ဂျူဗင်တပ်စ်၊ ဘာစီလိုနာနှင့် ရီးရဲမက်ဒရစ်တို့က အပြိုင်ခေါ်ယူလျက်ရှိသည်။
- မန်ယူနည်းပြသစ်ဖြစ်လာမည့် ဒေးဗစ်မိုယက်စ်က အသက် ၂၀ အရွယ်ရှိ ဉရုဂွေးခံစစ်မှူး ဗာလီရာကို စာချုပ်ချုပ်ဆိုခေါ်ယူမည်ဖြစ်သည်။
- ချယ်လ်ဆီးအသင်းသည် အက်သလက်တီကို ဂိုးသမားကာတိုအစ်ကို အငှားစာချုပ် သက်တမ်းထပ်မံတိုးရန် ဆွေးနွေးလျက်ရှိသည်။
- ရီးရဲဘက်တစ် ဂိုးသမား အက်ဒရင်ကို ဂီတာဖေးနှင့် အက်စ်ပန်ညိုတို့က ခေါ်ယူရန် ကြိုးစားလျက်ရှိသည်။
- တူရကီကလပ် ဖီနာဘာချီမှ ကွင်းလယ်ကစားသမား ကရာဆစ်ကို ဆန်းဒါးလန်းက စာချုပ်နိုင်ရေး ဆွေးနွေးလျက်ရှိသည်။
- အသက် ၃၆ နှစ်အရွယ်ရှိ အဲဗာတန်အသင်းခေါင်းဆောင် ဖီးလ်နဗီးကို ဘရိုက်တန်နည်းပြအဖြစ် တာဝန်ပေးရန် စီစဉ်လျက်ရှိသည်။
- ကျူပီအာအသင်း ကွင်းလယ်ကစားသမား ဂျိုးဘာတန်က မာဆေးလ်၌ အငှားချထားမှုကို အဆုံးသတ်လိုကြောင်း ထုတ်ဖော်ပြောကြားသည်။
- မန်ယူသည် အိုးထရက်ဖို့ဒ်ကွင်းမြက်ခင်းပြင်ကို ဝင်ဘလေကွင်းမြက်ခင်းပြင်ကဲ့သို့ ပြုပြင်အစားထိုးသွားရန် စီစဉ်လျက်ရှိသည်။

ပျောက်ဆုံးကြောင်း

ကျွန်တော် ထွန်းထွန်းဝင်း (ဘ)ဦးဟာမြင့် ၁၄/ပသန(နိုင်) ၂၀၈၂၉၈ ၏ မနလ-၆၃၀၆၄၅ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။ ဖုန်း-၀၁-၃၉၄၃၈၁

ဆရာဒွေး အင်္ဂလိပ်စာသင်တန်း

သဒ္ဒါ နှင့် အရေးအသားသင်တန်း

Ph: 01-375970, 0951 72096, 0950 47516

ဆရာဦးအောင်ကိုကိုလတ် (B.A Korean Y.U.F.I) ဦးစီးသော

KBJ (ကိုရီးယားဘာသာစကားသီးသန့်သင်တန်းကျောင်း)

EPS-TOPIK စာမေးပွဲဖြေဆိုပြီး ကိုရီးယားသွားမည့်သူများအတွက်

EPS-TOPIK တန်းခွဲများနှင့် စကားပြောတန်းခွဲများဖွင့်ပြီ

52(b), ၄ လွှာ၊ ...

HP : 09-51-66258, 09-430-97510

မြတ်သူရိန် စုစည်းပြုစုသည်

ဂျပန်-အင်္ဂလိပ်-မြန်မာ

သုံးရောင်ခြယ်စာစုများ

ထွက်ပြီ

အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်အတွင်းရှိ အထူးအဖွဲ့များ၊ တောင်ကြီးမြို့နယ်၊ ညောင်ရွှေမြို့နယ်၊ ကလောမြို့နယ်၊ ပင်းတယမြို့နယ်၊ ရပ်စောက်မြို့နယ်၊ ရွာငံမြို့နယ်၊ ဟိုပုံးမြို့နယ်၊ ပင်လောင်းမြို့နယ်၊ ဆီဆိုင်မြို့နယ်၊ ဖယ်ခုံမြို့နယ်၊ နောင်တရားမြို့နယ်ခွဲ၊ ကျောက်တစ်လုံးကြီးမြို့နယ်ခွဲနှင့် အင်တောမြို့နယ်ခွဲများမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည့် ပြည်ထောင်စု/ပြည်နယ် လမ်း၊ တံတားလုပ်ငန်းများ၌ အသုံးပြုရန်လိုအပ်သော လမ်းခင်းကျောက်မျိုးစုံအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

အိတ်ဖွင့်တင်ဒါအမှတ်	အမှတ်(၁)
၁။ လိုအပ်သောကျောက်မျိုးစုံ	- ၅၉၇၅၀ ကျင်း
၂။ တင်ဒါပိတ်မည့်ရက်/အချိန်	- ၁၈-၆-၂၀၁၃၊ ၁၆း၃၀ နာရီ
၃။ တင်ဒါဖွင့်မည့်ရက်/အချိန်	- ၁၉-၆-၂၀၁၃၊ ၉း၀၀ နာရီ
၄။ တင်ဒါ/တင်သွင်းစိစစ်ရွေးချယ်မည့်နေရာ	- ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ တောင်ကြီးမြို့။ ဖုန်း-၀၈၁-၂၁၂၁၁၄၂

၅။ အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

Telecommunication Towers For Sale

We are selling self support Telecommunication Towers:

TYPES
- 3 legged Tower
- 4 legged Tower
- Guy tower

SPECIFICATIONS
- Steel grades - SS400
- Height available - Any height
- Stock in (Yangon)-3 Legged Self Support Tower height 42m 100+ Towers available
  - steel member shall be hot dip galvanized
  - bolts and nuts shall be hot dip galvanized

INDIGO SEA MYANMAR Trading Co., Ltd.
Office Ph: 95-1-2301521, 95-9-5174749, 09 44800 7779
Email: Indigoseasg@gmail.com

ကြော်ငြာ

မြန်မာ့ဘောလုံးအသင်းအား
ဂုဏ်ယူစွာဖြင့်
ပံ့ပိုးကူညီသည်။
၂၀၁၂မှစ၍ ဂုဏ်ယူစွာဖြင့် ပံ့ပိုးကူညီသည်။
Digicel
DIGICELMYANMAR.COM
Digicel

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

မော်လိုက်မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့နှင့် ကျောင်းစာရေးကိရိယာ ထောက်ပံ့လှူဒါန်းပွဲကျင်းပ

မော်လိုက် ဇွန် ၂

မော်လိုက်မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့နှင့် ကျောင်းသုံးစာရေးကိရိယာ ထောက်ပံ့လှူဒါန်းပွဲ အခမ်းအနားကို မော်လိုက်မြို့ အခြေခံပညာအထက်တန်းကျောင်း ပညာရေးစုံညီခန်းမ၌ မေ ၃၀ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ကလှူဒါန်းသည့် ဗလာစာအုပ် ၃၅၇၅ ဒါဇင်ကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ကျော်က ပေးအပ်ရာ မြို့နယ်ပညာရေးမှူး ဦးခွာသိုင်းကလည်းကောင်း၊ အမှတ်(၂) အခြေခံပညာဦးစီးဌာနက လှူဒါန်းသည့် ဗလာစာအုပ် ဒါဇင် ၁၆၂၀ ကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုဦးက ပေးအပ်ရာ လက်ထောက်မြို့နယ်ပညာရေးမှူး ဦးဟာထန်းကီးကလည်းကောင်း၊ မော်လိုက်ခရိုင်/ မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် မြို့မိမြို့ဖများက လှူဒါန်းသည့် ငွေကျပ် ၂၇၀၇၀၀၊ ဗလာစာအုပ် ဒါဇင် ၁၃၀၊ ကျောင်းဝတ်စုံ ၂၀၊ ဘောလ်ပင်လေးကတ်၊ ခဲတံ ၄၃ဒါဇင်တို့ကို ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် မြို့မိမြို့ဖများက ပေးအပ်လှူဒါန်းရာ ဆရာ ဆရာမများနှင့် တာဝန်ရှိသူများကလက်ခံယူကြသည်။ **(ခရိုင် ပြန်/ ဆက်)**

မြို့နယ်လုံးကျွတ်ကျောင်းအပ်နှံရေးနေ့ မြို့သစ်၌ ကျင်းပ

မြို့သစ် ဇွန် ၂

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်၌ မြို့နယ်လုံးကျွတ်ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို မေ ၂၇ ရက် နံနက် ၉ နာရီက အထက (မြို့သစ်) ရတနာခန်းမ၌ ကျင်းပရာ ကျောင်းသား ကျောင်းသူများအတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာများ၊ အလှူရှင်များက အလှူငွေများ၊ ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများ၊ ကျောင်းဝတ်စုံများကို မြို့နယ်ပညာရေးမှူး ဒေါ်ခင်အုန်းမြက နယ်မြေကိုးခုကိုယ်စား အထက(ခွဲ) ကွက်သစ်နယ်မြေ ဆရာမကြီးဒေါ်ခင်နွဲ့ရည်ထံ ပေးအပ်ခဲ့ကြောင်း သိရသည်။ **နိုင်ဝင်း**

ချင်းပြည်နယ်လူမှုရေးဝန်ကြီး ကျောင်းအပ်နှံမှုကြည့်ရှု ကျောင်းသုံးဗလာစာအုပ်များ ပေးအပ်

ဟားခါး ဇွန် ၂

ချင်းပြည်နယ်၏ ၂၀၁၃-၂၀၁၄ ပညာသင်နှစ် ကျောင်းအပ်နှံမှုများကို ချင်းပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာဘမောင်၊ ပြည်နယ်ပညာရေးညွှန်ကြားရေးမှူး ဦးဘုန်းကြွယ်နှင့် တာဝန်ရှိသူများတွင် ဟားခါး မေ ၃၁ ရက် နံနက် ၁၀နာရီတွင် အမှတ် (၁)၊ အမှတ် (၂) နှင့် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကျောင်းအုပ်ဆရာမကြီးများနှင့် ဆရာ ဆရာမများအား ကျောင်းနေအရွယ်ကလေးများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရေး မှာကြားသည်။

ပေးအပ်

ထို့နောက် မူလတန်းအဆင့်ကျောင်းနေရွယ် ကလေးများအား ကျောင်းသုံးစာအုပ်နှင့် ဗလာစာအုပ်များကို ပြည်နယ်လူမှုရေးဝန်ကြီးနှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်းသိရသည်။ **(အပေါ်ပုံ)**

(ပြည်နယ် ပြန်/ဆက်)

ဘုရားကျောင်းကန် ခြွင်းမချန် မီးရန်သတိထားပါ

ကျောင်းအပ်နှံရေးနေ့ သီတင်းပတ်ဆိုင်းဘုတ်ဖွင့်

မလှိုင် ဇွန် ၂

၂၀၁၃-၂၀၁၄ ပညာသင်နှစ် မလှိုင်မြို့နယ်ပညာရေးကြီးကြပ်မှုကော်မတီကကြီးမှူး၍ ကျောင်းအပ်နှံရေးသီတင်းပတ် ဆိုင်းဘုတ်ဖွင့်ပွဲကို မေ ၂၈ ရက် နံနက် ၇ နာရီက မလှိုင်မြို့ ပန်းလှိုင်ရွှေဝါခန်းမရှေ့၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးရွှေနန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သိန်းလှိုင်၊ မြို့နယ်ပညာရေးမှူး ဒေါ်စန်းရီနှင့် မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

လက်ခံယူ

ဆက်လက်၍ နံနက် ၈ နာရီတွင် မလှိုင်အထကရှိ ဧရာဝတီခန်းမဆောင်၌ မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို ဆက်လက်ကျင်းပရာ မြို့နယ်အတွင်းရှိ ကျောင်းများမှ ကလေးများအတွက် ပညာသင်စရိတ်ထောက်ပံ့နိုင်ရေး အလှူငွေစုစုပေါင်း ငွေကျပ် ၃၈ သိန်းကို ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ အသင်းအဖွဲ့များ၊ အလှူရှင်များနှင့် ဘာသာရပ်သင် ကိုယ်ပိုင်သင်တန်းကျောင်းများက ပေးအပ်လှူဒါန်းရာ မြို့နယ်ပညာရေးမှူးက လက်ခံယူခဲ့ကြောင်း သိရသည်။ **(၀၈၃)**

ကျောင်းအပ်နှံရေးနေ့ အခမ်းအနား ကျင်းပ

မော်လူး ဇွန် ၂

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးကျေးရွာအုပ်စု အုန်းနတ်ကျေးရွာ မူလတန်းကျောင်း၌ မေ ၂၅ ရက်နှင့် မော်လူးစံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်း သရဖီခန်းမဆောင်၌ မေ ၂၉ ရက်တို့က ကျောင်းအပ်နှံရေးနေ့အခမ်းအနားများ ကျင်းပသည်။

မော်လူးစံပြကျေးရွာအထက်တန်းကျောင်းမှ ကျောင်းအုပ်ကြီးက "ဇွန်၃ ရက်ကစပြီး ဘာသာရပ်အလိုက်သင်ကြားရေးစတော့မှာပါ။ ကျောင်းနေပျော်ရေး၊ ကျောင်းနေမြဲရေး၊ ကျောင်းနေပျော်ပြီး စာတော်ရေးဖြစ်ဖို့အတွက် သင်ကြားရေးပိုင်းမှာကျောင်းသား၊ ဆရာနဲ့မိဘ အပြန်အလှန်လေးစားလိုက်နာဆွေးနွေးဆောင်ရွက်သွားမှာပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။ **နီတိုး**

အများပြည်သူဝန်ဆောင်မှု မီဒီယာဥပဒေကြမ်း ရှင်းလင်းမှုဖိတ်ကြားခြင်း

အများပြည်သူဝန်ဆောင်မှု မီဒီယာဥပဒေကြမ်းနှင့်ပတ်သက်၍ ပြန်ကြားရေးဝန်ကြီးဌာနက စာနယ်ဇင်းများနှင့် ပြည်သူများအား ရှင်းလင်းတင်ပြသည့်အခမ်းအနားကို အောက်ပါအတိုင်း ပြုလုပ်မည်ဖြစ်ပါသဖြင့် စာနယ်ဇင်းသမားများနှင့် စိတ်ပါဝင်စားသူများ မည်သူမဆို တက်ရောက်နိုင်ပါကြောင်း ဖိတ်ကြားအပ်ပါသည်။

ရက်စွဲ - ၈-၆-၂၀၁၃ ရက် (စနေနေ့)

အချိန် - နံနက် ၁၀ နာရီ

နေရာ - ဗဟိုပုံနှိပ်စက်ရုံ၊ အစည်းအဝေးခန်းမ၊ ၂၂၈-သိမ်ဖြူလမ်း၊ ရန်ကုန်မြို့

ပြန်ကြားရေးဝန်ကြီးဌာန

ရထားပို့ဆောင်ရေးဝန်ကြီးဌာန

မြန်မာ့မီးရထား

အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ အောက်ပါလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်-

စဉ်	တင်ဒါအမှတ်	လုပ်ငန်းအမည်/တည်နေရာ
1	၂၇/မမ/CE	နေပြည်တော်ဘူတာတွင် အမှတ်(၁)(၂)လမ်းအား သံကူကွန်ကရစ် ကြမ်းခင်းလောင်းခြင်းလုပ်ငန်း။(၂ x ၁၀၀၀')
2	၂၈/မမ/CE	ရွှေညောင်ကွန်ကရစ် ဇလီဖားစက်ရုံတွင် (က) စက်ရုံအဝင် ဂိတ်တဲ (၁)လုံး တည်ဆောက်ခြင်း။(၈ ပေ x ၈ ပေ) (ခ) Sleeper Stacking Yard သဲ-ဂေ လက်မထု ခင်းခြင်း။(၄၂၀ ပေ x ၁၁၂ ပေ) (ဂ) စက်ရုံအဝင် အုတ်သံပန်း ဂိတ်တံခါးနှင့် ဆိုင်းဘုတ်ပြုလုပ်ခြင်း။
3	၂၉/မမ/CE	သီပေါ ကွန်ကရစ် ဇလီဖားစက်ရုံတွင် (က) Clip Work Shop တည်ဆောက်ခြင်း။(၁၈၀ ပေ x ၄၀ ပေ) (ခ) Stirrup Production Work Shop တည်ဆောက်ခြင်း။(၁၀၀ ပေ x ၄၀ ပေ) (ဂ) Repairing House တည်ဆောက်ခြင်း။(၆၀ ပေ x ၂၆ ပေ) (ဃ) Batching Plant Ramp တည်ဆောက်ခြင်း။(၈၈ ပေ x ၂၅ပေ) (င) စက်ရုံဝင်းအတွင်း ကွန်ကရစ်ကားလမ်း(၂၄၁၃-ပေ) ခင်းခြင်းနှင့်ပင်မအလုပ်ရုံ Apron (၁၆၇၀-ပေ)ခင်းခြင်း။ (စ) ဂိတ်တဲ(၂)လုံး တည်ဆောက်ခြင်း(၈ ပေ x ၈ ပေ)

တင်ဒါပိတ်မည့် နေ့/အချိန် - ၁၇.၆.၂၀၁၃(တနင်္လာနေ့)(၁၂:၀၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၃.၆.၂၀၁၃)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၄င်းဌာနသို့မေးမြန်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ထောက်ပံ့ဌာန၊မြန်မာ့မီးရထား၊ကုန်သည်လမ်းနှင့် သိမ်ဖြူလမ်းထောင့်၊ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့၊ဖုန်း -294352,291994

စက်မှုဝန်ကြီးဌာန
အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများအား (CIF, YGN) နိုင်ငံခြားငွေ (US $)ဖြင့် ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	တင်ဒါအမှတ်
(က)	Component Parts for Excavator(29 Tons)	15 Sets	No.(1)HIE/13-14/CP/002
(ခ)	Component Parts for Mini Excavator	40 Sets	No.(1)HIE/13-14/CP/003
(ဂ)	Component Parts for Bulldozer	15 Sets	No.(1)HIE/13-14/CP/004
(ဃ)	Pig Iron	300 Tons	No.(1)HIE/13-14/RM/005
(င)	Raw Material for Welding Electrode	1 Lot	No.(1)HIE/13-14/RM/006

၂။ စက်မှုဝန်ကြီးဌာန၊ အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများအား စက်ရုံအရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	တင်ဒါအမှတ်
(က)	Component Parts for Combine Harvester(70HP)	200 Sets	No.(1)HIE/13-14/CP/007
(ခ)	Component Parts for Combine Harvester(85 HP)	200 Sets	No.(1)HIE/13-14/CP/008
(ဂ)	Engine for Bulldozer (217 HP/1800 rpm)	5 Nos.	No.(1)HIE/13-14/Engine/009
(ဃ)	Engine for Excavator (227 HP/1900 rpm)	1 No.	No.(1)HIE/13-14/Engine/010

၃။ အိတ်ဖွင့်တင်ဒါပုံစံများ၊ တင်ဒါစည်းကမ်းချက်များ၊ ဝယ်ယူလိုသည့်ပစ္စည်းများ၏ (Technical Specification)များ၊ အသေးစိတ်အချက်အလက်များနှင့်ပတ်သက်၍ ၅-၆-၂၀၁၃ရက်မှစတင်၍ ရုံးဖွင့်ရက်များတွင် ရုံးချိန်အတွင်း အောက်ပါလိပ်စာ၌ လာရောက်ထုတ်ယူနိုင်ပါသည်-

၄။ တင်ဒါများ နောက်ဆုံးထားပေးသွင်းရမည့်ရက်မှာ ၂၀-၆-၂၀၁၃ရက် မွန်းတည့် ၁၂ နာရီဖြစ်ပါသည်။

ထုတ်လုပ်မှုစီမံရေးဌာန၊ အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်း
စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် (၃၀)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၅၀၅၆၊ ၀၆၇-၄၀၅၁၇၁

အမည်ပြောင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ အထက(၉) အဋ္ဌမတန်းမှ ဦးညီညီလွင်၏သား မောင်ခန့်ညားအောင်အား မောင်လင်းလက်အောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်လင်းလက်အောင်**

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ဟ/၆၆၇၃ ယာဉ်လက်ဝယ်ရှိသူ ဦးချစ်ဝင်း ၅/ကလထ(နိုင်) ၀၂၆၃၁၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး၊ ကလေးမြို့**

မိဘအမည်မှန်

အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ကြည့်မြင်တိုင်မြို့နယ် မညိမ်းညိမ်းဇော် တက္ကသိုလ်ဝင်တန်း၏ မိဘအမည်မှန်မှာ ဦးမင်းမွန်အောင်-ဒေါ်သဥ္ဇာဝင်း ဖြစ်ပါသည်။

ဖခင်အမည်မှန်

လုံးခင်းမြို့နယ်၊ မော်စီစာ အလက(ခွဲ) ဆဋ္ဌမတန်းမှ မခေါန်ဂျာအောင်၏ ဖခင်အမည်မှန်မှာ ဦးကွန်ဘူနော် ဖြစ်ပါသည်။

အမည်မှန်

ဦးသောင်းညွှန့်၏သား မြစ်ကြီးနားမြို့၊ အထက(၄)၊ အဋ္ဌမတန်း(D)မှ မောင်နိုးနိုးအား မောင်ယော်ဆာဆဲဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ယော်ဆာဆဲ**

ဖခင်အမည်မှန်

ကျိုင်းတုံမြို့၊ အထက(၃)၊ အဋ္ဌမတန်း(B)မှ မနန်းစမ်မွေငင်း၏ဖခင်အမည်မှန်မှာ ဦးအိုက်ဆိုင်နွဲ့ ဖြစ်ပါကြောင်း။ **ဦးအိုက်ဆိုင်နွဲ့**

ဖခင်အမည်မှန်

ကျိုင်းတုံမြို့၊ အထက(၃)၊ သတ္တမတန်း(A)မှ စိုင်းစောလမွန်၏ဖခင်အမည်မှန်မှာ ဦးအိုက်စိုင်း ၁၃/မခန(နိုင်)၀၀၈၆၆၀ဖြစ်ပါကြောင်း။ **ဦးအိုက်စိုင်း**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ကျိုင်းတုံမြို့နယ်ရှိ နမ့်ကွတ်ဆည် ရေပေးမြောင်းတစ်လျှောက် ပျိုးပင်များစိုက်ပျိုး

ကျိုင်းတုံ ဇွန် ၂

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့နယ်မိုင်းဇင်းကျေးရွာအုပ်စု မိုင်းဇင်းကျေးရွာအနီး မိတ္ထီလာ-တောင်ကြီး- ကျိုင်းတုံ- တာချီလိတ် ပြည်ထောင်စုကားလမ်းမကြီးဘေးရှိ နမ့်ကွတ်ရေလွှဲဆည် ရေပေးမြောင်း မြေကွက်လပ်များ၌ မေ ၃၀ ရက် နံနက် ၈ နာရီက မြို့နယ်သစ်တောဦးစီးဌာနနှင့် ဆည်မြောင်းဦးစီးဌာနတို့မှ ဝန်ထမ်းများသည် ပျိုးအိတ်ကြီးများဖြင့် ပျိုးထောင်ထားရှိခဲ့သည့် သပြေပင် ၇၅ပင်၊ မယ်ဇယ်ပင် ၇၅ ပင် စုစုပေါင်းပျိုးပင်ကြီး ၁၅၀ တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

ဒေသခံတိုင်းရင်းသား ပြည်သူများအနေဖြင့် သစ်ပင်များကို စိုက်ပျိုးထိန်းသိမ်းလိုစိတ် ရှိလာစေရန် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းလိုသည့်စိတ်ဓာတ်များ ပျံ့ပွားမှုပိုမိုကျယ်ပြန့်များပြားလာစေရန် ရည်ရွယ်၍ပျိုးပင်များကို စုပေါင်းစိုက်ပျိုးပေးခဲ့ခြင်းဖြစ်ပြီး မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ လူမှုအသင်းအဖွဲ့အစည်းများ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၊ ဒေသခံတိုင်းရင်းသားလုပ်သားပြည်သူများနှင့် ပူးပေါင်း၍ အများပြည်သူနှင့်သက်ဆိုင်သောနေရာများတွင် အရိပ်အာဝါသရရှိစေမည့် ပျိုးပင်များကို ပြည်သူ့အကျိုးပြုလုပ်ငန်းတစ်ရပ်အဖြစ် ခံယူ၍အပတ်စဉ် ဆောင်ရွက်ပြုလုပ်သွား မည်ဖြစ်ကြောင်းသိရှိရသည်။**နိုင်နိုင်အောင်ဝေ**

မွေးမြူရေးအစာ ဈေးနှုန်းတက်မည်ကိုစိုးရိမ်

ရန်ကုန် ဇွန် ၂

ဆန်စပါးလောကတွင် ဖွဲနုများပြည်ပနယ်စပ်သို့ အပို့များနေသဖြင့် ပြည်တွင်း မွေးမြူရေးအစာဈေးနှုန်းများ ကြီးမြင့်မည်ဟု စိုးရိမ်စိတ်များဖြစ်ပေါ်နေကြောင်း၊ မွေးမြူရေးအစာကုန်ကြမ်း ဈေးနှုန်းတက်သကဲ့သို့ မွေးမြူရေးအစားအစာများတွင် စပါးကြိတ်ခွဲရာမှ ထွက်လာသော ဖွဲများရောနှောရောင်းနေရာ တိရစ္ဆာန်များအတွက် အာဟာရပရိုတိန်းမရှိဘဲ ငွေကြေးပိုမိုကုန်ကျမှုသာများနေကြောင်း၊ ယင်းသို့ မွေးမြူရေးအစာဈေးနှုန်းကြီးမြင့်မှုကြောင့် ပြည်တွင်းစားသုံးသူများအပေါ် အသား၊ ငါးဈေးနှုန်းများ ကြီးမြင့်မှုကို ဖြစ်စေသည်ဟု ငါးကန်လုပ်ငန်းရှင် ဦးသက်ခိုင်က ဆိုသည်။

ယခင်က ဆန်စက်များမှထွက်ရှိသည့် စွန့်ပစ်ပစ္စည်းဖြစ်သော စပါးခွံများကို လောင်စာအဖြစ်သာ သုံးစွဲပြီး ပိုလျှံသမျှဆန်စက်အနီးရှိ မြစ်ချောင်းများမှတစ်ဆင့် ရေစီးဖြင့် မျှောလေ့ရှိသော်လည်း ၂၀၀၀ခုနှစ်မှစ၍ စပါးခွံများကို အမှုန့်ကြိတ်ပြီး ဖွဲများဖြင့် ရောနှောခြင်းလုပ်ငန်းများ တွင်ကျယ်လာပြီးနောက် စပါးခွံများ မြစ်ချောင်းအတွင်း ရေမျှောခြင်းမရှိတော့ကြောင်း ဆန်စက်အနီး နေသူများက ဆိုသည်။

စပါးခွံများကို ကြိတ်သည့်ကြိတ်စက်တန်ဖိုးမှာ ငွေကျပ် ၁၀သိန်းဝန်းကျင်သာရှိပြီး လျှပ်စစ်မီးရသည့်နေရာများတွင် မော်တာဖြင့်လည်းကောင်း၊ လျှပ်စစ်မီးမရသည့်နေရာများတွင် မြင်းကောင်ရေ ၂၀ ဝန်းကျင်ရှိ အင်ဂျင်ဖြင့်လည်းကောင်း လည်ပတ်ကြိတ်ခွဲရကြောင်း၊ စပါးခွံသက်သက်ဖြစ်သည့်အတွက် စပါးခွံကြိတ်ရာမှ ထွက်လာသောဖွဲများသည် တိရစ္ဆာန်များအတွက် အာဟာရမဖြစ်ရုံသာမက လုပ်ငန်းရှင်များအတွက်လည်း ငွေကြေးကုန်ကျသလောက် အကျိုးမရှိဖြစ်နေကြောင်း၊ စပါးခွံများ ကြိတ်ခွဲရာတွင် နွားစားဖွဲ (ခေါ်) ဝက်စားဖွဲအကြမ်းနှင့်ရောရန် ရိုးရိုးကြိတ်၊ အချို့ဆိုလျှင် ဖွဲနုဖြင့်ရောရန် အမှုန့်ဆုံး အနုကြိတ် နှစ်မျိုးနှစ်စား ခွဲခြားကြိတ်ခွဲပြီး ဖွဲကြမ်း၊ ဖွဲနုများနှင့်ရောနှော၍ ဈေးကွက်သို့ တင်ပို့ရောင်းချကြကြောင်း ဆန်စက်လုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

သယ်ယူပို့ဆောင်

တရုတ်နယ်စပ်သို့ ဖွဲနုတင်ပို့မှုကြောင့် မွေးမြူရေးအစာဈေးနှုန်း မြင့်တက်မည်ကို စိုးရိမ်ရသကဲ့သို့ လယ်ယာစိုက်ပျိုးရေးတွင် ဓာတ်မြေဩဇာအတုများရှိနေသည့်နည်းတူ မွေးမြူရေးလုပ်ငန်းသုံး ဝက်စားဖွဲ၊ ဖွဲနုများတွင် ရောနှောနေသော စပါးခွံကြိတ်ရာမှ ထွက်ရှိသော ဖွဲအတုများကိုလည်းတားဆီးအရေးယူသင့်ကြောင်း၊ သို့မှသာ ဈေးကွက်များတွင် ရှိသော အတုအယောင်ပစ္စည်းများ ပပျောက်ပြီး သုံးစွဲသူများငွေကြေး ကုန်ကျသမျှအကျိုးရှိနိုင်မည်ဟု စပါးခွံကြိတ်ရာမှ ထွက်ရှိသော ဖွဲကြမ်းများကို မွေးမြူရေးလုပ်ငန်းများသို့ သယ်ယူပို့ဆောင်ပေးနေသူ ကုန်တင်ယာဉ်သမားတစ်ဦးက ဆိုသည်။

မောင်စေအောင်

ကန်ကြီးထောင့်မြို့နယ်တွင် ၂၀၁၃ – ၂၀၁၄ ပညာသင်နှစ် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေး အခမ်းအနား ကျင်းပ

ကန်ကြီးထောင့် ဇွန် ၂

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်၏ ၂၀၁၃-၂၀၁၄ ပညာသင်နှစ် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးအခမ်းအနားကို မေ ၂၉ ရက် မွန်းလွဲ ၁ နာရီခွဲက ကန်ကြီးထောင့်မြို့ အထက အမျိုးသားခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီးဒေါ်ခင်စောမူက အမှာစကားပြောကြားခဲ့ပြီး ဧရာဝတီတိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူး ကိုယ်စား ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်ပြုံးညိုက ပညာရေးဆိုင်ရာများ ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာနက ပေးအပ်သော ငွေကျပ်၂၁၅ ဒသမ ၅ သိန်းတန်ဖိုးရှိ ဗလာစာအုပ်များကို လူမှုရေးဝန်ကြီးက ပေးအပ်လှူဒါန်းရာ ကန်ကြီးထောင့်မြို့နယ် ပညာရေးမှူး ဒေါ်လှရီက လက်ခံရယူသည်။

အလားတူ တန်ဖိုး ငွေကျပ် ၁၃၃၈၀၀၀ တန်ဖိုးရှိ မူလတန်းပုံနှိပ် စာအုပ်များကို ဒုတိယ မြို့နယ်ပညာရေးမှူးဦးမြင့်အေးက လက်ခံယူခဲ့ပြီး အလှူရှင်များ ကလှူဒါန်းသော လှူဒါန်းငွေများကို တာဝန်ရှိသူများက လက်ခံယူပြီး ကန်ကြီးထောင့်မြို့နယ်တွင် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မြို့နယ်လုံးကျွတ်ကျောင်းအပ်နှံရေးအခမ်းအနား ကျင်းပရေးအတွက် အလှူရှင်များ၏စုပေါင်း လှူဒါန်းငွေစုစုပေါင်းမှာ ငွေကျပ်၁၇၆၁၂၀၀ဖြစ်ပြီး ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်က လှူဒါန်းသောဗလာစာအုပ်၁၆၅၀ကို လူမှုရေးဝန်ကြီးက ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

မဇင်(ရွှေကန်မြေ)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး ခွင့်ပြု ရန်ပုံငွေဖြင့် လမ်း/တံတားလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်သည့် လမ်းခင်းပစ္စည်းများကို လမ်းအလိုက်၊ အပိုင်းအလိုက် (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

စဉ်	ကျောက်အမျိုးအစား	အရေအတွက်
၁	ခွဲကျောက်မျိုးစုံ	၄၃၅၀၀ ကျင်း

တင်ဒါလျှောက်လွှာပိတ်ရက်- ၁၄-၆-၂၀၁၃ရက်
တင်ဒါလျှောက်လွှာပိတ်မည့်အချိန်- ညနေ ၅ နာရီ

၂။ တင်ဒါလျှောက်လွှာပုံစံများကို ဂန့်ဂေါခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ခရိုင်အင်ဂျင်နီယာမှူးရုံးတွင် ၃၁-၅-၂၀၁၃ရက်မှစ၍ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဖုန်း-၀၆၂-၅၀၀၂၈

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
အိတ်ဖွင့်လေလံခေါ်ယူခြင်း

၁။ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းကြီးကြပ်မှုအောက်ရှိ ရေနံနှင့်ရေနံဓာတုဗေဒပစ္စည်းများ သယ်ယူပို့ဆောင်ရေးဌာနပိုင်ရန်ကုန်မြစ်အတွင်း နစ်မြုပ်လျက်ရှိသော MT မြန်အောင်ရေယာဉ် အမြုပ်သင်္ဘောအား လက်ရှိမျက်မြင်အခြေအနေအတိုင်း ဆယ်ယူခြင်းလုပ်ငန်းဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် အဆိုပြုလွှာတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၁-၆-၂၀၁၃ရက်မှ ၁၇-၆-၂၀၁၃ ရက်အထိ (ရုံးချိန်အတွင်း)

၃။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - (က)ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်
(ခ)ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ အမှတ် ၇(က)၊ သန်လျက်စွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့

၄။ **တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်** - ၁၈-၆-၂၀၁၃ ရက် (အင်္ဂါနေ့)
အချိန်နှင့်နေရာ - ၁၂:၀၀ နာရီ၊ မြန်မာရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်
တင်ဒါဖွင့်လှစ်မည့်နေ့ရက်နှင့်အချိန် - ၁၈-၆-၂၀၁၃ရက်၊ ၁၃:၀၀ နာရီ

၅။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၃၉၇၈၁၄၊ ၀၆၇-၄၁၁၁၂၂၊ ၀၆၇-၄၁၁၁၉၅ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

လေလံတင်ရောင်းချရေးအဖွဲ့
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ နေပြည်တော်

ဖခင်အမည်မှန်

မြိတ်မြို့၊ အထက(၂)၊ သတ္တမတန်းအောင်မှ မောင်နိုင်လင်းဦး၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးချစ်စိန် ၆/တသရ(နိုင်)၀၀၂၀၇၃ဖြစ်ပါကြောင်း။

အမည်ပြောင်း

မြိတ်မြို့၊ ကန်စွန်းအင်း ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်း(1-B)တွင် ပညာသင်ကြားနေသော ဦးဝင်းအောင်၏ သမီး မဇင်ဇင်ထွန်းအား မဇင်ဇင်အောင်ဟု ပြောင်းလဲခေါ်ပါရန်။

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းမှ ရေယာဉ်(၂)စင်းအား ကိုယ်ထည်ပိုင်းနှင့် အင်ဂျင်ပိုင်းပြင်ဆင်ခြင်းအတွက် ဈေးပြိုင်ပေးသွင်းလိုသူများအား ဖိတ်ခေါ်အပ်ပါသည်။
၂။ တင်ဒါပိတ်သိမ်းမည့်ရက်မှာ ၁-၇-၂၀၁၃ရက်(တနင်္လာနေ့)ညနေ ၁၆:၃၀နာရီဖြစ်ပြီး တင်ဒါဖွင့်ဖောက်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။
၃။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၊ (ရုံးချုပ်) ဖုန်း-၀၆၇-၄၁၄၁၈၄၊ ၄၁၄၀၈၄တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီးအတွင်းရှိ ပခုက္ကူခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပြည်ထောင်စုနှင့်တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် လမ်းလုပ်ငန်းများဆောင်ရွက်ရန် လိုအပ်သည့် လမ်းခင်းပစ္စည်းများကို လမ်းအလိုက်၊ အပိုင်းလိုက် (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်-

စဉ်	ကျောက်အမျိုးအစား	အရေအတွက်
၁။	(က)ခွဲကျောက်မျိုးစုံ	၃၀၀၀၀ ကျင်း

တင်ဒါလျှောက်လွှာပိတ်ရက် - ၇-၆-၂၀၁၃ရက်
တင်ဒါလျှောက်လွှာပိတ်မည့်အချိန်- ညနေ ၅:၀၀ နာရီ

၂။ တင်ဒါလျှောက်လွှာပုံစံများကို ပခုက္ကူခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ခရိုင်အင်ဂျင်နီယာမှူးရုံးတွင် ၁-၆-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဖုန်း-၀၆၂-၂၁၀၀၅

ပညာရေးဝန်ကြီးဌာန
အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်
NATIONALMANAGEMENT COLLEGE
ဒီပလိုမာသင်တန်းများအတွက် သင်တန်းလျှောက်လွှာခေါ်ယူခြင်း

အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်နှင့် Winner Computer Group တို့ ပူးပေါင်း၍ အောက်ပါဒီပလိုမာ သင်တန်းအမှတ်စဉ် (၂၆)ကို ဖွင့်လှစ်မည်ဖြစ်ပါသည်။

၁။ သင်တန်းအမည်-(က) Diploma in Information and Communication Technology (DICT)
(ခ) Diploma in Software Engineering (DSE)
(ဂ) Diploma in Hardware Engineering (DHE)
(ဃ) Diploma in Network Engineering (DNE)

၂။ **အနိမ့်ဆုံးပညာအရည်အချင်း-** တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆို/အောင်မြင်ပြီးသူများဖြစ်ရမည်။
၃။ **သင်တန်းကာလ-** (၁) နှစ် (Project အပါအဝင်)
၄။ **စတင်ဖွင့်လှစ်မည့်ရက်-** ၁၉ ရက် ဇွန်၊ ၂၀၁၃ ခုနှစ်

အသေးစိတ်သိလိုပါက အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်၊ (Winner Computer Group) လေးထပ်ဆောင်၊ ကုန်သည်လမ်းနှင့် ဗိုလ်တထောင်ဘုရားလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၂၉၁၉၁၃၊ ၀၁-၇၀၃၂၃၀ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
မြေတိုင်းဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်၊ မြေတိုင်းဦးစီးဌာနရှိ ဆီသိုလှောင်ကန်အား ခြံစည်းရိုးကာရံခြင်းလုပ်ငန်းဆောင်ရွက်လိုပါသည်။
အကျယ်အဝန်း- ၂၄ပေ×၂၄ပေ
အကာအရံ- ကွန်ကရစ်တိုင်၊ သံဇကာ၊သွပ်ဆူးကြိုး
၂။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း အခမဲ့ရယူနိုင်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါများကို ၇-၆-၂၀၁၃ ရက် ညနေ ၁၅:၀၀ နာရီနောက်ဆုံးထား၍ လက်ခံမည်ဖြစ်ပါသည်။

မြေတိုင်းဦးစီးဌာန(မြို့ပတ်လမ်း)
ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၃၄၃၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စက်မှုဝန်ကြီးဌာန
စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန
လျှပ်စစ်စစ်ဆေးရေး
ကြော်ငြာစာ

စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန (လျှပ်စစ်စစ်ဆေးရေး)မှ လျှပ်စစ်ကျွမ်းကျင်မှုအခြေခံသင်တန်းအမှတ်စဉ် (၁/၂၀၁၃)ကို ၁၀-၆-၂၀၁၃ ရက်မှ ၁၈-၇-၂၀၁၃ရက်အထိ ရန်ကုန်မြို့၌ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ရာ ၎င်းသင်တန်းကို ဌာနဆိုင်ရာဝန်ထမ်းမဟုတ်သော ပြင်ပမှတက်ရောက်လိုသည့် အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူ မည်သူမဆို ၆-၆-၂၀၁၃ရက်နောက်ဆုံးထား၍ အောက်ပါလိပ်စာအတိုင်း ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

လျှပ်စစ်စစ်ဆေးရေးသင်တန်းဌာန-အမှတ်(၃၅)၊ ကျိုက်ဝိုင်းဘုရားလမ်း၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၆၆၄၂၈၉၊ ၀၁-၆၆၄၂၉၃၊ ၀၁-၆၆၃၇၅၃

ရခိုင်ပြည်နယ်အတွင်း ဒုက္ခသည်ရေလုပ်သားများအတွက်
အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

၁။ ရခိုင်ပြည်နယ်အတွင်း ဒုက္ခသည်ရေလုပ်သားများအတွက် ပံ့ပိုးထောက်ပံ့နိုင်ရန် အောက်ပါရေလုပ်ငန်းသုံးပစ္စည်းများ ဝယ်ယူနိုင်ရန် အိတ်ဖွင့်တင်ဒါဖိတ်ခေါ်အပ်ပါသည်-

စက်လှေ၊ လက်လှေ၊ ကွန်၊ မျှောပိုက်၊ အနုမြူပိုက်

၂။ **တင်ဒါတင်သွင်းမည့်နေရာ** ။ ။ ရခိုင်ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနရုံး
၃။ **တင်ဒါတင်သွင်းရက်/အချိန်** ။ ။ ၁၄-၆-၂၀၁၃ရက် မွန်းလွဲ ၁၃:၀၀နာရီ
၄။ **တင်ဒါပုံစံဝယ်ယူရန်နောက်ဆုံးရက်** ။ ။ ၁၃-၆-၂၀၁၃ရက် ညနေ ၁၆:၀၀နာရီ
၅။ အသေးစိတ်အား ရခိုင်ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနရုံးတွင် စုံစမ်းနိုင်ပြီး၊ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၉-၈၅၀၂၉၉၈၊ ၀၄၃-၂၂၁၅၂၊ ၀၄၃-၂၃၇၉၈၊ ၀၉-၄၂၁၇၁၄၀၁၈တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးကော်မတီ
ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး

သတင်းဆောင်းပါး

ပျဉ်းမနားမြို့နယ်တွင် အခြေခံပညာကျောင်းများ အဆင့်တိုးမြှင့် ကျောင်းသားများ ပညာသင်ကြားရာတွင် လက်လှမ်းတမီသင်ယူနိုင်

အမေး၊ အရေး၊ ဓာတ်ပုံ
မင်းမင်းလတ်(မန်းတက္ကသိုလ်)

"ပညာရေးဖြင့်ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့" ဟူသော ဆောင်ပုဒ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်ရန်အတွက် အခြေခံပညာကျောင်းများမှ အစပြုရပါသည်။ နေပြည်တော် ကောင်စီနယ်မြေ ရှစ်မြို့နယ်တွင် အခြေခံပညာ ကျောင်းများကို စာသင်ဆောင်သစ်များ တည်ဆောက်ဖွင့်လှစ်ပေးခဲ့ပြီး ယခုအခြေခံပညာကျောင်းများတွင် သတ်မှတ်စာသင်ဆောင်များနှင့် ကျောင်းအဆင့်တိုးမြှင့်ရန် ကိုက်ညီသော အခြေခံပညာကျောင်းများအား ပညာရေးဌာနက အဆင့်တိုးမြှင့်ပေးလျက်ရှိရာ ပျဉ်းမနားမြို့နယ်ရှိ အဆင့်မြှင့်တင်ဖွင့်လှစ်သည့် ကျောင်းများနှင့်ပတ်သက်၍ မိမိတို့ သတင်းအဖွဲ့မှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ စေ့စပ် မေးမြန်းရေးသားခဲ့သည်။

ဦးဟန်ဝင်း(ဦးစီးအရာရှိ)
နေပြည်တော်ပညာရေး
ညွှန်ကြားရေးမှူးရုံး

နေပြည်တော် ပညာရေးညွှန်ကြားရေးမှူးရုံးမှ ဦးစီးအရာရှိ ဦးဟန်ဝင်းက "ကျွန်တော်တို့ နေပြည်တော် ကောင်စီနယ်မြေ ရှစ်မြို့နယ်မှာ ပညာရေးဌာနက သတ်မှတ်ထားတဲ့ ကျောင်းမြေဧရိယာ အကျယ်၊ စာသင်ဆောင်အရေအတွက် စသည့်



ဦးဟန်ဝင်း(ဦးစီးအရာရှိ)
နေပြည်တော်ပညာရေး
ညွှန်ကြားရေးမှူးရုံး

အဆင့်မြှင့်ပေးဖို့ ကျောင်းအင်္ဂါရပ်တွေနဲ့ကိုက်ညီတဲ့ အခြေခံပညာကျောင်းတွေကို တစ်ဆင့်တိုးမြှင့်ပေးလျက်ရှိပါတယ်။ လက်ရှိ နေပြည်တော် ကောင်စီနယ်မြေအတွင်းမှာရှိတဲ့ အခြေခံပညာကျောင်းပေါင်း ၁၂၈ ကျောင်းကို အဆင့်တိုးမြှင့်ပေးမှာ ဖြစ်ပါတယ်"ဟု ရှင်းပြသည်။

ဒေါ်ရင်လှ၊ ကျောင်းအုပ်ဆရာမကြီး
သစ်လေးလုံး အထက

သစ်လေးလုံး အထက ကျောင်းအုပ်ဆရာမကြီး ဒေါ်ရင်လှက ရှင်းပြရာတွင် "ကျွန်မတို့သစ်လေးလုံး အခြေခံပညာကျောင်းဟာ ၁၉၅၀ ခုနှစ်က မူလတန်းအဆင့်၊ အဲဒီကတစ်ဆင့် ၁၉၈၁ခုနှစ်မှာ အလယ်တန်းအဆင့်၊ ၁၉၉၅-၉၆ ခုနှစ်မှာ အမှတ် (၂) အထက ရဲ့ တွဲဖက် အထက အဖြစ် တစ်ဆင့်ချင်း မြှင့်တင်ခဲ့တာ ၂၀၀၄ ခုနှစ်မှာ အထက(ခွဲ)၊ အခု

ဒေါ်ရင်လှ(ကျောင်းအုပ်ဆရာမကြီး)
သစ်လေးလုံး အထက

၂၀၁၃-၂၀၁၄ ခုနှစ်မှာ အခြေခံပညာအထက်တန်းကျောင်းအဆင့်သို့ တိုးမြှင့်ပေးတဲ့အတွက် ကျောင်းသားမိဘများကိုယ်စား မိခင်ကျောင်းရဲ့ ကျောင်းအုပ်တစ်ဦးအနေနဲ့ ဝမ်းသာမိပါတယ်" ဟု ပြောပြသည်။

ဦးမြင့်ဆောင်၊မင်္ဂလာဇေယျာအလကခွဲ
ကျောင်းအုပ်ဆရာကြီး

ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက်အုပ်စု ပန်းခင်း(၁)ရပ်ကွက်ရှိ မူလတန်းလွန်ကျောင်းမှ အလယ်တန်းကျောင်းခွဲအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်သော မင်္ဂလာဇေယျာ အလကခွဲမှ ကျောင်းအုပ်ဆရာကြီး ဦးမြင့်ဆောင်က ရှင်းပြရာတွင် "ကျွန်တော်တို့ ကျောင်းက ငါးလိုက်ချောင်းမြောက်ဘက် ပန်းခင်းလမ်းမကြီးမှာ တည်ရှိတော့ ဒီကျောင်းက ကျောင်းသား ကျောင်းသူတွေအနေနဲ့ မူလတန်းလွန်အဆင့်ပြီးရင် အလယ်တန်း၊ အထက်တန်းကျောင်း ရွှေ့ပြောင်းပညာသင်ကြားရာမှာ မီးရထားလမ်းကို ကျော်ဖြတ်သွားပြီး ပညာသင်ကြားနေကြရတယ်။ အခုလို မူလွန်ကနေ အလကခွဲ အဆင့်တိုးမြှင့်ပေးလိုက်တဲ့အတွက် ကျောင်းသားကျောင်းသူတွေအနေနဲ့ မူလွန်ပညာရပ်ကို သင်ကြားပြီးဆုံးပြီး အလယ်တန်းပညာကို ဆက်လက်ကာ ပညာသင်ကြားခွင့်ရတော့မှာဖြစ်တဲ့အတွက် တာဝန်ရှိသူတွေ အားလုံးကို ကျေးဇူးတင်ရှိပါတယ်"ဟု ပြောကြားသည်။

ဦးအောင်သင်း
ကျောင်းအုပ်ဆရာကြီး
ရွာကောက်မူလတန်းလွန်ကျောင်း

ရွာကောက် မူလတန်းလွန်ကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးအောင်သင်းက ရှင်းပြရာတွင် "မူလတန်းကျောင်းသား အရွယ်တွေဟာ အလွန်ငယ်ရွယ်ပါတယ်။ မူလတန်းအဆင့်ပြီးလို့ တခြားကျောင်းပြောင်းသွားတက်ရရင် ပျဉ်းမနားမြို့ရဲ့ မြို့

ဦးအောင်သင်း(ကျောင်းအုပ်ဆရာကြီး)
ရွာကောက်မူလတန်းလွန်ကျောင်း

အနေအထား၊ လမ်းအနေအထား ကျဉ်းမြောင်းမှုတွေကြောင့် ကလေးငယ်တွေအတွက် ယာဉ်အန္တရာယ်စိုးရိမ်ရပါတယ်။ အခုလို ပညာရေးဌာနက စာသင်ကျောင်းဆောင်တွေ တိုးချဲ့ဆောက်လုပ်ပေးပြီး ကျောင်းအဆင့်ကိုပါ တိုးမြှင့်ပေးလိုက်တဲ့အတွက် များစွာအထောက်အကူဖြစ် စေတဲ့အပြင် အနာဂတ်ကျောင်းသား ကျောင်းသူလေးများရဲ့ ပညာရေးကိုပါ အေးဆေးစွာ သင်ကြားနိုင်မှာဖြစ်တဲ့အတွက် တာဝန်ရှိသူတွေကို ကျေးဇူးအထူးတင်ရှိပါတယ်"ဟု ပြောဆိုပါသည်။

နေပြည်တော် ကောင်စီနယ်မြေ ရှစ်မြို့နယ်တွင် ၂၀၁၃-၂၀၁၄ပညာသင်နှစ်တွင် အခြေခံပညာကျောင်း ၁၂၈ ကျောင်းကို ကျောင်းအဆင့်တိုးမြှင့်ပေးမည်ဖြစ်ရာ မေလထဲတွင် နေပြည်တော် ပျဉ်းမနားမြို့နယ်အတွင်းရှိအခြေခံပညာအထက်တန်းကျောင်းခွဲ သုံးကျောင်းကို အထက်တန်းကျောင်းအဆင့်သို့လည်းကောင်း၊ အလယ်တန်းကျောင်းမှ အထက်တန်းကျောင်းခွဲအဆင့်သို့ နှစ်ကျောင်းကိုလည်းကောင်း၊ မူလတန်းကျောင်းမှ မူလတန်းလွန်အဆင့်သို့ လည်းကောင်း မေလမှစတင်ပြီး အဆက်မပြတ်တိုးမြှင့်ပေးလျက်ရှိရာ ကျောင်းသား ကျောင်းသူများအနေဖြင့် ကျောင်းပြောင်းရွှေ့ပညာသင်ကြားမှုမှ ကင်းဝေးပြီး အနာဂတ်ပညာရေးခရီးကို တည်ငြိမ်အေးချမ်းစွာဖြင့် တစ်နေရာတည်း၌ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ပြီ ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်းမှ အောက်ပါပစ္စည်း(၁၁)မျိုးအား မြန်မာကျပ်ငွေနှင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
(က)	Electronic Fuel Injection System With Accessories	1Set
(ခ)	Colour Printer A4 Laser	1Set
(ဂ)	10 KVA Step-Up Transformer All Auto (NIBBAN/ ECOPOWER)	1Set
(ဃ)	Argon Welding Transformer KEP UD X(12000)	1Set
(င)	Electronic digital theodolite with Standard Accessories (Including one Extra battery)(SOKKIA or NIKON) (Country of origin-Japan)	1Set
(စ)	Flat head Aluminium tripod	2Nos
(ဆ)	Automatic level with Standard Accessories (SOKKIA or NIKON)(Country of origin-Japan)	1 No
(ဇ)	Aluminium staff (ft-m,3-Step)	2 Nos
(ဈ)	Engineering survey chain (100ft)	1 No
(ည)	Survey Steel tape (100ft) With tension measuring instrument	1 No
(ဋ)	Prismatic compass	1 No

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း မိတ္ထီလာမြို့တွင် ၃-၆-၂၀၁၃ရက်မှ ၁၄-၆-၂၀၁၃ရက်အထိ ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပါသည်။
၃။ ၂၈-၆-၂၀၁၃ရက် ၁၁း၀၀နာရီနောက်ဆုံးထား၍ တင်ဒါများလက်ခံပြီး အိတ်ဖွင့်တင်ဒါဖွင့်ဖောက်ကြေညာခြင်းအား ၄င်းရက်၌ပင်တစ်ဆက်တည်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။
၄။ အသေးစိတ် အချက်အလက်များအား အောက်ပါအတိုင်းဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဌာနမှူး ဖုန်း-၀၆၄-၂၄၅၄၆
ဌာနခွဲမှူး(စီမံ) ဖုန်း-၀၆၄-၂၄၅၄၅

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်၊ ကညွတ်ကွင်းအနောက်ကျေးရွာအုပ်စု၊ ပဲခူးလမ်း၊ ကျွန်းသာယာရပ်ကွက်နှင့် ဖြူးမြို့နယ်၊ ဇဟားကျေးရွာအုပ်စု၊ ကာစီပူရွာနေ ဦးအမီကျန် ၇/ဖမန(နိုင်)၀၀၈၄၀၃နှင့် ဒေါ်လာလ်မူနီ ၇/ဖမန(နိုင်)၀၀၈၃၆၀တို့၏လွှဲအပ်ညွှန်ကြား ချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

၄င်းတို့၏ပဉ္စမသားဖြစ်သူ မောင်စန်ဂျဲကူးမား ၇/ဖမန(နိုင်)၀၀၀၃၀၅သည် မိဘများ၏ဆိုဆုံးမမှုကို နားမထောင်သည့်အပြင် လူမျိုးခြား၊ ဘာသာခြား မိန်းကလေးတစ်ဦးနှင့် လက်ထပ်သွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။ နောက်နောင် ၄င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ထပ်ဆင့်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်ပြည့်စုံ LL.B
အထက်တန်းရှေ့နေ (စဉ်-၃၁၆၉၄)
ကျောင်းကြီးရပ် ၁ လမ်း၊ ကညွတ်ကွင်းမြို့၊ ဖုန်း-၀၉-၄၉၄၃၆၂၄၄

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်းမှ အရာရှိနေအိမ်နှစ်လုံးအား အုတ်ညှပ်နံရံပြုလုပ်ခြင်း၊ ကျောက်ပြား၊ မျက်နှာကြက်တပ်ဆင်ခြင်းနှင့် ဆေးသုတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း၊ မိတ္ထီလာမြို့တွင် ၃-၆-၂၀၁၃ရက်မှ ၁၄-၆-၂၀၁၃ရက်အထိ ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပါသည်။
၃။ ၂၇-၆-၂၀၁၃ရက် ၁၁နာရီ နောက်ဆုံးထား၍ တင်ဒါများလက်ခံပြီး အိတ်ဖွင့်တင်ဒါဖွင့်ဖောက်ကြေညာခြင်းအား ၄င်းရက်၌ပင် တစ်ဆက်တည်း ဆောင်ရွက်သွားမည်ဖြစ်သည်။
၄။ အသေးစိတ်အချက်အလက်များအား အောက်ပါအတိုင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဌာနမှူး ဖုန်း-၀၆၄-၂၄၅၄၆
ဌာနခွဲမှူး(စီမံ) ဖုန်း-၀၆၄-၂၄၅၄၅

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန လက်အောက်ရှိ တည်ဆောက်ရေးစီမံကိန်းများသို့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ဒုတိယ(၃)လ (၂၀၁၃ခုနှစ် ဇူလိုင်လမှ စက်တင်ဘာလ)အတွင်း စီမံကိန်းစခန်း ဂိုဒေါင်အရောက် တည်ဆောက်ရေးပစ္စည်းများ၊ စက်ပစ္စည်းများ၊ စက်ယန္တရားများ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၃၁-၅-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက် - ၁၄-၆-၂၀၁၃ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၆း၃၀နာရီ

အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါဆိုင်ရာအသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
စီမံကိန်းနှင့်လုပ်ငန်းဌာနခွဲ၊ ရုံးအမှတ် ၂၇၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၀၄၃၁၊ ဖက်စ်-၀၆၇-၄၁၀၄၃၁

အမည်ပြောင်း
ကျည်တောင်ကျေးရွာ အထက (၁၆)၊ စတုတ္ထတန်း (A)မှ မောင်နေမျိုးခန့်အား မောင်ခန့်မင်းသူဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ခန့်မင်းသူ**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားမှ အောက်ဖော်ပြပါ ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်။

စဉ်	တင်ဒါအမှတ်	အကြောင်းအရာ
(က)	၂၄/မမ/(CE)	ရန်ကုန်-ပြည်လမ်းပိုင်း၊မှော်ဘီနှင့်ဝါးနက်ချောင်းဘူတာကြား(၅)မိုင်ခန့်အား တစ်နှစ်ပတ်လုံး သံလမ်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း အတွက် ဆွေးနွေးရန်၊
(ခ)	၂၅/မမ/(CE)	မန္တလေး-မြစ်ကြီးနားရထားလမ်း ပိုင်းရှိ ကင်းဘူတာနှင့် ဝန်းသိုဘူတာ တွဲပေါ်အရောက် 1" x 1½" လမ်းခင်းကျောက် (၇၂၀၀)ကျင်း ဝယ်ယူရန်၊
(ဂ)	၂၆/မမ/(CE)	Motorised Trolley(30)Nos & Thermit Welding Kit for 75 Lb Rail(3000)Nos ဝယ်ယူရန်၊

တင်ဒါပိတ်မည့်နေ့/အချိန် - အမှတ်စဉ်(က) - ၁၄ . ၆. ၂၀၁၃(သောကြာနေ့)(၁၂း၀၀)နာရီ
- အမှတ်စဉ်(ခ)(ဂ) - ၁ . ၇. ၂၀၁၃(တနင်္လာနေ့)(၁၂း၀၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင်(၃၁.၅.၂၀၁၃)ရက်နေ့မှစ၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၄င်းဌာနသို့ စုံစမ်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ထောက်ပံ့ဌာန၊မြန်မာ့မီးရထား၊ကုန်သည်လမ်း နှင့် သိမ်ဖြူလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့ ဖုန်း - 294352,291994

အမည်ပြောင်း
တောင်ကြီးမြို့၊ အမက (၄)မူလွန်၊ ဆဋ္ဌမတန်း(က)မှ မောင်စိုင်းကြယ်စင်လင်းအား ယနေ့မှစ၍ မောင်လင်းမြတ်ဘုန်းခန့်ဟု ပြောင်းလဲခေါ်ပါရန်။
မောင်လင်းမြတ်ဘုန်းခန့်

အမည်ပြောင်း
ဦးထွန်းထွန်းဝင်း၏သား အထက (၈)၊ နဝမတန်းမှ မောင်မျိုးဝင်ထွန်းအား မောင်မျိုးမင်းသန့်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်မျိုးမင်းသန့်**

အမည်ပြောင်း
ဦးဇော်လင်း၏သမီး လှိုင်ကော်မြို့၊ အထက(၁)၊ ပဉ္စမတန်း(က)မှ မယွန်းနဒီအား မယွန်းရွှေရည်ဗိုလ်ဟု ပြောင်းလဲခေါ်ပါရန်။ **မယွန်းရွှေရည်ဗိုလ်**

အမည်ပြောင်း
လှေကျင့်ရေး အလက တတိယတန်းတွင် ပညာသင်ကြားနေသော ဦးမောင်မောင်နိုင် ၉/မထလ(နိုင်)၀၁၅၀၀၅၏သမီး မဖြိုးသွဲ့တွယ်တာနိုင်အား မဖြိုးသွဲ့နိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

ဖခင်အမည်မှန်
ကော့ကရိတ်မြို့ အထက (၂) နဝမတန်းအောင်မှ မသန်းမိုးအေး၏ ဖခင်အမည်မှန်မှာ ဦးသန့်ဇင် ဖြစ်ပါကြောင်း။ **ဦးသန့်ဇင်**

အမည်မှန်
ကော့ကရိတ်မြို့ အထက (၂) နဝမတန်းအောင်မှ မမိုးမိုးသိန်း၏ အမည်မှန်မှာ မသန်းမိုးအေး ဖြစ်ပါကြောင်း။ **မသန်းမိုးအေး**

အမည်ပြောင်း
အမက(၁၆)၊ ရွှေပြည်သာ Grade (V) (A) တန်းမှ ဦးသက်နောင်မျိုး၏သား မောင်စည်သူသက်နောင်အား မောင်မြတ်ဘုန်းညဏ်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်မြတ်ဘုန်းညဏ်**

ပြည်တွင်းသတင်းနှင့်မှုခင်း

တရားခံပြေးဖမ်းဆီးရာမှ ဆိုင်ကယ်ခိုးမှုများ တစ်သီကြီးပေါ်

ပခုက္ကူ ဇွန် ၂

ပခုက္ကူရဲစခန်းမှ ဒုရဲအုပ် ကျော်မျိုးနှင့် အဖွဲ့သည်မေ ၁၈ ရက် ညနေ ၄နာရီက ခရိုင်အထူးမှုခင်းနှိမ်နင်းရေးအဖွဲ့မှတကက ယဉ်ထွေး၊ သက်သေများနှင့်အတူ ညောင်ဦးရဲစခန်းက တရားခံပြေး စိုးမင်းနိုင်(၂၄နှစ်) ပခုက္ကူမြို့နယ်ကို အမှတ် ၁၅ ရပ်ကွက် ဗိုလ်ချုပ်လမ်းပေါ်တွင် ဖမ်းဆီးရမိခဲ့သည်။

တရားခံစိုးမင်းနိုင်ကို စစ်ဆေးဖော်ထုတ်ရာ ၎င်းခိုးယူခဲ့သည့် မက/HENSIN-110 အစိမ်းရောင် ဆိုင်ကယ်ကို ပခုက္ကူမြို့အမှတ် ၁၂ ရပ်ကွက်နေ ထွန်းထွန်း(ခ)ကိုထွန်းထံ ငွေကျပ်၈၀၀၀၀ဖြင့် ပေါင်နှံထားရာမှ သိမ်းဆည်းရမိခဲ့ပြီး စိုးမင်းနိုင်ကို ပခုက္ကူရဲစခန်းက မေ ၁၉ ရက်တွင် အမှုဖွင့်အရေးယူထားသည်။

စိုးမင်းနိုင်အား စစ်ဆေးရာ ၎င်းနှင့်အတူ ဆိုင်ကယ်ခိုးယူရာတွင် လည်းကောင်း၊ ထုခွဲ ရောင်းချရာတွင် လည်းကောင်း၊ ပါဝင်သူမှာ ရဲရဲ (ခ) ရန်နိုင်ဝင်း (၂၄ နှစ်) အမှတ် ၂ ရပ်ကွက် ပခုက္ကူမြို့နှင့် နေလင်းစိုး (၂၇နှစ်) မြောင်းမြမြို့နယ်နေသူတို့ဖြစ်ကြောင်း စစ်ဆေးဖော်ထုတ်ခဲ့ရာ ပခုက္ကူ ရဲစခန်းမှ တပ်ဖွဲ့ဝင်များက စုံစမ်းထောက်လှမ်းနေစဉ် မေ ၂၆ ရက် ည ၁၀ နာရီက အမှတ် ၃ ရပ်ကွက်

သီတာလမ်းမပေါ်တွင် ရဲရဲ(ခ) ရန်နိုင်ဝင်းနှင့်နေလင်းစိုးတို့နှစ်ဦးကို ဖမ်းဆီးရမိခဲ့သည်။

အမှုမှာ မေ ၂၇ ရက်တွင် ပခုက္ကူမြို့ အမှတ်(၄)ရပ်ကွက် သီရိလမ်းရှိ ပွဲရုံပိုင်ရှင် ဦးအောင်မျိုးနိုင်၏ တိုက်ရှေ့လမ်းပေါ်တွင် ၁၁ယ/---HAO BEN-125အပြာရောင်ဆိုင်ကယ်ရပ်ထားစဉ်ပျောက်ဆုံးမှု၊ ယင်းနေ့ကပခုက္ကူမြို့ ပြည်သူ့ဆေးရုံကြီးမှ ဒေါက်တာမြလွင်လွင်၏ ၂၅ယ--- KENBO-110 အနက်ရောင် ဆိုင်ကယ်ပျောက်ဆုံးခဲ့မှုများကို သက်သေခံပစ္စည်းများနှင့်တကွ ဖော်ထုတ်နိုင်ခဲ့ပြီး မေ ၂၆ ရက်တွင် ပခုက္ကူမြို့ အမှတ် ၁၁ ရပ်ကွက် ၈ လမ်းနှင့် ၁၀ လမ်းကြားရှိ မာဇဒါ ဘိလိယက်ခုံရှေ့တွင် သော့ခတ်ထားစဉ် ပျောက်ဆုံးမှုတို့ကို စစ်ဆေးဖော်ထုတ်ဖမ်းဆီးရာ ယင်းနေ့ည ၁၀ နာရီက ရဲအုပ် ကျော်မျိုးနှင့်အဖွဲ့သည် သက်သေများနှင့်အတူ သတင်းအရ ပခုက္ကူမြို့ အမှတ် ၃ ရပ်ကွက် သီတာလမ်း အရှေ့ဘက်ရှိ ရဲရဲ(ခ)ရန်နိုင်ဝင်း နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ နံပါတ်မပါ FEKO N-110 အစိမ်းရောင် ဆိုင်ကယ်ကို သိမ်းဆည်းရမိခဲ့သည်။

ဆက်လက်၍ အမှုနှင့်ပတ်သက်သူများကို ဖော်ထုတ်ရရှိနိုင်ခဲ့ပြီး ဖမ်းဆီးရမိရေးနှင့်သက်သေခံပစ္စည်းများ အားလုံးရရှိရေးအတွက် ပခုက္ကူရဲစခန်းမှ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မင်းအောင်

အကျဉ်းသားတစ်ဦး ခုခံအားကျဆင်းမှုရောဂါဖြင့်သေဆုံး

သာစည် ဇွန် ၂

သာစည်မြို့နယ် ဘုရားငါးဆူ ကျောက်ထုတ်လုပ်ရေးစခန်း အကျဉ်းဦးစီးဌာနတွင် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ထွန်းတုံးရပ်ကွက်နေ ဝင်းဌေး (၄၃ နှစ်)သည် ၂၀၁၀ ခုနှစ်က မူးစိတ်ပုဒ်မ ၁၅၆ ၁၉(က)ဖြင့် အလုပ်နှင့် ထောင်ဒဏ် ၁၇ နှစ်ကျပြီး ထောင်ဝင်အမှတ် မတလ/၁၁/၀၁၀၅၃/ကဖြင့် သာစည်မြို့နယ် ဘုရားငါးဆူ ကျောက်ထုတ်လုပ်ငန်း အကျဉ်းဦးစီးဌာနသို့ရောက်ရှိလာပြီး မေ ၃၀ ရက်က မိတ္ထီလာဆေးရုံ၌ ခုခံအားကျဆင်းမှုရောဂါဖြင့် တက်ရောက်ကုသမှု ခံယူနေစဉ် သေဆုံးသွားခဲ့သည်။ မိတ္ထီလာမြို့မရဲစခန်းက သေမှုသေခင်းအမှတ်စဉ် ၁၈/၂၀၁၃ ဖြင့် အမှုဖွင့်အရေးယူထားသည်။

တင်လှိုင်

ကောလင်းမြို့၌ လူတစ်ဦးရေနစ်သေဆုံး

ကောလင်း ဇွန် ၂

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကောလင်းမြို့ ကျော်ဇေယျာရပ်ကွက် မိုးခေါင်ချောင်းအတွင်း လူတစ်ဦးရေနစ်သေဆုံးကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၂၇ ရက် မွန်းလွဲ ၁ နာရီက ကောလင်းမြို့ ကျော်ဇေယျာရပ်ကွက် မိုးခေါင်ချောင်းအတွင်း လူတစ်ဦးရေနစ်သေဆုံးနေကြောင်း သတင်းအရ ကောလင်းရဲစခန်းမှ ဒုရဲအုပ်တင်မိုးနှင့်အဖွဲ့သည် သက်သေများနှင့်အတူသွားရောက်စစ်ဆေးရာ ကျော်ဇေယျာရပ်ကွက်နေ ဝင်းနိုင်ဆိုသူသည် အရက်သေစာ သောက်စားမူးယစ်ကာ မိုးခေါင်ချောင်းအတွင်း ငါးဆင်းဖမ်းရာမှ ရေနစ်သေဆုံးခဲ့ပြီး တစ်ရပ်ကွက်တည်းနေ သန်းကျော်ဌေးနှင့်အောင်ကျော်ထွေးတို့ ချောင်းအတွင်းဆင်း၍ ဆယ်ယူခဲ့ရာ ဝင်းနိုင်သည် ပြင်ပဒဏ်ရာမရှိဘဲ သေဆုံးခဲ့သည်။

အရေးယူထား

သို့ဖြစ်ပါ၍ အဆိုပါအမှုကို အမှုစစ် ကောလင်းရဲစခန်းမှူး ရဲအုပ်မြင့်ဝင်းက ဓမ္မတာအတိုင်း သေဆုံးခြင်းဟုတ်မဟုတ် စစ်ဆေးသိရှိနိုင်ရန် အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

လှအောင်(ကသာ)

အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးသစ်ပင် ဝင်တိုက်ရာမှ ယာဉ်မောင်းသေဆုံး

မိတ္ထီလာ ဇွန် ၂

မိတ္ထီလာမြို့နယ် ရှမ်းမငယ် ရဲစခန်းအပိုင် မိတ္ထီလာ-ကျောက်ပန်းတောင်းကားလမ်း မိုင်တိုင်အမှတ် ၂၄/၄ အနီးတွင် မေ ၃၀ ရက်က ချောက်မြို့နေ ရန်အောင် (၂၅ နှစ်) မောင်းနှင်သော ရေနံရှာဖွေရေးကုမ္ပဏီပိုင် ယာဉ်အမှတ် ၆ခ/---- စူပါမန္တလာ ဝါဂွမ်းကားကို မောင်းနှင်လာစဉ် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ ဝဲဘက်သို့ ထိုးကျကာ လမ်းဘေး မဲဇလီပင်ကိုဝင်ရောက်တိုက်မိသည်။

လမ်းဘေးမဲဇလီပင်ကို တိုက်မိသဖြင့် ယာဉ်မောင်းရန်အောင်တွင် ဒဏ်ရာများရရှိကာ နေရာတွင်ပင် ပွဲချင်းပြီးသေဆုံးသွားခဲ့သည်။ ယာဉ်တိုက်မှုကို ရှမ်းမငယ် ရဲစခန်းက အမှုဖွင့်အရေးယူထားသည်။

တင်လှိုင်

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

မွေးနေ့ဆုတောင်း

သားကြီး ဦးကျော်ဇင်ဝေ(စီမံထူးချွန်) ၃. ၆. ၂၀၁၃ တနင်္လာနေ့တွင်ကျရောက်သောမွေးနေ့မှစ၍နှလုံးစိတ်ဝမ်း အေးချမ်းပါစေ သာသနာ့အကျိုး၊ နိုင်ငံအကျိုးကိုကျေပွန်စွာဖြင့် ထမ်းဆောင် နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။

ချစ်မေမေ - ဒေါ်နုနု ၊ ချစ်ဇနီး - ဒေါ်ဥမ္မာသီ
သား - ကာတို၊ ကိုထက်၊ ကိုခန့်
သမီး - မခင်သီရိ
ချစ်ညီ၊ ညီမ - စံပယ်၊ မောင်ဖုန်း၊ ပုံ့ပုံ့

အမည်ပြောင်း

မန်စီမြို့ မောရဝတီရပ်နေ ဦးမောင်လှိုင်၏သား မောင်ဖွဲခန့်ပိုင်အား ယနေ့မှစ၍ မောင်ညီလှိုင်ဆက်ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

မောင်ညီလှိုင်ဆက်

အယူတော်ခံမှုကိုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူတော်ခံတရားပြိုင်များသို့ ကြားသိစေသည့်

အကြောင်းကြားစာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄)
ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်
၂၀၁၃ခုနှစ် တရားမပထမ အယူခံမှုအမှတ်-၁၁၀

၁။ ဦးမင်းသိန်း	**နှင့်**	၁။ ဦးဇော်လင်း
၂။ ဒေါ်ခင်မျိုးမြင့်သန်း		၂။ ဒေါ်စောမာလာ အမှတ် ၆၈/၁၇၊ နဝဒေး အိမ်ရာ၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။
အယူခံတရားလိုများ		**အယူခံတရားပြိုင်များ**

၂၀၁၃ခုနှစ် ဇန်နဝါရီ ၂၅ရက်စွဲပါ ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်-၉၃/၂၀၁၁ စီရင်ချက်နှင့်ဒီကရီကို အယူတော်ခံမှု။

အထက်အမည်ပါအမှုမှ အယူခံတရားပြိုင်များ(ယခုနေရပ်လိပ်စာမသိ)သူများ သိစေရမည်။

ယခုအမှုတွင် ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးတော်မှ ချမှတ်ပေးသည့် ဒီကရီကို အယူခံတရားလို ဦးမင်းသိန်းပါ-၂ဦးတို့က အယူတော်ခံရာ ဤရုံးတော်တွင် မှတ်တမ်းတင်စာရင်းသွင်း၍ ဤအယူခံမှုကို ၂၀၁၃ခုနှစ် ဇွန် ၂၁ရက် (၁၃၇၅ခုနှစ် ကဆုန်လပြည့်ကျော် ၁၃ရက်)တွင် ဆိုင်ရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သင့်တို့ရှေ့နေဖြစ်စေ၊ အယူခံမှုတွင် သင်တို့အတွက်ရွက်ဆောင်ရန် တရားဥပဒေအရခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ ဤရုံးတော်သို့ မလာမရောက်ရှိခဲ့လျှင် ၎င်းအယူခံမှုကို သင်တို့ မရှိသည့်အခါတွင် တစ်ဖက်သတ်ပြုလုပ်၍ စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်တို့က အယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကို အမိန့်-၄၁၊ နည်းဥပဒေ-၂၂ အရ ကန့်ကွက်လိုလျှင် အမိန့်-၄၁၊ နည်းဥပဒေ-၂၂အရ ချိန်းဆိုထားသောအချိန်အတွင်း ဤကဲ့သို့ သင်တို့ကကန့်ကွက်ကြောင်း ဤအယူခံမှုရုံးတော်၌ အကြောင်းကြားအစီရင်ခံစာ တင်သွင်းရမည်။

၂၀၁၃ခုနှစ် မေ ၂၉ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

အမိန့်အရ-

(ကျော်စွာငြိမ်း)
ဒုတိယညွှန်ကြားရေးမှူး
တိုင်းဒေသကြီး တရားလွှတ်တော်

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
တာမွေမြို့နယ်တရားရုံးတော်၌
၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၁၀

ဒေါ်အေးအေးလှိုင်	**နှင့်**	ဦးတင်မောင်
တရားလို		**တရားပြိုင်**

တရားပြိုင်ဦးတင်မောင်(ယခုနေရပ်လိပ်စာ) ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်အနောက်ရပ်ကွက်၊ လမ်း (၉၀)၊ ခြောက်လွှာ(ဘီ)၊ အမှတ် (၃၃)နေထိုင်သူ (ယခုလိပ်စာမသိ) သိစေရမည်။

သင့်ပေါ်၌ တရားလို ဒေါ်အေးအေးလှိုင်က ယုံကြည်အပ်နှံငွေ ၆၅၀၀၀၀၀/-(ကျပ်ခြောက်ဆယ့်ငါးသိန်းတိတိ) ပြန်ရလိုမှု လျှောက်ထားတရားစွဲဆိုမှုရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် ဇွန် ၁၄ရက် (၁၃၇၅ခုနှစ် နယုန်လဆန်း ၆ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် မေ ၂၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(စန်းစန်းဌေး)
တွဲဖက်မြို့နယ်တရားသူကြီး(၂)၊ တာမွေမြို့နယ်တရားရုံး

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်

အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုခဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
မြိတ်မြို့နယ်တရားမရုံးတော်၌
၂၀၁၂ခုနှစ် တရားမကြီးမှုအမှတ်-၄၃ နှင့်ဆက်သွယ်သည့်
၂၀၁၃ခုနှစ် တရားမဇာရီမှုအမှတ် -၁၄ ။

ဒေါ်အေးအေးဝါ	**နှင့်**	ဒေါ်စောမြင့်
ဒီကရီအနိုင်ရသူ		**တရားရှုံး**

ဒေါ်စောမြင့်(ဘ)ဦးမောင်ရှင် ၆/ပလန(နိုင်)၀၃၀၅၀၈၊ အမှတ် (၂၃)၊ ရွှေပြည်သာယာလမ်း၊ ချောင်းကူးယ်ရပ်၊ ကလွင်ကျေးရွာအုပ်စု၊ မြိတ်မြို့၊ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၂ခုနှစ် တရားမကြီးမှုအမှတ်-၄၃တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်အေးအေးဝါက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၃ခုနှစ် ဇွန် ၂၁ရက် (၁၃၇၅ခုနှစ် နယုန်လပြည့်ကျော် ၁၃ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်သို့လာရောက်စေ။

၂၀၁၃ခုနှစ် မေ ၂၂ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ဌေးဝင်း)
မြို့နယ်တရားသူကြီး၊ မြိတ်မြို့နယ်တရားရုံး

ပြင်ဆင်ဖတ်ရှုပါရန်

၁၇-၅-၂၀၁၃ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(စ)ပါ တရားလို ဦးလှပေါ်၏ ငြင်းချက်ထုတ်ရန်သမ္မန်စာ ကြော်ငြာတွင် တရားပြိုင်များဖြစ်ကြသည့် ၁။ ဦးအမ်းကောက်နှင့် ၂။ ဒေါ်စန်းစန်းပိုတို့၏ လိပ်စာအမှန်မှာ အမှတ်(၆၀)၊ ပ-ထပ်၊ ၁၇လမ်း၊ လသာမြို့နယ်ဟုပြင်ဆင်ဖတ်ရှုပါရန်။

ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်း ဒေါပုံမြို့နယ် ပဥ္စမတန်း(A)တွင် ပညာသင်ကြားနေသော မောင်သီဟကျော်၏ဖခင် အမည်မှန်မှာ ဦးအောင်ဇော်ဖြစ်ပါကြောင်း။

ဖခင် ဦးအောင်ဇော်

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်

အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုခဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
ဘိုကလေးမြို့နယ်တရားမရုံးတော်၌
၂၀၁၂ခုနှစ် တရားမကြီးမှုအမှတ်-၅၁/၁၂ နှင့်ဆက်သွယ်သည့်
၂၀၁၃ခုနှစ်၊ တရားမဇာရီမှုအမှတ်-၆၅/၁၃

ဦးအောင်ဖြိုး	**နှင့်**	၁။ ဒေါ်မြင့်(ဘ)ဦးကြည်
ဒီကရီအနိုင်ရသူ		**တရားရှုံး**

အမှတ် ၉၇နှင်းဆီလမ်း၊ (၄)ရပ်ကွက်၊ ဘိုကလေးမြို့(ယခုနေရပ်လိပ်စာမသိသူ) ဒေါ်မြင့် သိစေရမည်။

၂၀၁၂ခုနှစ် တရားမကြီးမှုအမှတ်-၅၁/၁၂တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးအောင်ဖြိုးကလျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၃ခုနှစ် ဇွန် ၁၄ရက် မွန်းမတည့်မီ ၁၁နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၃ခုနှစ် မေ ၂၇ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

(သဇင်စိုး)
မြို့နယ်တရားသူကြီး
ဘိုကလေးမြို့နယ်တရားရုံး

၂၅-၅-၂၀၁၃ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၂၁)ပါ အများသိသာရန်ကြေညာချက် ခေါင်းစီးပါ ကြော်ငြာနှင့်ပတ်သက်၍ ဦးစိုးသိန်း ၁၂/မဂတ(နိုင်)၀၇၈၅၀၃ (ဘ)ဦးဆတ်တီးနှင့် အများသိစေရန်ပြန်လည်ရှင်းလင်းအသိပေးကြေညာချက်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/တောင်ရပ်ကွက်၊ ၉၄ လမ်း၊ အမှတ် ၂၅/၂၇နေ ကျွန်ုပ်၏အမှုသည် ဒေါ်မိမိဝေ ၁၂/မဂတ(နိုင်)၀၇၂၄၈၃၏ လွှဲအပ်ညွှန်ကြားချက်အရ ပြန်လည်ရှင်းလင်း အသိပေး ကြေညာအပ်ပါသည်။

ဦးစိုးသိန်း၏ ညွှန်ကြားချက်အရ ကြေညာခဲ့သော အထက်ဖော်ပြပါ အများသိစေရန်ကြေညာချက်မှာ မှန်ကန်မှုမရှိပါ၊ ကျွန်ုပ်၏အမှုသည်နှင့် ဦးစိုးသိန်းတို့သည် လွန်ခဲ့သည့် ၂၀၁၂ ခုနှစ် ဇူလိုင်လမှစ၍ လင်မယားအဖြစ် အတူနေထိုင်ပေါင်းသင်းတော့ခြင်းမရှိပါ။ ဦးစိုးသိန်းသည် ကျွန်ုပ်၏အမှုသည် ကိုယ်ပိုင်ငွေဖြင့် ဝယ်ယူပိုင်ဆိုင်ကာ မိသားစုအတူနေထိုင်လျက်ရှိသော မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/တောင်ရပ်ကွက်၊ ၉၄လမ်း၊ အမှတ် ၆၁ (ပထမထပ်/ယာ) တိုက်ခန်းမှ အိမ်ထောင်ပရိဘောဂ အသုံးအဆောင်ပစ္စည်းများနှင့် ကလေးလေးဦးကိုပါခေါ်ဆောင်ပြီး ၎င်း၏မိဘအိမ်သို့ ရွှေ့ပြောင်းသွားခဲ့ပါသည်။ နောက်ပိုင်းတွင် ကလေးလေးဦးစလုံး ကျွန်ုပ်၏အမှုသည်ထံ ပြန်လည်နေထိုင်လျက်ရှိရာမှ ကျွန်ုပ်၏အမှုသည်အား ဦးစိုးသိန်းမှ ကျောင်းပိတ်ရက်တွင် ကလေးများ အလည်ခေါ်သွားမည်ပြောသဖြင့် ယုံကြည်ပြီး ခွင့်ပြုထည့်ပေးလိုက်ရာ ကလေးများကို ယခုအချိန်အထိ ပြန်လည်ပို့ပေးခြင်းမရှိကြောင်းသိရပါသည်။ ကျွန်ုပ်၏အမှုသည်အနေဖြင့် မိမိကိုယ်ပိုင်ငွေကြေးဖြင့် ဝယ်ယူထားသောပစ္စည်းဖြစ်သည့် အထက်ကြေညာပါ တိုက်ခန်း၊ လှိုင်သာယာဆိုင်ခန်းနှင့် လှိုင်သာယာမြေကွက်များကို မိမိသဘောအတိုင်း စီမံခန့်ခွဲခွင့်ရှိသဖြင့် ဦးစိုးသိန်းအနေနှင့် ကန့်ကွက်ပိုင်ခွင့်မရှိသကဲ့သို့ သက်ဆိုင်ခြင်းလည်းမရှိပါ။

ဦးစိုးသိန်းအနေဖြင့် လင်မယားအတူနေထိုင်ခြင်းမရှိသကဲ့သို့ မယားစရိတ်လည်း ထောက်ပံ့ခြင်းမရှိဘဲ တစ်နှစ်နီးပါးခန့်နေပြီးမှ ကလေးလေးဦးကို ပြန်မပေးလိုသဖြင့် လင်မယား မကွာရှင်းသေးသယောင်၊ ပစ္စည်းခန်းမခွဲရသေးသယောင် အများထင်ယောင်ထင်မှားဖြစ်စေရန် ဖော်ပြကြေညာခြင်းအတွက် ကျွန်ုပ်၏အမှုသည်တွင် ဂုဏ်သိက္ခာထိခိုက်ကျဆင်းစေပါသည်။ ထို့ကြောင့် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း မမှန်မကန်ဖော်ပြကြေညာသည့် အထက်ပါသတင်းစာ ကြော်ငြာအား ခြွင်းချက်မရှိ ပြန်လည်ရုပ်သိမ်းပေးရန် တောင်းဆိုလိုက်ပါသည်။ ကျွန်ုပ်၏အမှုသည်နှင့် ဦးစိုးသိန်းတို့အနေဖြင့် လင်မယားပေါင်းသင်းရန်မဖြစ်နိုင်တော့ကြောင်း အထောက်အထားများရှိနေသဖြင့် အရွယ်မရောက်သေးသည့် ကလေးငယ်လေးဦးကို သဘာဝအုပ်ထိန်းသူမိခင်ဖြစ်သည့် ကျွန်ုပ်၏ အမှုသည်ထံသို့ ခုနစ်ရက်အတွင်း ပြန်လည်အပ်နှံရန်နှင့် လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးစိုးသိန်းနှင့် အများသိစေရန် ပြန်လည်ရှင်းလင်း အသိပေးကြေညာအပ်ပါသည်။ **ဒေါ်မိမိဝေ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးမျိုးမြင့်အောင် LL.B၊ တရားလွှတ်တော်ရှေ့နေ (စဉ်-၇၅၅၈)
အမှတ် ၉/၁၁၊ အခန်း ၃၀၆(လေးလွှာ)၊ ၃၆ လမ်း(အောက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၆၉၄၁၉

အမည်ပြောင်း

မုဒုံမြို့ အထက (၁)ဆဋ္ဌမတန်း (B)မှ ဦးဝင်းမြင့်၏ သမီး မအေးချမ်းမြင့်မိုရ်အား မလမင်းမြင့်မိုရ်ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

လမင်းမြင့်မိုရ်

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ဆယ်စုနှစ်နီးပါး ရပ်တန့်နေခဲ့သည့် ချင်းစို၊ ချင်းခြောက်တင်ပို့မှုပုံမှန်ဖြစ်လာ

တမူး ဇွန် ၂

ဆယ်နှစ်နီးပါးခန့် အိန္ဒိယနိုင်ငံဘက်သို့ တင်ပို့မှု ရပ်ဆိုင်းလျက်ရှိသည့် ချင်းစို၊ ချင်းခြောက် (ဂျင်းစို၊ ဂျင်းခြောက်)များကို မတ်လမှစတင်ပြီး ပြည်ပမှ ဝယ်လိုအားကောင်း၍ မြန်မာ-အိန္ဒိယနယ်စပ်၊ တမူးနယ်စပ်ကုန်သွယ်ရေးစခန်းမှ ပြန်လည်တင်ပို့မှု ပုံမှန်ရှိလာခဲ့သည်။ ဧပြီလတွင် ကျပ်သိန်းပေါင်း ၃၂၁သိန်းတန်ဖိုးရှိ ချင်းစို ၁၃၁ တန်နှင့်မေ ၂၃ ရက်အထိ ကာလများအတွင်း ကျပ်သိန်းပေါင်း ၁၇၀၀ ကျော်တန်ဖိုးရှိ ချင်းစို ၇၂၃တန်နှင့်ဧပြီလတွင် ကျပ်သိန်းပေါင်း ၂၆၇သိန်းကျော်တန်ဖိုးရှိ ချင်းခြောက် ၁၅ တန်ခန့်ကိုလည်း ပြန်လည်တင်ပို့နိုင်ခဲ့ကြောင်းတမူးနယ်စပ်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုစာရင်းများအရ သိရသည်။

ချင်းများကို အိန္ဒိယနိုင်ငံ မဏိပူရ်ပြည်နယ်များနှင့် မီဇိုရမ်ပြည်နယ်များတွင် အများအားဖြင့် စိုက်ပျိုးကြပြီး ယခင်က အိန္ဒိယမှ ချင်းများကို မြန်မာဘက်မှ ကုန်သည်များက ပြန်လည်ဝယ်ယူတင်သွင်းခဲ့ကြပြီး မုံရွာ၊မန္တလေးမြို့ကြီးများရှိ ပွဲရုံများသို့ ဖြန့်ဖြူးရောင်းချခဲ့ကြသည်။ ယခုအချိန်တွင် ချင်းကို အိန္ဒိယနိုင်ငံရှိ ပြည်နယ်အများအပြားတွင် စားသုံးမှုပိုများပြားလာပြီး ချင်းစိုက်ပျိုး ထွက်ရှိမှုမှာလည်း အထွက်နှုန်းကျပြီး လျော့နည်းလာခဲ့သည်။

အိန္ဒိယသို့ တင်ပို့နေသည့်ချင်းစို၊ ချင်းခြောက်များကို ရှမ်းပြည်နယ်၊ ကလော၊ အောင်ပန်းဒေသများမှ စိုက်ခင်းပင်ရင်းများသို့ သွားရောက်ပြီး ချင်း၏ အရည်အသွေးပေါ်မူတည်၍ ကာလပေါက်စျေးနှုန်း တစ်ပိဿာလျှင်အနိမ့်ဆုံးကျပ်၆၀၀မှ အမြင့်ဆုံး ကျပ် ၇၀၀ အထိ စျေးပေးဝယ်ကြသည်။ ယခင်က ပြည်ပသို့ တင်ပို့မှုမရှိသဖြင့် ဝယ်လိုအားနည်းချိန်တွင်ချင်းအစိုစျေးမှာ ပင်ရင်းအောင်ပန်းစျေးကွက်၌တစ်ပိဿာလျှင် ကျပ် ၃၀၀ ဝန်းကျင်သာ ရှိခဲ့သည်။ အိန္ဒိယနယ်စပ်ရောက် ချင်းစို ပေါက်စျေးမှာ တစ်ကီလိုလျှင် ရူပီး ၃၀ မှ ၄၀ ကြား၊ ချင်း၏ အရည်အသွေးလိုက် စျေးရရှိပြီး ချင်းခြောက်မှာ ချင်းအစိုငါးပိဿာလျှင် ချင်းခြောက်တစ်ပိဿာခန့်သာရရှိသဖြင့် စျေးပိုပေးဝယ်ရပြီး တစ်ကီလိုလျှင် ရူပီး ၅၀ မှ ၆၀အထိ စျေးရှိပြီး ချင်းစိုတင်ပို့မှုပိုမိုများပြားကြောင်း သိရှိရသည်။

အိန္ဒိယနိုင်ငံတွင် ချင်းများကို အစားအသောက်များ၊ ဟင်းခတ်အမွှေးအကြိုင်များနှင့် စားသောက်ဆိုင်၊ လက်ဖက်ရည်ဆိုင်များတွင် ချင်းလက်ဖက်ရည်အဖြစ် ပြည်နယ်များအားလုံးတွင် အသုံးပြုကြ၍ ဝယ်ယူ တင်သွင်းမှုများပြားလာပြီး ဝယ်ယူမှု အားကောင်း၍ မြန်မာဘက်မှ ကုန်သည်များ ချင်းတင်ပို့မှု ပုံမှန်ရှိနေကြကြောင်း သိရသည်။

(အောက်ပုံ) ဝင်းနိုင်(တမူး)

(၂၇)ကြိမ်မြောက် SEA Games ဖွင့်ပွဲ/ပိတ်ပွဲ စခန်းသွင်းလေ့ကျင့်မှု ဟားခါးမြို့၌ ကျင်းပ

ဟားခါး ဇွန် ၂

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲဖွင့်ပွဲနှင့် ပိတ်ပွဲအခမ်းအနားများအတွက် ချင်းပြည်နယ်ကိုယ်စားပြုမည့်ယဉ်ကျေးမှုအဖွဲ့မှ ဟားခါးမြို့ အထက(၁)ဗိုလ်တိုက်ချွန်းခန်းမ၌ စခန်းသွင်းလေ့ကျင့်လျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

SEA Games ဖွင့်ပွဲ/ပိတ်ပွဲအတွက် နေပြည်တော်သို့ နည်းပြအဖွဲ့ လေးဦးက မတ် ၂၅ ရက်မှ ဧပြီ ၇ရက်အထိ ကကြိုးကကွက်လေ့ကျင့်မှုကို သွားရောက် သင်ကြားခဲ့ပြီး ယခုဆင့်ပွားအကသင်တန်းကို မေ ၂ရက်မှမေ၃၀ ရက်အထိ ဆက်လက်လေ့ကျင့်ပေးရာ ချင်းပြည်နယ်အတွင်းရှိ မြို့နယ် ကိုးမြို့နယ်မှ တစ်မြို့နယ်လျှင် ၁၂ဦးခန့် ဇာတ်တိုက်လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း နည်းပြဦးကျင်ရှင်းခမ်းက ပြောကြားသည်။

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် SEA Games ဖွင့်ပွဲ/ပိတ်ပွဲ အခမ်းအနားသို့ ချင်းပြည်နယ် ကိုယ်စားပြု ယဉ်ကျေးမှုအကအဖွဲ့၌ ပါဝင်ခွင့်ရခြင်းကြောင့် ဂုဏ်ယူဝမ်းမြောက်ကြောင်း ပလက်ဝမြို့နယ်ကိုယ်စားပြုယဉ်ကျေးမှုအဖွဲ့မှ မောင်အောင်လင်းကိုက ပြောကြားခဲ့သည်။

(ပြည်နယ် ပြန်/ဆက်)

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ရုံး
ရန်ကုန်မြို့

ရွှေတိဂုံစေတီတော် မဟာဗုဒ္ဓဝင်ပြခန်းနှင့် ပြတိုက်၊ ပိဋကတ်တိုက်၊ မော်ကွန်းတိုက်တို့ကို ဆက်သွယ်သည့် ပေါင်းကူးလျှောက်လမ်း စောင်းတန်းကြီး ဆောက်လုပ်ရန်အတွက်

စျေးပြိုင်တင်ဒါကြော်ငြာ

၁။ ရွှေတိဂုံစေတီတော်အနောက်ဘက် အောက်ပစ္စယာရှိ မဟာဗုဒ္ဓဝင်ပြခန်းအဆောက်အအုံမှ အလယ်ပစ္စယာရှိပြတိုက်၊ ပိဋကတ်တိုက်၊ မော်ကွန်းတိုက်အဆောက်အအုံတို့ကို ဆက်သွယ်သည့် ၂၅ ပေအကျယ်ရှိ ပေါင်းကူးလျှောက်လမ်းစောင်းတန်းကြီး ဆောက်လုပ်မည်ဖြစ်ပါသည်။ ထိုပေါင်းကူးလျှောက်လမ်း စောင်းတန်းကြီးတွင် ၁၃၅၀ Kg ဓာတ်လှေကားလေးစီးနှင့် စောင်းထောင့် ၁၂ဒီဂရီရှိ Travellator နှစ်စီးပါဝင်မည်ဖြစ်ပါသည်။

၂။ အဆိုပါပေါင်းကူးလျှောက်လမ်း စောင်းတန်းတော်ကြီးအား ဆောက်လုပ်ရန်အတွက် စိတ်ပါဝင်စားသည့် ဆောက်လုပ်ရေးလုပ်ငန်းရှင်များသည် ယင်းလုပ်ငန်းအတွက် ပစ္စည်းတန်ဖိုး၊ လုပ်အားခ၊ သယ်ယူပို့ဆောင်ခ အပါအဝင် စျေးပြိုင်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၃။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို တစ်စုံလျှင် ၁၀၀၀၀ိ/-(ကျပ်တစ်သောင်းတိတိ)ဖြင့် ဂေါပကအဖွဲ့ရုံး လုပ်ငန်းဌာနတွင် ဝယ်ယူနိုင်ပါသည်။

၄။ တင်ဒါပိတ်ရက်မှာ ၃-၇-၂၀၁၃ ရက် နံနက် ၁၁ နာရီဖြစ်ပါသည်။

(အသေးစိတ်သိရှိလိုပါက ဂေါပကအဖွဲ့ရုံး ဖုန်း-၃၇၅၇၆၇၊ ၃၇၁၀၈၉ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။)

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့

OTS (85) သီဟတပ်ခွဲကျောင်းဆင်းသူငယ်ချင်းများသို့

ကျောင်းဆင်းနှစ် (၂၀)ပြည့်အထိမ်းအမှတ်နှင့် ကျဆုံး၊ သေဆုံးသူငယ်ချင်းများအတွက် ၉-၆-၂၀၁၃ရက် တနင်္ဂနွေနေ့တွင် နှစ်စဉ် ပြုမြဲအတိုင်း ကောင်းမှုကုသိုလ်များပြုလုပ်မည်ဖြစ်ပါ၍ တက်ရောက်နိုင်ပါရန်နှင့် အပတ်စဉ်ရန်ပုံငွေအတွက် မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်)ငွေစာရင်း အမှတ် SH - 006781 နှင့် ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်ထည့်ဝင်ရန် ဖိတ်ကြားအပ်ပါသည်-

နေပြည်တော်

- သီရိဂန္ဓမာသပြေအေးကျောင်းတိုက် ပြည်ကြီးမဏ္ဍိုင်လမ်း၊ ဇမ္ဗူသီရိမြို့နယ် — ၁၀း၀၀နာရီမှ မွန်းတည့် ၁၂း၀၀နာရီအထိ
- Excellent စားသောက်ဆိုင်၊ ရာဇဌာနီလမ်းမကြီး — ၁၈း၀၀နာရီ မှ ၂၁း၀၀နာရီအထိ

ရန်ကုန်

- လူငယ်လေ့ကျင့်ရေးကျောင်း၊ ကျိုက်ဝိုင်း၊ မရမ်းကုန်း၊ — ၀၈း၀၀နာရီ မှ ၁၁း၀၀နာရီအထိ
- ဒဂုံဂေါက်ကွင်း၊ ဒညင်းကုန်း — ၁၁း၃၀နာရီ မှ ၁၅း၀၀နာရီအထိ
- M 3 စားသောက်ဆိုင်၊ ရွှေတိဂုံဘုရား မြောက်ဘက်မုခ် အနီး — ၁၈း၀၀နာရီ မှ ၂၁း၀၀နာရီအထိ

ဆက်သွယ်ထည့်ဝင်ရန်

စန်းငွေ ဖုန်း-၀၉-၈၃၀၄၄၉၆	လှမိုးဇော် ဖုန်း-၀၉-၅၀၂၅၄၃၈
မျိုးဇော်ဇော် ဖုန်း-၀၉-၄၃၁၃၁၀၅၄	လွင်မိုး ဖုန်း-၀၉-၅၀၈၂၇၇၂
ကျော်ကျော်ဦး ဖုန်း-၀၉-၅၁၃၃၁၉၆	ကိုလေး ဖုန်း-၀၉-၅၀၈၄၄၉၃
နေဝင်း ဖုန်း-၀၉-၈၆၀၁၀၁၂	သက်လွင် ဖုန်း-၀၉-၈၆၀၂၃၆၂

ကမ္ဘာ့အဖိုးတန်သစ်မွှေး
စိုက်နည်း၊ ပျိုးနည်း

စာအုပ်ဆိုင်တိုင်းတွင် ဝယ်ယူနိုင်ပါသည်။
ပျိုးပင်များ လိုသလောက်ဖြန့်ချိပေးနေပါသည်။
ဝင်းသစ်မွှေး 09-5117226

အမည်ပြောင်း

ဦးသန်းနိုင်၏သား မြစ်ကြီးနားလေ့ကျင့်ရေးအလယ်တန်းကျောင်း၊ ဒုတိယတန်း(A)မှ မောင်ဟန်ထိုက်ဇော်အား မောင်ကောင်းမြတ်ထိုက်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ကောင်းမြတ်ထိုက်

ပျောက်ဆုံးကြောင်း

ကျွန်တော်ဦးညွန့်မောင် ၁/ဝမန(နိုင်) ၀၂၀၂၄၇ ၏ နိုင်ငံကူးလက်မှတ်မှာ ခရီးသွားစဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဆက်သွယ်ပေးပါရန်။

ဖုန်း-၀၉-၆၄၀၀၂၂၇

ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက(၂)၊ တက္ကသိုလ်ဝင်တန်း(A)မှ မဖြိုးသိင်္ဂီ၏ ဖခင်အမည်မှန်မှာ ဦးသက်နောင် ၅/မရန(နိုင်)၁၄၈၂၀၈ ဖြစ်ပါသည်။

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

အေးရိပ်မွန်၊ လှိုင်မြို့နယ်၊ အေးရိပ်မွန်လမ်းမကြီး၊ ပေ(၆၅×၁၀၀) 3RC ပါဝါမီတာ၊ ဖုန်း ပြင်ဆင်ပြီး။

ဆက်သွယ်ရန်ဖုန်း-၀၉-၅၁၂၃၂၉၄၊ ၀၉-၇၃၁၉၉၂၂၉

အမည်ပြောင်း

ဦးကိုစွနား(ခ)စိုးနိုင်၏သမီး မြစ်ကြီးနားမြို့၊ အထက(၅)၊ ပဉ္စမတန်းမှ မဆိုင်းပန်အားမမာယာဟုလည်းကောင်း၊ မဆိုင်းဘူအား မမာလာဟုလည်းကောင်း ပြောင်းလဲခေါ်ပါရန်။ **မမာယာ၊ မမာလာ**

တစ်ဦးတည်းဖြစ်ကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့ အောင်သစ္စာရပ်ကွက် နယ်မြေ(၁၀)နေ ဦးအိုက်ဂျိုး၏သား ဦးမြင့်ဦး(ခ)ဦးထွန်းရင် ၁၃/နဆန(နိုင်)၀၂၉၅၁၉ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးမြင့်ဦး(ခ)ဦးထွန်းရင် ၁၃/နဆန(နိုင်)၀၂၉၅၁၉**

မိဘအမည်မှန်

ကော့ကရိတ်မြို့၊ အထက(၁)နဝမတန်းအောင်မှ မခင်သန္တာအေးနှင့်ခင်သဉ္ဇာအေးတို့၏မိခင်အမည်မှန်မှာ မဆလီမာဘီ(ခ) မခင်မာအေး ဖြစ်ပါကြောင်း။

☎: 01-512443, 09-73017656

သန့်စင်ပြီး ပွဲတော်အုပ် အရောက်ပို့

ရွှေဘိုပေါ်ဆန်းငွေ	- 38000 Ks
ပုဗိမ်ပေါ်ဆန်းငွေ	- 33000 Ks
ဖျာပုံပေါ်ဆန်းငွေ	- 27500 Ks

ကန့်ကွက်နိုင်ပါသည်

သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၄၊ မြေကွက်အမှတ် ၄၇/က၊ မြေကွက်တည်နေရာအမှတ် ၁၃၊ ပြည်တော်သာလမ်း၊ (ခ)ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ် ဒေါ်ခင်ခင်သိန်း ၁၂/သဃက(နိုင်)၁၃၁၆၈၂ အမည်ပေါက် B မြေအား အမည်ပေါက် ဒေါ်ခင်ခင်သိန်း(မိခင်)၊ ဦးသောင်းရှိန်(ဖခင်) တို့ကွယ်လွန်သဖြင့် ၁။ ဦးကိုကိုကြီး ၁၂/သဃက(နိုင်)၁၃၂၆၉၃၊ ၂။ ဦးညီညီခိုင် ၁၂/သဃက (နိုင်)၁၃၁၆၈၃၊ ၃။ ဦးမြဝင်း ၁၂/သဃက(နိုင်)၁၃၁၆၈၄၊ ၄။ ဒေါ်သန်းသန်းငွေ ၁၂/သဃက(နိုင်) ၀၀၁၇၄၃ တို့က သားသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

လုံခြုံရေးဝန်ထမ်း(၁၀)ဦးအလိုရှိသည် (ပြည်တွင်း၌သာခန့်ထားမည်)

စက်ရုံနှင့်အရောင်းဆိုင်အတွက် အသက်(၂၀)နှင့် (၃၀)ကြား လုံခြုံရေးဝန်ထမ်းများ အလိုရှိသည်။ လျှောက်ထားသူသည် ကျန်းမာရေးကောင်းမွန်၍ ကိုယ်အလေးချိန်ပေါင် ၁၂၀ နှင့် အရပ် ၅ ပေ ၄ လက်မ အထက်ရှိရမည်။ ပညာအရည်အချင်း ၁၀ တန်းနှင့်အထက် ဘွဲ့ရများလျှောက်ထားနိုင်သည်။ ကျန်းမာရေးအတွက် ဆေးစစ်ခြင်းခံယူနိုင်ရမည်။ လုံခြုံရေးမှူးမှ သင်တန်းပို့ချခြင်းကို သင်ကြားနိုင်ရမည်။ နေရေး၊ စားရေး ကုမ္ပဏီမှ တာဝန်ယူမည်။

စိတ်ဝင်စားသူများ CV form နှင့်အတူ တစ်လအတွင်းရိုက်ထားသော (၄×၆)လက်မဆိုဒ် မတ်ရပ်ဓာတ်ပုံနှစ်ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ ပညာရေးအတွက်ထောက်ခံစာ၊ ပြစ်မှုကင်းရှင်းကြောင်းထောက်ခံစာ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ မျှော်မှန်းလစာနှင့်အတူ ၁၅-၆-၂၀၁၃ရက် နောက်ဆုံးထားပြီး စာတိုက်သေတ္တာအမှတ် ၆၄၂၊ ရန်ကုန်မြို့သို့ ပေးပို့လျှောက်ထားနိုင်ပါသည်။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် မြို့သစ်(ဂ) ရပ်ကွက်၊ မြေကွက်အမှတ် ၂၅/ခ၊ မြေဧရိယာ ၀ဒသမ၀၂၇၅၈ကေ၊ အကျယ်အဝန်း အလျားပေ ၂၀×အနံပေ ၆၀ရှိ နှစ် ၆၀ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက် ဒေါ်ခင်စန်းကြည် ၁၂/အစန(နိုင်)၀၃၂၃၆၇ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်ကျော်ထွေး ၇/ကတခ(နိုင်)၀၀၁၀၇၈က တရားဝင်ဝယ်ယူ လက်ရောက်ပိုင်ဆိုင်ထားပြီးဖြစ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေက ဖော်ပြပါမြေကွက်အား တရားဝင် အမည်ပေါက်ပြောင်းလဲလျှောက်ထားမည်ဖြစ်ပါသဖြင့် အဆိုပါမြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ခိုင်လုံသော သက်သေခံစာချုပ်စာတမ်းများနှင့်အတူ ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ယင်းရက်ကျော်လွန်ပါက တည်ဆဲဥပဒေ၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ အမည်ပေါက်ပြောင်းလဲလျှောက်ထားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်သဇင်မင်း LL.B
အထက်တန်းရှေ့နေ(စဉ်-၃၇၆၅၅)
အမှတ် (၃/ခ)၊ ဂန္ဓမာလမ်း၊ (၈)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၄၂၀၂၅၈၀၁၆၊ ၀၉-၄၂၁၁၀၆၄၂၇၊ ၀၁-၆၆၁၅၈၃

လူပျောက်

ဆရာမဒေါ်သိင်္ဂီအိမ်မှ မနန်းချောစုခိုင် (၁၀)နှစ်၊ (ပအို့ဝ်) မြန်မာလိုမပြောတတ် (ဘ)ဦးတီးခိန် (မိ)ဒေါ်နန်းမွန်းသည် ၃၀-၅-၂၀၁၃ရက် နံနက် ၉နာရီတွင် အိမ်မှ ထွက်သွားပါသဖြင့် တွေ့ရှိက အမှတ် ၁၅၃၊ ဇောဓိလမ်း၊ ပိန္နဲကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ဖုန်း-၀၁-၆၄၁၁၅၇၊ ၀၁-၆၄၃၀၂၈တို့သို့ အကြောင်းကြားပေးပါရန်။

IKBZ
Insurance Co.,Ltd.

အပြည်ပြည်ဆိုင်ရာကမ္ဘောဇအာမခံလုပ်ငန်း

IKBZ Insurance (အပြည်ပြည်ဆိုင်ရာကမ္ဘောဇအာမခံလုပ်ငန်း) အနေဖြင့် အထွေထွေအာမခံလုပ်ငန်း လုပ်ကိုင်ခွင့်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ထံမှ ၂၅.၅.၂၀၁၃ နေ့တွင် လုပ်ငန်းလိုင်စင်အမှတ်(၀၀၁)ဖြင့် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ခွင့် ခွင့်ပြုချက်လိုင်စင်ရရှိခဲ့ပြီးဖြစ်ပါသည်။

အာမခံလုပ်ငန်းတိုးတက်ဖွံ့ဖြိုးမှု၊ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်လုံခြုံမှုနှင့် လုပ်ငန်းရှင်များ၏ စီးပွားရေးခိုင်မာစေရန် ရည်ရွယ်၍ IKBZ Insurance ၏ အာမခံလုပ်ငန်းဝန်ဆောင်မှုများကို ၈.၆.၂၀၁၃(စနေနေ့) တွင် စတင်ဖွင့်လှစ်မည် ဖြစ်ပါကြောင်း မိဘပြည်သူများအား သတင်းကောင်းပါးအပ်ပါသည်။

IKBZ Insurance မှ နေ့စဉ်ဆောင်ရွက်ပေးမည့် ဝန်ဆောင်မှုလုပ်ငန်းများ

- သမာဓိအာမခံ
- ငွေပို့၊ ငွေသယ်အာမခံ
- ငွေသားလုံခြုံမှုအာမခံ
- မီးအာမခံ(စက်ပစ္စည်း၊ ကုန်ပစ္စည်းများ)
- မီးအာမခံ(စက်ရုံ၊ အလုပ်ရုံများ)
- မီးအာမခံ(လူနေအိမ်များ)
- မီးအာမခံ(အဆောက်အဦများ)
- မီးအာမခံ(ပရိဘောဂပစ္စည်းများ)
- အသက်အာမခံများ
- အသက်အာမခံ(မြွေအန္တရာယ်)
- အားကစားသမားများထိခိုက်မှုအာမခံ
- အလုံးစုံမော်တော်ယာဉ်အာမခံ

ဆက်သွယ်ရန်လိပ်စာ

အမှတ်(၆၀၈)၊ဗိုလ်ဆွန်ပက်ကွန်ဒို၊ ကုန်သည်လမ်းနှင့်
ဗိုလ်ဆွန်ပက်လမ်းထောင့်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း (၀၁) ၃၇၈၈၄၁၊ ၃၇၈၈၄၂
ဖက်စ် (၀၁) ၃၇၈၈၄၀

www.i-kbz.com

ကြော်ငြာ

အမည်ပြောင်း

စစ်တွေမြို့၊ မင်းဂံအကွက်(၃)နေ ဦးဘသိန်းအောင်၏သား အထက(၁)စစ်တွေ တက္ကသိုလ်ဝင်တန်းမှ အောင်ဦးလုံးစံအား ခိုင်မျိုးမင်းဟု ပြောင်းလဲခေါ်ပါရန်။

ခိုင်မျိုးမင်း

'အမေ့ဆေး' အမှတ်တံဆိပ်

ဆီးချို သွေးချို သောက်ဆေး

မှတ်ပုံတင်ပြီး

ပင်ရင်း - အမှတ်(၃၁)၊ (၁၂)လမ်း၊ ရေတွင်းကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ဖုန်း - ၀၁-၃၇၆၇၀၁၊ ၀၁ - ၃၇၆၇၀၂၊ ၀၉-၇၃၂၀၀၉၇၀

MYANMAR TEXTILE GARMENT DIRECTORY 2013-14

ထွက်ပြီ

For more information ...

www.myanmartextile-directory.com

HOTLINE 01-8619277

Tel: 373254, 245358 (ext: 810-819) 250700, 384415 Fax: 379597

No.614,1st Floor (Left), Maha Bandoola Rood, Latha Township, Yangon, Myanmar.

ရောင်းရန်ကြော်ငြာစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)

တောင်ငူခရိုင်တရားရုံး

၂၀၁၂ ခုနှစ် တရားမဇာရီမှုအမှတ်-၁၈

ဒေါ်သော်သော်ဟံသာ **နှင့်** ဦးညွန့်ကြည် ပါ-၂

မန်နေဂျာ၊ မြဝတီဘဏ်လီမိတက်

ပျဉ်းမနားမြို့။

တရားနိုင် **တရားရှုံးများ**

တောင်ငူခရိုင် တရားရုံး ၂၀၁၁ ခုနှစ် တရားမကြီးမှုအမှတ် ၁၁၈တွင်ရရှိခဲ့သော ဒီကရီ အတည်ပြုဆောင်ရွက်ရန် တရားရှုံးပိုင်အောက်ပါပစ္စည်းများကို ၂၀၁၃ခုနှစ် ဇူလိုင်၈ရက် (၁၃၇၅ခုနှစ် ဝါဆိုလဆန်း ၁ရက်) မွန်းမတည့်မီ၁၀နာရီတွင်ပစ္စည်းတည်ရှိရာ အရပ်၌လေလံတင်ရောင်းချလိမ့်မည်။

ရောင်းချခြင်းမှာ အများပြည်သူတို့ရှေ့ လေလံတင်ရောင်း၍ ၎င်းစာရင်းတွင် ဖော်ပြပါရှိသည့်အတိုင်း အစုအပုံများပြုပြီးလျှင် ပစ္စည်းကိုရောင်းချလိမ့်မည်။ ထိုစာရင်းတွင် ဖော်ပြပါရှိသည့်အတိုင်းအထက်အမည်ပါ တရားရှုံး၏ပစ္စည်းကို ရောင်းချလိမ့်မည်။ အဆိုပါပစ္စည်းပေါ်တွင်တင်ရှိသည့်ကြွေးမြီကစီပတ်တာဝန်များမှာ စုံစမ်းသိသာသမျှ အစုအသီးသီးနှင့် ဆိုင်ရာတည့်တည့် ၎င်းစာရင်းတွင်ဖော်ပြပါရှိသည့်အတိုင်းဖြစ်သည်။

ရောင်းချရာတွင် အများပြည်သူတို့မှာ ကိုယ်တိုင်သော်လည်းကောင်း၊ နေရာတကျ အခွင့်အရေး လွှဲအပ်သည့် ကိုယ်စားလှယ်သော်လည်းကောင်း ဆွဲဝယ်စေရန် ဆင့်ဆိုကြော်ငြာလိုက်သည်။ သို့သော်လည်း အထက်အမည်ပါ တရားနိုင်သော်လည်းကောင်း၊ တရားနိုင်အတွက်သော်လည်းကောင်း ဆွဲဝယ်သည်ကို လက်ခံမည်မဟုတ်သည်သာမက ၎င်းတို့သို့ တစ်စုံတစ်ရာ ရောင်းချခြင်းသည် ရုံးတော်အခွင့်အမိန့်တင်ရင်၍ အတည့်အလင်းမရမရှိလျှင် ခိုင်မာလိမ့်မည်မဟုတ်၊ရောင်းချရန် နောက်ထပ်စည်းကမ်းချက်များမှာ အောက်၌ ဖော်ပြထားသည်။

ပစ္စည်းစာရင်း

တောင်ငူမြို့၊ (၁)ရပ်ကွက်၊ ထီးလှိုင်ရပ်၊ ဂျပန်လမ်း၊ ကွင်းအမှတ်နှင့်အမည်(၁)ထီးလှိုင်၊ ဦးပိုင်အမှတ် (ဃ/၁၃၇)၊ ဧရိယာ ၀ ဒသမ ၂၀၅ ဧကရှိ ဦးညွန့်ကြည်အမည်ပေါက် နှစ် ၃၀ ဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ နှစ်ထပ်အုတ်နံရံကပ်၊ သွပ်မိုးအဆောက်အအုံတွဲလျက် တစ်ထပ် အုတ်နံရံကပ်၊ သွပ်မိုး အဆောက်အအုံ၊ ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

လေလံကြမ်းခင်းဈေး ကျပ်သိန်း ၈၀၀။

ရောင်းချရန်နောက်ထပ်စည်းကမ်းချက်များ

၁။ စာရင်းတွင် ဖော်ပြပါရှိသော အချက်များမှာ ရုံးတော်က သတင်းစကားရရှိသိသာသမျှ ဖြစ်သည်။ သို့သော်လည်း ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်မစကားပါခြင်း သို့တည်း မဟုတ် ကွင်းကျန်ခြင်းတစ်ခုခု အတွက် ရုံးတော်က တာဝန်ခံမည်မဟုတ်။

တရားရှုံး၏အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည်အကြောင်း
လေလံဆွဲဝယ်ယူမည့်သူတို့အား အထူးသတိပြုကြရန် နှိုးဆော်လိုက်သည်။

၂။ လေလံဆွဲတက်ရာ မည်မျှမည်ရွေ့တိုးတက်ရမည်ကို ရောင်းချသူအရာရှိက ဆုံးဖြတ် လိမ့်မည်။ ဆွဲတက်သည့်ငွေအတွက်နှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ မည်သူကဆွဲတက်သည် နှင့် စပ်လျဉ်း၍သော် လည်းကောင်း၊ တစ်ခုခုအငြင်းအခုံဖြစ်ပွားသည့်အချက်တွင် ၎င်းပစ္စည်းစုကို ချက်ချင်းတစ်ဖန်ပြန်၍ လေလံတင်ရောင်းလိမ့်မည်။

၃။ အများဆုံးတိုးတက်ဆွဲဝယ်ယူသူမှာ ၎င်းပစ္စည်းတစ်ခုခုကို ဆွဲဝယ်ယူသူဖြစ်ကြောင်းပြဋ္ဌာန်းလိမ့်မည်။ သို့သော်လည်း ၎င်းလူမှာ တရားဥပဒေနှင့်အညီ တိုးတက်ဆွဲဝယ်ရန် အရည်အချင်းနှင့် ပြည့်စုံသူဖြစ်စေ ရမည့်အပြင်၊ အမြင့်ဆုံးတိုးတက်ဆွဲဝယ်သည့်အတိုးမှာ နည်းပါးကြောင်း ထင်ရှား၍ လက်ခံရန်မသင့် လျော်ကြောင်း လေလံရောင်းချသည့်အရာရှိက သို့တည်းမဟုတ် ရုံးတော်က ထင်မြင်လျှင် လက်မခံငြင်း ပယ်ရန် ရုံးတော်က သို့တည်းမဟုတ် ၎င်းအရာရှိက ချင့်ချိန်တိုင်းထွာ၍ ဆောင်ရွက်ခွင့်ရသည်။

၄။ အမိန့်နံပါတ် ၂၁၊ နည်းဥပဒေ ၆၉ပါ ပြဋ္ဌာန်းချက်များကို အမြဲအထောက်အထားပြု၍ ရောင်းချမှုကို ဆောင်ရွက်သူအရာရှိကစဉ်းစားဆင်ခြင်၍အကြောင်းဖော်ပြရေးမှတ်ပြီးလျှင်ရောင်းချခြင်းကိုရွှေ့ဆိုင်းခွင့်ရသည်။

၅။ ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းအချက်တွင် ပစ္စည်းစုအသီးသီး၏ အတိုးငွေကို ရောင်းချသည့်အခါတွင် ပေးချေရမည်။ သို့တည်းမဟုတ် ရောင်းချသူအရာရှိက ဆင့်ဆိုသည့် အတိုင်း ရောင်းချပြီးနောက် မြန်နိုင်သမျှ အချိန်အခါတွင် ပေးချေရမည်။ ပေးချေမပြုပျက်ကွက် လျှင် ပစ္စည်းကို ချက်ခြင်းတစ်ဖန်ပြန်၍ လေလံတင် ရောင်းချလိမ့်မည်။

၆။ မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းဖြစ်သည့်အချက်တွင်ဆွဲဝယ်သူအဖြစ် ပြဋ္ဌာန်းခံရသူမှာ ရောင်းချသည့် အရာရှိထံသို့ ဝယ်ငွေတစ်ရာလျှင် နှစ်ဆယ့်ငါးကျပ်ကျသည်ကဲ့သို့ ပြဋ္ဌာန်းပြီး သည်နှင့် တစ်ပြိုင်နက် ပေးသွင်းရမည်။ သည်ကဲ့သို့ ပေးသွင်းမပြု ပျက်ကွက်ခဲ့လျှင် ပစ္စည်းကို ချက်ခြင်းတစ်ဖန်ပြန်၍ လေလံတင် ရောင်းချလိမ့်မည်။

၇။ ဆွဲဝယ်သည့်ငွေအလုံးကို ဆွဲဝယ်သူက ပစ္စည်းရောင်းချသည့်ရက်ကိုပယ်၍ ပစ္စည်းကို ရောင်းပြီး နောက် ၁၅ ရက်မြောက်နေ့တွင် ရုံးမဆင်းမီ ပေးဆောင်ရမည်။ ၁၅ ရက်မြောက်နေ့မှာ တနင်္ဂနွေနေ့သော် လည်းကောင်း၊ တခြားရုံးပိတ်ရက်သော်လည်းကောင်းဖြစ်လျှင် ၎င်း ၁၅ ရက်မြောက်နေ့နောက် ရုံးပထမဖွင့် သည့်ရက်တွင် ပေးဆောင်ရမည်။

၈။ အထက်ခွင့်ပြုသည့်အချိန်ကာလအတွင်း ဆွဲဝယ်ရာကျန်ငွေကို မပေးမဆောင်ပျက်ကွက်ခဲ့ လျှင် ရောင်းချရန်ကြော်ငြာစာအသစ်ထုတ်ပြီးနောက် ၎င်းပစ္စည်းကို တစ်ဖန်ပြန်၍ရောင်းချလိမ့် မည်။ တင်ထားသည့် ကြေးငွေကိုလည်း ရောင်းချသည့်အတွက် စရိတ်များကိုပေးပြီးနောက် ရုံးတော်က သင့်သည် ထင်မြင်လျှင်၊ အစိုးရမင်းသို့ဆုံးရှုံးခံစေ၍ ငွေမပေးမဆောင် ပျက်ကွက်သူမှာ ၎င်းပစ္စည်းကိုဖြစ်စေ နောက် တစ်ဖန် ရောင်းချရာရရှိသည့် ငွေတစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ ဆိုင်ရာဆိုင်ခွင့်အရပ်ရပ်မှ ဆုံးရှုံးစေရမည်။

၂၀၁၃ ခုနှစ် မေ ၂၇ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေး လိုက်သည်။

(လှမှူး)
ဒုတိယခရိုင်တရားသူကြီး(၁)
တောင်ငူခရိုင်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မလွကုန်းဒွေးကြွယ်(က)ရပ်ကွက်၊ ပုညဝမုနလမ်း၊ အမှတ် ၈၊ ငါးလွှာ၊ ခြေရင်းခန်း၊ အကျယ်အဝန်းပေ(၁၅×၆၀)အကျယ်ရှိ ရေ၊ မီး၊ အစုံအလင်တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လက်ရှိပိုင်ဆိုင် ရောင်းချခွင့်ရှိကြောင်းပြောဆိုသူ ဒေါ်စိမ်းလဲ့ဝင်း ၁၂/တမန(နိုင်)၀၀၀၈၈၃ထံမှ ကျွန်ုပ် ဒေါ်ဝါဝါစိုး ၇/ရကန(နိုင်)၀၆၀၂၇၄ က အပြီးအပိုင်ဝယ်ယူရန် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသဖြင့် အဆိုပါတိုက်ခန်းအပေါ် ပိုင်ရေးပိုင်ခွင့်ရှိသူ မည်သူမဆို အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် အခန်း ဝယ်ယူသည့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန် သည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဒေါ်ဝါဝါစိုး
၇/ရကန(နိုင်)၀၆၀၂၇၄
အမှတ် ၁၆၊ ခြောက်လွှာ(A)၊ ပုညဝမုနလမ်း၊ မလွကုန်းဒွေးကြွယ်(က)ရပ်ကွက်၊
တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၇၃၀၃၁၉၉၁၊ ၀၉-၄၃၁၅၈၄၅၃

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော် ပုဗ္ဗသီရိမြို့နယ်၊ ညောင်ပင်ကြီးစုရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆/ ညောင်ပင်ကြီးစုရပ်၊ မြေကွက်အမှတ် ၃၉၆၊ မြေဧရိယာ ၀ ဒသမ ၀၈၂ ဧကရှိ မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား ဦးဝင်းနိုင်အမည်ပေါက်ပိုင်ဆိုင်ပါသည်။

အဆိုပါမြေကွက်နှင့်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား လက်ဝယ်ရရှိပိုင်ဆိုင် ထားသူ ဦးဝင်းနိုင်(ဘ)ဦးဝင်းစိန်က အထက်ဖော်ပြပါမြေကွက်အား ပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြု သည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်တော်ဦးထွန်းထွန်းဦးက ငွေပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်၍ မြေစီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များ ဆောင်ရွက် မည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ ၂၈ရက်အတွင်း တရားဝင်မှတ်ပုံတင် စာချုပ်စာတမ်း များ၊ တရားရုံးအမိန့်ဒီကရီများဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးထွန်းထွန်းဦး ၁၂/မဘန(နိုင်)၀၇၃၇၉၀
မ/၉၊ ကုံကော်လမ်း၊ သပြေကုန်းရပ်ကွက် ဇမ္ဗူသီရိမြို့၊ ဖုန်း-၀၉-၆၈၀၄၈၃၄

ဖခင်အမည်မှန်

ရွှေပြည်သာမြို့နယ်၊ အမက(၁၆)၊ ပဉ္စမတန်းတွင် ပညာသင်ကြားနေသော မောင်လျှံပြည့်ဦး၏ ဖခင်အမည်မှန်မှာ ဦးစိုးနောင်အစား ဦးစိန်ညွန့် ဖြစ်ပါသည်။

ဦးစိန်ညွန့် ၈/မဘန(နိုင်)၀၁၃၁၀၅

အမည်မှန်

မုဒုံမြို့ အမက(မူလွန်) မြိုင်ကုန်း၊ စတုတ္ထတန်းမှ မောင်ရဲဝင်းထက်နှင့် မခိုင် မြတ်မွန်တို့၏ ဖခင်အမည်မှန်မှာ ဦးရင်ထွန်း ၁၀/မဒန(နိုင်)၁၄၀၃၂၈ ဖြစ်ပါကြောင်း။

ဦးရင်ထွန်း

မိုးသောက်ပန်းအဆင့်မြင့်မုန့်တိုက်

(၁၉၉၄-ခုနှစ်တွင် တည်ထောင်သည်)

"ဘယ်နေ့ဘဲတက်တက်၊ ဘယ်အချိန်ဘဲ တက်တက် နေရာတိုင်းမှာ သင့်ရင်သွေးငယ်အတွက် မိုးသောက်ပန်း ရှိနေမယ်"

နံနက်(၉း၀၀)နာရီမှ(၃း၀၀)နာရီအထိ

ကျောင်းကားရှိသည်။ အခန်းတိုင်းလေအေးပေးစက် တပ်ဆင်ထားပါသည်။

(1) Juntion ဇေနအနီး Ph:571545, 09-5126882

(2) ယုဇနပလာဇာလုံးချင်းအိမ်ရာ Ph:200917,09-43122884

(3) ရန်ကင်း၊ကျောက်ကုန်း Ph:566592,09-421008133

ကားရောင်းမည်

1/ Hilux extra Cab, Japan ဓာတ်ဆီ 2.0, Auto, 2002

ကျပ်သိန်း ၁၅၀

2/ Nissan, Datsan extra Cab, Japan, ဓာတ်ဆီ 2.4, Auto,4WD

ကျပ်သိန်း ၁၆၀

ဖုန်း-၀၉-၅၁၂၄၇၆၅

သားအဖြစ်မှစွန့်လွှတ်ခြင်း

ဒလမြို့၊ အမှတ်(က/၁၃၀)၊ ဦးအောင်ဇေယျ(၁)လမ်း၊ တပင်ရွှေထီးရပ်ကွက်နေ ကျွန်တော်၊ ကျွန်မတို့၏သားဖြစ်သူ မောင်ကိုကိုနိုင်သည် မိဘမောင်နှမများကို စိတ်ဆင်းရဲအောင် ပြုလုပ်၍ မိမိသဘောအတိုင်း လုပ်ဆောင်သွားပါသဖြင့် သားအဖြစ်မှ ရာသက်ပန် စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စကိုမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဖခင် - ဦးယာရှင်း [2PPN - 000581]
မိခင် - ဒေါ်လှလှဝင်း [PUN - 007636]

အများသိစေရန်ကြေညာခြင်း

မုဒုံမြို့၊ မြို့မ(၁)ရပ်ကွက်၊ ကွင်းအမှတ်(၈၄၄/၁)၊ မုဒုံကွင်း၊ ဦးပိုင်အမှတ် ၃၅၈၊ မြေချိန် ဧရိယာ ၂ ဒသမ ၀၀ ဧကရှိ အထက်တန်းရက်ကန်းကျောင်းအမည်ဖြင့်ရရှိထားသော နှစ်၃၀ အငှားဂရန် စာချုပ်သည် ပျောက်ဆုံးနေပါသည်။ ကျောင်းအုပ်ဆရာမကြီးမှအထက်တန်းရက်ကန်း ကျောင်းအမည်ဖြင့် နှစ် ၃၀ အငှားဂရန်သက်တမ်းတိုးလျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုသူများ ရှိက ကြေညာသည့်ရက်မှစ၍ ၁၄ရက်အတွင်း မော်လမြိုင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူးထံ ခိုင်လုံသည့်အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာပါသည်။

ခရိုင်အုပ်ချုပ်ရေးမှူး
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မော်လမြိုင်ခရိုင်-မော်လမြိုင်မြို့

အညောင်းထိုင်ခြင်းသည် ကျန်းမာရေးကို ထိခိုက်စေနိုင်ပါသည်။

လမ်းလျှောက်ပါ ဆန္ဒမှုန့် သောက်ပါ

ဆီးဝမ်းလေမှန် ပေါ့ပါးကျန်းမာမည်

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် -2012(YR)004586 ကြော်ငြာခွင့်ပြုချက်အမှတ် -တဆဝက(စာနယ်ဇင်း)၁၄၀/၀၁၁၄

ကြော်ငြာ

ကျေးဇူးတင်လွှာ

ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၈)၊ စည်သူတပ်ခွဲ၏ (၂၈)နှစ်မြောက် ကျောင်းဆင်းနှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ဝတ္ထုငွေလှူဒါန်းခြင်း၊ သံဃာတော်များအား ဆွမ်းကပ်ခြင်း၊ ဆရာသမားများအား ကန်တော့ခြင်း၊ မိတ်ဆုံညစာစားပွဲပြုလုပ်ခြင်း၊ ဂေါက်သီးရိုက်ပြိုင်ပွဲများအားပြုလုပ်ကျင်းပရာတွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြသော သူငယ်ချင်းများနှင့်တကွ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် (ကမ္ဘာအေး)ရှိ သံဃာတော်များအား ဆွမ်းကပ်လှူဒါန်းရာတွင် ကူညီပံ့ပိုးပေးခဲ့သော ဗိုလ်ကြီးကျော်ကျော်ဦး(ငြိမ်း)-သီရိသုဓမ္မသိင်္ဂီ ဒေါ်သန်းသန်းစိန် သား မောင်သူရဦး၊ မောင်ကျော်ရဲဟိန်းတို့မိသားစုအား အထူးကျေးဇူးတင်ရှိပါကြောင်း။

စည်သူ (၆၈)မှ သူငယ်ချင်းများ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ရထားပို့ဆောင်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(ရုံးချုပ်)
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ အောက်ပါယာဉ်စစ်ဆေးရေးစက်ကိရိယာနှင့် ဆက်စပ်ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

Mobile Test Lane With Container Carrier Truck

(က) Mobile Test Lane Technical Specification

(၁)	Country of Origin	- Germany
(၂)	Test Lane Type	- Mobile Test Lane
(၃)	Operation	- With Power Generator And Computer Control Office Room With Air Conditioner
(၄)	Test Lane Container Size	- Length 20ft(6096mm)
(၅)	Condition	- Brand New

(ခ) Container Carrier Truck Specification

(၁)	Country of Origin	- Europe(or)Japan
(၂)	Type	- Container carrier Truck(6x4)
(၃)	Model	- 2008 & Up

တင်ဒါပိတ်ရက်နှင့်အချိန် - ၁-၇-၂၀၁၃ ရက် ၁၃:၀၀ နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် သတင်းစာပါ ကြေညာသည့်ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကိုလည်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ညွှန်ကြားရေးမှူး(စီမံ)
ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(ရုံးချုပ်)
ရုံးအမှတ်(၂၉)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၅၃၆၀၊ ၀၆၇-၄၀၅၀၉၉
သံသုမာလမ်း၊ မြင်သာ၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၅၇၀၉၃၅၊ ၀၁-၅၇၃၁၀၇

နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

သဲအင်းဂူခုနစ်ရက် အဓိဋ္ဌာန်တရားစခန်းပွဲ

ရန်ကင်းမြို့နယ်၊ မိုးကောင်းဘုရားဝင်းအတွင်း သဲအင်းဂူဓမ္မဗိမာန်တော်ကြီး၌ ၂၀၁၃ခုနှစ် ဇွန်လ ၁၆ရက်မှ ၂၃ရက်အထိ ခုနစ်ရက်အဓိဋ္ဌာန်တရားစခန်းပွဲကို မူလသဲအင်းဂူဆရာတော်ကြီး၏ကမ္မဋ္ဌာန်းမူနှင့်အညီ ကျင်းပသွားမည်ဖြစ်ပါသည်။ တရားစခန်းပွဲတွင် အဖွဲ့၏ဩဝါဒါစရိယ၊ ကမ္မဋ္ဌာနစရိယ ဆရာတော်ဦးသီဟ(ပုသိမ်) အရှင်သူမြတ်က သမထဝိပဿနာတရားတော်များကို ချီးမြှင့်ဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများ ဇွန်လ၁၅ရက် စနေနေ့ညနေ ၅ နာရီအရောက် မှတ်ပုံတင်ကတ်ပြားဖြင့် စာရင်းသွင်းရန်နှင့် နေ့ဆွမ်း၊ အရုဏ်ဆွမ်းလှူဒါန်းလိုသူများနှင့် ဆွမ်းစားဆောင်ပြုပြင်ရန် အလှူရှင်များ ဖုန်း-၀၉-၈၆၂၃၉၉၇သို့ ဆက်သွယ်ပါရန် နှိုးဆော်အပ်ပါသည်။

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်စောရီ
အသက်(၆၉)နှစ်
အမှတ် ၂၅၊ တာယော်လမ်း၊ ရပ်ကွက်(၁)၊ ကျိုင်းတုံမြို့

ကိုတင်လင်းပြည့်-မရင်ရင်ဝင်း (ALLIANCE STAR GROUP OF COMPANY)တို့၏ ကျေးဇူးရှင် ဘွားဘွား ဒေါ်စောရီ အသက်(၆၉)နှစ်သည် ၃၁-၅-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ကိုကျော်-မသက်
သား KIT KIT မိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်စောရီ
အသက်(၆၉)နှစ်
အမှတ် ၂၅၊ တာယော်လမ်း၊ ရပ်ကွက်(၁)၊ ကျိုင်းတုံမြို့

ကိုတင်လင်းပြည့်-မရင်ရင်ဝင်း (ALLIANCE STAR GROUP OF COMPANY) တို့၏ ကျေးဇူးရှင် ဘွားဘွား ဒေါ်စောရီ အသက် (၆၉)နှစ်သည် ၃၁-၅-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ကိုမျိုးလွင်-မဘုတ်
မုဒုံမောင်မောင် ကုမ္ပဏီလီမိတက်

အပြောကျယ်လှသည့် သချာကောင်းကင်နယ်ပယ်မှာ...
ရှုန်းလုံ့တောက်ပနေသည့် ပုစ္ဆာကြယ်ပွင့်လေးများရွေးချယ်ပေးမည့်...

ဆရာ ဦးမောင်မောင်ဝီ

၈-၉-၁၀တန်း ပုံမှန်သင်္ချာသင်တန်းများ

၂၈၄၊ဗညားဒလလမ်းမကြီး၊ကျောက်မြောင်း၊တာမွေ။ ☎552054,095186637

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်စောမြိုင် (ထားဝယ်)
အသက်(၉၁)နှစ်

ဒေါက်တာနီနီအေး (ဒုတိယညွှန်ကြားရေးမှူး၊ ကျန်းမာရေးဦးစီးဌာန)၏မိခင်ဒေါ်စောမြိုင် (ထားဝယ်)သည် ၂၉-၅-၂၀၁၃ရက် ည ၁၀:၄၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူး (ရောဂါနှိမ်နင်းရေး)
ဗဟို၊ တိုင်းဒေသကြီး၊ ပြည်နယ်ငှက်ဖျားဆရာဝန်ကြီးများနှင့်
အဖွဲ့ခေါင်းဆောင်ဆရာဝန်များမှ ငှက်ဖျားဝန်ထမ်းများ

ဝမ်းနည်းကြေကွဲခြင်း
ဒုတိယဗိုလ်မှူးကြီးခင်မောင်ညို (ငြိမ်း)
ကြည်း-၆၉၃၉
အသက်(၈၄)နှစ်

ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးသတိုးအောင်-ဒေါ်သီတာညို (အထက-၈)တို့၏ဖခင် ဒုတိယဗိုလ်မှူးကြီးခင်မောင်ညို(ငြိမ်း) အသက်(၈၄)နှစ်သည် ၂၈-၅-၂၀၁၃ရက် (အင်္ဂါနေ့)နံနက် ၄ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

မကွေးတိုင်းဒေသကြီး၊ မြေစာရင်းဦးစီးဌာနဝန်ထမ်းများ

အထူးဝမ်းနည်းကြေကွဲခြင်း

အမျိုးသမီးအထူးလေထီးသင်တန်း အပတ်စဉ်(၁)မှ ချစ်သူငယ်ချင်း နေရီ၏ဖခင်အကော်ဒီယံဦးအုန်းကျော်သည်၂၅-၅-၂၀၁၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် သူငယ်ချင်းနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

အမျိုးသမီးအထူးလေထီးသင်တန်း
အပတ်စဉ်(၁)မှ သူငယ်ချင်းများ

ဝမ်းနည်းခြင်းဆုတောင်း

အနုပညာခရီးလမ်းတစ်လျှောက် ဖခင်ကဲ့သို့ စောင့်ရှောက်ပေးခဲ့ပါသော လေးလေး အကော်ဒီယံအုန်းကျော် ကောင်းရာသုဂတိလားပါစေ-

လီလီနိုင်ကော်၊ မီမီခိုင်မင်း၊
လှဝင်းနွယ်၊ မြတ်မြတ်ချစ်မောင်ဦး

ဝင်းရဲကျော် ဝန်ဆောင်မှုကုမ္ပဏီလီမိတက်

JOB SECURITY အတွက် Competency gap ဖြစ်နေလျှင် နိုင်ငံခြားကျောင်းများတွင် သင်ကြားပို့ချပေးခဲ့သည် Outcome Based Education (OBE) စနစ်အတိုင်း ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ Approved လုပ်ထားသော အောက်ပါသင်တန်းများကို တက်ရောက်နိုင်ပါသည်။

၁။ Use of Leadership & Managerial Skills
၂။ Application of Leadership & Teamworking Skills
၃။ Ship Security Officer

Job Security အတွက် လိုအပ်မည့် သင်တန်းများကို မည်သူမဆို တက်ရောက်နိုင်ပါသည်။

ဆက်သွယ်ရန်-
Dr. Soe Win
B.Sc; DMA; M.Sc (MSA(N)-Sweden); DBL; phD (Law),
Master Mariner; Fellow of Nautical Institute (UK)
တိုက် ၁၁၊ မြေညီထပ်၊ အေးရိပ်မွန် ၈ လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊

ဖုန်း-၀၁-၆၆၂၃၉၈၊ ၀၉-၇၃၁၇၇၂၀၆

တိုက်ခန်းရောင်းမည်

ယုဇနဥယျာဉ်မြို့တော်(၉၄)ရပ်ကွက်၊ အမှတ်(၂၀၂)၊ ပထမထပ်၊ တိုက်(၈)၊ ၁၅လမ်း(A)၊ ကိုယ်ပိုင်(ရေမီး) ကျပ်သိန်း(၉၀)

ဖုန်း-၀၉-၄၉၂၆၇၇၄၂

ငှားမည်

၅၂ လမ်း၊ အောက်လမ်း
ပေ ၂၅×၆၀Lift
အိပ်ခန်း သုံးခန်း၊ 2Ac၊ ရေပူရေအေး၊
Press Pump.

ဖုန်း-၀၉-၅၁၀၅၄၆၈

ငှားမည်၊ ရောင်းမည်

Mini Bus ၃၀ ယောက်စီး။

ဦးဇော်သူမောင်
ဖုန်း-၀၉-၄၂၀၀၄၉၁၂၃၊
၀၉-၅၁၀၂၁၆၆

GEO-FRIENDS Engineering & Construction Co., Ltd.
Drilling, Soil Laboratory & Foundation Test

အင်ဂျင်နီယာ ဘူမိဗေဒ နည်းပညာ လုပ်ငန်းခွင် အသုံးချသင်တန်း

မြေသားစမ်းသပ်ခြင်းပညာ၊ မြေတိုင်းပညာများကို ခေတ်မီ စက်ကရိယာများဖြင့် စာတွေ့၊ လက်တွေ့သင်ကြားပေးမည်။

Syllabus - 1) Soil / Rock Mechanics
2) Site Investigation Methods
3) Soil Laboratory Methods
4) Foundation Design Criterias
5) Survey
6) Project Report (Preparation / Writing)

လူဦးရေ ကန့်သတ်ချက်ရှိသည်။

သင်တန်းဖွင့်ရက် – 17th, JUNE, 2013

1136 (B), Thumingalar Road, 6 Block , South-okkalapa Township, Yangon, Myanmar. Tel : 951 561431, 09 42010 7757, 09 73239853
E-mail : service@geo-friends.com Website : www.geo-friends.com

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော် ပုဗ္ဗသီရိမြို့နယ်၊ မင်္ဂလာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွာမရပ်၊ မြေကွက်/ဦးပိုင်အမှတ် (ပ-၄၅၀၄)၊ ဧရိယာ ၀ ဒသမ ၀၅၅ဧကရှိ ဦးညိုမင်း(ခ)ဦးချိုချိုအမည် ဖြင့်ပိုင်ဆိုင်သော ပါမစ်မြေကွက်အား အမည် ဦးညိုမင်း(ခ)ဦးချိုချို ၉/ပမန(နိုင်)၀၀၂၈၆၀ အဖအမည် ဦးမင်းထိန်မှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မြေငှားဂရန် စာချုပ်သစ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးမြင့်ဆွေ
တရားလွှတ်တော်ရှေ့နေကြီး
အသက်(၇၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကျီတော်ရပ်၊ လိပ်ကန်လမ်း၊ အမှတ်(၆၆)နေ (ဦးဘသိုက်-ဒေါ်ငြိမ်းခင်)တို့၏သား၊ ဆေးသုတေသနဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း) ဒေါက်တာစံလှမူ၏ခင်ပွန်း၊ ဒေါက်တာခိုင်လင်းဖြူ၏ချစ်လှစွာသောဖခင်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်ကျော်မြတ်၏အစ်ကို ဦးမြင့်ဆွေသည် ၃၁-၅-၂၀၁၃ရက် (သောကြာနေ့)နံနက် ၀၀:၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနဝန်ထမ်းများ

ဦးဝင်းထွေး
ကထိကသချာ၊ မိတ္ထီလာတက္ကသိုလ်
အသက်(၅၂)နှစ်

နာမကျန်းဖြစ်ချိန်မှစ၍ ကွယ်လွန်သည့်အချိန်ထိ မေတ္တာစေတနာအပြည့်ဖြင့် ဝိုင်းဝန်းကူညီပံ့ပိုးပေးကြသော ဆရာ ဆရာမများ၊ မိတ်ဆွေအပေါင်းအသင်းများ၊ တပည့်သားသမီးအားလုံးတို့ကို အထူးကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
တောင်ကြီးခရိုင်တရားရုံး
၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ်-၃၃

၁။ဒေါ်ဒုံး	**နှင့်**	၁။	ဦးချစ်ဆွေဖာထုတ် ၂။ဒေါ်မြိုင်းကျင်း
၂။ဒေါ်စန်းကြည်		၃။	ဦးနိုင်းဖာခင် ၄။ဒေါ်ရီ
၃။ဦးချိုကြီး		၅။	ဦးအောင်လှ ၆။ဒေါ်မြို့ထွေး
၄။ဦးချိုလေး		၇။	ဦးညွန့်လှိုင် ၈။ ဒေါ်နန်းတုတ်
တရားလိုများ			**တရားပြိုင်များ**

တောင်ကြီးမြို့၊ ကံကြီးရပ်၊ နယ်မြေ(၄)၊ ၄ဝါလမ်း၊ အမှတ် ၂၀၇ နေ ဒေါ်ရီ(ဆိုက်ခေါင်) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုများက ကျူးကျော်ဝင်ရောက်ဆောက်လုပ်နေသည့် အဆောက်အအုံ အုတ်တံတိုင်းများ၊ ခြံစည်းရိုးများအားဖျက်သိမ်း၍ မြေကွက်အား လက်ရောက်ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် ဇွန် ၁၀ ရက် (၁၃၇၅ခုနှစ် နယုန်လဆန်း ၂ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ ခုနှစ် မေ ၂၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(လှသောင်းရီ)
ဒုတိယခရိုင်မြို့နယ်တရားသူကြီး(၁)
တောင်ကြီးခရိုင်တရားရုံး

စက်မှုဇုန်မြေကွက်
ဝယ်/ငှားလို

ဒဂုံအရှေ့ စက်မှုဇုန်နှင့် ကျန်စစ်သား စက်မှုဇုန်မြေကွက်၊ ဂိုဒေါင်၊ ဝယ်/ငှားလို။

ဖုန်း-၀၉-၇၃၁၁၅၃၂၉

ဝမ်းနည်းကြေကွဲခြင်း
ဦးဝင်းလှိုင်အောင်
နောင်ရိုး၊ နှင်းဝေလွင်ဧည့်ရိပ်သာနှင့် စားသောက်ဆိုင်
အသက်(၄၀)

ပုသိမ်မြို့နေ ဦးအောင်ခ-ဒေါ်ခင်သန်းတို့၏သား၊ ဦးစောလင်း(အထွေထွေမန်နေဂျာ၊ ရန်ကုန်မြို့တော်စည်ပင်ဂေါက်ကွင်း)-ဒေါ်ချိုမာဝင်းကြည်တို့၏ညီ၊ ဒေါက်တာပြည့်ဖြိုး-ဒေါက်တာနှင်းနှင်းအောင်တို့၏အစ်ကိုသည် ၂၉-၅-၂၀၁၃ ရက်တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

သူငယ်ချင်းများ-ဗိုလ်မှူးမျိုးမြင့်စိန်၊ ဒုရဲမှူးကျော်မျိုးမြင့်၊
ဦးမျိုးသန့်၊ ဦးမြတ်လွင်၊ ဦးမင်းဆွေ၊
ဒေါ်သက်သက်ဟန်၊ ဒေါ်သီတာဝင်း၊ ဒေါက်တာဥမ္မာစိန်၊
ဒေါ်ခင်အုန်း၊ ဒေါ်ခင်မာဆွေ၊ ဒေါ်ခင်အေးဝင်း

ကြော်ငြာ

ဦးကျော်အုန်း (မုံရွာ)
အသက်(၈၄)နှစ်

မုံရွာမြို့၊ မြဝတီရပ်နေ (ဒေါ်တင်ရီ)၏ခင်ပွန်း၊ မုံရွာမြို့၊ ဘုရားကြီးရပ်နေ ဒေါက်တာဦးသန်းကျော်-ဒေါ်မြမြ၊ နေပြည်တော်၊ ဇေယျာသိဒ္ဓိရပ်ကွက်နေ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်-ဒေါ်မြင့်မြင့်သန်း၊ မုံရွာမြို့၊ ဘုန်းစိုးရပ်နေ ဦးခင်မောင်သန်း-ဒေါ်ငွေငွေ၊ မုံရွာမြို့၊ မြဝတီရပ်နေ ဦးကံလင်း-ဒေါ်သီတာတို့၏ဖခင်ကြီး၊ မြေး ၁၁ယောက်၊ မြစ်ငါးယောက်တို့၏အဘိုးသည် ၁-၆-၂၀၁၃ရက် (စနေနေ့) နံနက် ၁၁း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၆-၂၀၁၃ရက်(တနင်္ဂနွေနေ့) ညနေ ၅နာရီတွင် မြနန္ဒာသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဦးကျော်အုန်း (မုံရွာ)
အသက်(၈၄)နှစ်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်-ဒေါ်မြင့်မြင့်သန်းတို့၏ဖခင်ကြီး ဦးကျော်အုန်း(မုံရွာ)အသက်(၈၄)နှစ်သည် ၁-၆-၂၀၁၃ရက် (စနေနေ့) နံနက် ၁၁း၁၀နာရီတွင် မုံရွာမြို့၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဒုတိယဝန်ကြီးဒေါက်တာပွင့်ဆန်းနှင့်
ပြည်ထောင်စုဝန်ကြီးရုံးဝန်ထမ်းမိသားစုများ
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ဝမ်းနည်းကြေကွဲခြင်း

ဦးကျော်အုန်း (မုံရွာ)
အသက်(၈၄)နှစ်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်-ဒေါ်မြင့်မြင့်သန်းတို့၏ဖခင်ကြီး ဦးကျော်အုန်း(မုံရွာ)အသက်(၈၄)နှစ်သည် ၁-၆-၂၀၁၃ရက် (စနေနေ့) နံနက် ၁၁း၁၀နာရီတွင် မုံရွာမြို့၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းမိသားစုများ
ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်မြင့်မြင့်သန်း (သထုံ)
အသက်(၇၈)နှစ်

ရန်ကုန်စီးပွားရေးတက္ကသိုလ် Empa 11th Batch မှ ကိုဝင်းမြင့်အောင်-ဒေါ်စန်းစန်းနုတို့၏မိခင် ဒေါ်မြင့်မြင့်သန်း(သထုံ) အသက်(၇၈)နှစ်သည် ၃၁-၅-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

Empa 11th Batch မှ သူငယ်ချင်းများ
ရန်ကုန်စီးပွားရေးတက္ကသိုလ်

သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကိုမေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမိုစီးနင်းခြင်းမပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်း
ထိန်းသိမ်းရေး
ကြီးကြပ်မှုကော်မတီ

သတိပေးနှိုးဆော်ချက်

ယာဉ်မတော်တဆ ဖြစ်ပွားမှုများအား လေ့လာရာတွင် ယာဉ်မောင်းသူတို့၏ ပေါ့ဆမှုတို့ကြောင့် ဖြစ်ပွားသကဲ့သို့ လမ်းအသုံးပြုသူ(ခြေကျင်သွားလာသူ)များ၏ စည်းကမ်းမလိုက်နာမှုများကြောင့်လည်း ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရပါသည်။

လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် ယာဉ်များအတွက် မီးစိမ်းထားချိန်တွင် လမ်းသွားလမ်းလာများအနေဖြင့် လမ်းဖြတ်ကူးခြင်းမပြုဘဲ စောင့်ဆိုင်းရန်နှင့် ယာဉ်များမှလည်း လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် အရှိန်လျှော့မောင်းနှင်ရန် လိုအပ်ပါသည်။

လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များအနေဖြင့်လည်း လူကူးမျဉ်းကျားမှသာ အချက်ပြထိန်းသိမ်းမှုအတိုင်း စနစ်တကျ လမ်းဖြတ်ကူးကြရန်နှင့် အချက်ပြ ထိန်းသိမ်းမှုမရှိသောနေရာများမှ လမ်းကူးပါက **"ဘယ်ကြည့်၊ ညာကြည့်၊ ဘယ်ပြန်ကြည့်၊ ညာပြန်ကြည့် လမ်းရှင်းမှကူး"** စနစ်ဖြင့် သွားလာကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေး
ကြီးကြပ်မှုကော်မတီ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယိကာမကြီး

ဒေါ်စန်းမြင့်
အသက်(၈၄)နှစ်

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်၊ အမှတ် ၂၃၊ (၂)ရပ်ကွက်၊ ကျောင်းလမ်း(အလယ်ပိုင်း)နေ ဦးတင်ထွန်း (ကျောင်းဆရာကြီး၊ ငြိမ်း)၏ဇနီး၊ ဒေါ်သက်သက် [အလ(ပြ)/၂၊ မင်းလှမြို့]၊ ဦးနေဝင်း(ကျောင်းအုပ်ကြီး၊ စက်မှုလယ်ယာဗဟိုသင်တန်းကျောင်း၊ ဘုရားကြီး၊ ပဲခူးမြို့)-ဒေါ်တင်တင်လေး(မြို့နယ်လ/ထ၊ အင်/ယာ၊ အုတ်ဖိုမြို့)၊ ဦးမင်းသန်း(မြေစာရင်းဦးစီးဌာန၊ မိုးညှင်းမြို့)-ဒေါ်သီတာထွန်း၊ ဗိုလ်ကြီးအောင်ခိုင်(ငြိမ်း) (လ/ထညွှန်မှူး၊ ဒိုက်ဦးစည်ပင်)-ဒေါ်ခင်မာအေး၊ ဦးသောင်းဟန်ထွန်း(DEI, Engineering F,G,S Co., Ltd.)-ဒေါ်မူမူအောင်တို့၏မိခင်၊ မြေးခြောက်ယောက်တို့၏အဘွားသည် ၂၉-၅-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၇း၂၀နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၃၁-၅-၂၀၁၃ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်း ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးခင်မောင်သောင်း

အတွင်းရေးမှူး၊ မေတ္တာရေစင်လူမှုကူညီရေးအသင်း
ရေနံ့သာအနာကြီးရောဂါကုဆေးရုံ
မေတ္တာအားမာန်လူမှုကူညီရေးအသင်း အဖွဲ့ခွဲဥက္ကဋ္ဌ၊ ရေနံ့သာ
အသက်(၆၄)နှစ်

(ဦးကိုလေး-ဒေါ်လှမြင့်)တို့၏သား၊ ဒေါ်ပြုံးရီ(စက်ချုပ်၊ အနက ဆေးရုံ)၏ ခင်ပွန်းသည် ၃၁-၅-၂၀၁၃ရက် (သောကြာနေ့) ည ၈း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၆-၂၀၁၃ရက်(တနင်္ဂနွေနေ့)ညနေ ၅နာရီတွင် ခွက်ကွင်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဦးခင်မောင်သောင်း

အတွင်းရေးမှူး၊ မေတ္တာရေစင်လူမှုကူညီရေးအသင်း
ရေနံ့သာအနာကြီးရောဂါကုဆေးရုံ
အသက်(၆၄)နှစ်

ဒေါ်ပြုံးရီ(စက်ချုပ်၊အနကဆေးရုံ)၏ခင်ပွန်း ဦးခင်မောင်သောင်း ကွယ်လွန်ခြင်းအတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဝန်ထမ်းများ (အနက ဆေးရုံ)
မေတ္တာရေစင်အဖွဲ့ဝင်များ

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးစိုးအောင်
M . D NEW WORLD TRADING CO., LTD.
အသက်(၆၁)နှစ်

ဝန်ထမ်းများအပေါ် အမြဲတမ်းကူညီမှုပေးပြီး ကျေးဇူးကြီးလှသော ကျေးဇူးရှင်ဆရာကြီး ဦးစိုးအောင်(M.D)ကြီး ၃၀-၅-၂၀၁၃ရက် (ကြာသပတေးနေ့) နံနက် ၇း၀၅နာရီတွင် ဘဝတစ်ပါးသို့ ကွယ်လွန်ကူးပြောင်းသွား၍ များစွာ နှမြော၍ ကြေကွဲဝမ်းနည်းရပါကြောင်း။

ဝန်ထမ်းများ	**ဝန်ထမ်းများ**	**ဝန်ထမ်းများ**
ရုံးအဖွဲ့အုပ်စု	**ကမ္ဘာ့သစ်ပဲသန့်စင်စက်**	**ကမ္ဘာသစ်စက်ပန်းထိမ်အုပ်စု**
လမ်းမတော်	**ရွှေလင်ဗန်းဇုန်**	**သင်္ဃန်းကျွန်း**
	လှိုင်သာယာ	

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးမြင့်ဦး (သန်လျင်)

ဥက္ကဋ္ဌ၊ နေလ သမနှင့် ဇော်ပျံ ဆောက်လုပ်ရေး
ဥက္ကဋ္ဌ၊ မြတ်ရတနာအိမ်ရာစီမံကိန်း
ဒု-ဥက္ကဋ္ဌ၊ ခရိုင်သာသနာ့နုဂ္ဂဟအသင်း (တောင်ပိုင်းခရိုင်)
အသက်(၆၀)

သန်လျင်မြို့၊ ထန်းပင်ကုန်းရပ်ကွက်၊ ၆လမ်း၊ အမှတ် ၁၁နေ (ဦးခင်မောင်မြင့်)-ဒေါ်ညွန့်ကြည်တို့၏သားကြီး၊ (ဦးကုလား-ဒေါ်အုန်းရင်)တို့၏သားသမက်၊ ဦးထွန်းကြည်-ဒေါ်ကေသီမြင့်၊ ဒေါ်သီဂီမြင့်၊ဦးကျော်ခေါင်-ဒေါ်လတ်လတ်ထွန်း၊ ဦးအောင်နိုင်-ဒေါ်ဝါဝါမြင့်၊ (ဦးဇော်စိုးထွေး)-ဒေါ်သီတာတို့၏အစ်ကိုကြီး၊ ဒေါ်မြင့်မြင့်ကြည်၏ခင်ပွန်း၊ (ဦးဝင်းဇော်)-ဒေါ်သီသီစိန်၊ ဦးခွန်လှရီ-ဒေါ်မေမြတ်မွန်ဦး၊ ဒေါ်ဇင်ဇင်မြင့်၊ ကိုအောင်သူ-မမြတ်သီရိနွယ်တို့၏ဖခင်၊ မောင်ဇော်ငွေထွန်း-မထွန်းအိန္ဒြာဖိုလ်၊ မောင်စိုးပိုင်၊ မောင်ဇင်လင်းထက်၊ မနန်းသွန်းဝသန်ဦးတို့၏ အဘိုးသည် ၁-၆-၂၀၁၃ရက် (စနေနေ့) ညနေ ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၆-၂၀၁၃ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်မှ ဗိုလ်ချုပ်ရွာသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဦးမြင့်ဦး(သန်လျင်) ဥက္ကဋ္ဌ-နေလ သမနှင့် ဇော်ပျံ ဆောက်လုပ်ရေး

ဒု-ဥက္ကဋ္ဌ ခရိုင်သာသနာ့နုဂ္ဂဟအသင်း(တောင်ပိုင်းခရိုင်)
အသက်(၆၀)

ရန်ကုန်တောင်ပိုင်းခရိုင်အတွက် အစဉ်လျှုဒါန်းထောက်ပံ့ကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိသော ဒေါ်မြင့်မြင့်ကြည်၏ခင်ပွန်း ဦးမြင့်ဦး ၁-၆-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ နှမြောတသ ဝမ်းနည်းကြေကွဲရပါကြောင်း။

ခရိုင်နှင့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့်
မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့
ရန်ကုန်တောင်ပိုင်းခရိုင်၊ သန်လျင်

ဝမ်းနည်းကြေကွဲခြင်း

ဦးမြင့်ဦး(သန်လျင်) အသက်(၆၀)

ဒုဥက္ကဋ္ဌ၊ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊အသေးစားငွေစုငွေချေးလုပ်ငန်း(သန်လျင်)
ဒုဥက္ကဋ္ဌ၊ သုသာန်မြေ၊ မီးသင်္ဂြိုဟ်စက်၊
အအေးတိုက်တည်ဆောက်ရေးအဖွဲ့(သန်လျင်)

ဒေါ်မြင့်မြင့်ကြည်၏ခင်ပွန်း၊ သန်လျင်မြို့နယ်၏ လူမှုရေး၊ ဘာသာရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ကူညီဆောင်ရွက်ပေးခဲ့သည့် ဦးမြင့်ဦး ၁-၆-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ အသေးစားငွေစုငွေချေးလုပ်ငန်း(သန်လျင်)
သုသာန်မြေ၊ မီးသင်္ဂြိုဟ်စက်၊ အအေးတိုက်တည်ဆောက်ရေးအဖွဲ့(သန်လျင်)

ရဟန်း၊သိမ်၊ကျောင်းဒါယကာ

ဦးအုန်းရွှေ
အသက်(၉၃)နှစ်

ရန်ကုန်မြို့၊ သုဝဏ္ဏ (၂၅)ရပ်ကွက်၊ သံသုမာလမ်း၊အမှတ် ၂၀၄/၃နေ(ဦးဘိုးရုံ-ဒေါ်ပဒုတ်)တို့၏သား၊ ဒေါ်အုန်းရီ၏ခင်ပွန်း၊ (ဦးတင်ဖေ)-ဒေါ်မြင့်ရီ (သင်္ဂြိုင်းချောင်း)၊ဦးကြီးမြင့်-ဒေါ်မြင့်မြင့်အုန်း(ရေကြည်)၊ဦးအောင်သန်း-ဒေါ်မြငြိမ်း၊ဦးသန်းဝင်း-ဒေါ်ယဉ်အေး၊ဦးသိန်းထွန်း-ဒေါ်လီမောင်မောင်၊ ဒေါ်ခင်စန်းဝင်း၊ ဦးဥက္ကဋ္ဌ၊ဦးစိုးသိန်း-ဒေါ်တင်တင်ရည်တို့၏ဖခင်၊ မြေး ၂၆ယောက်၊ မြစ် ၁၈ယောက်တို့၏အဘိုးသည် ၂-၆-၂၀၁၃ရက် (တနင်္ဂနွေနေ့) ညနေ ၄း၁၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၄-၆-၂၀၁၃ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်မြသန်း (လေးမျက်နှာ)
အသက်(၈၄)နှစ်

ဟင်္သာတမြို့နေ ဦးဘဂျမ်း-ဒေါ်စိန်တင်တို့၏သမီး၊ ဦးထွန်းလင်း-ဒေါ်အေးမယ်တို့၏သမီးချွေးမ၊ရန်ကုန်မြို့၊တာမွေမြို့နယ်၊ မလွကုန်း ငှေးကြွယ်(က)ရပ်ကွက်၊ မေဃ္ဃကလမ်း၊ အမှတ် ၁၀နေ (ဦးမြင့်မောင်၊ အထွေထွေမန်နေဂျာ၊ လယ်-စိုက်-ရှင်း၊ ရော်ဘာ)၏ဇနီး၊ ဦးအောင်ကျော်ဦး - ဒေါ်တင်တင်ရီ (အထက-၁၊ တာမွေ)၊ ဒေါ်ယဉ်ယဉ်မြင့် (အထက-၆၊ မင်္ဂလာတောင်ညွန့်)တို့၏ မိခင်၊ မအိသန္တာကျော်၊ မောင်ရဲလင်းကျော်တို့၏အဘွားသည် ၁-၆-၂၀၁၃ရက်(စနေနေ့)ည၁၁း၃၀နာရီတွင်ရွှေဗဟိုဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၃-၆-၂၀၁၃ရက် (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

မြိတ်မြို့နယ်အသင်း(ရန်ကုန်)

ဦးကံအေး (မြိတ်)
အသင်းဝင်အမှတ်(၂၀၆၀)
အသက်(၇၂)နှစ်

မြိတ်မြို့နေ (ဦးရင်ရွှေ-ဒေါ်အေး)တို့၏သား၊ ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ ၅လမ်း၊ အမှတ် ၄၄၈နေ ဒေါ်ရီ၏ခင်ပွန်းသည် ၁-၆-၂၀၁၃ရက် (စနေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၃-၆-၂၀၁၃ရက် (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

အမှုဆောင်အဖွဲ့

ဒေါ်သန္တာရီ
(ထန်းတပင်-လှည်းဆိပ်)
အသက်(၄၆)နှစ်

ရန်ကုန်မြို့၊ အမှတ် ၄၃၊ မာလာမြိုင် ၁လမ်း၊ လှိုင်မြို့နယ်နေ (ဦးဟုတ်စွမ်)-ဒေါ်လွှမ်းရီတို့၏သမီး၊ (ဦးသန်းရွှေ)-ဒေါ်ဝင်းကြည်တို့၏သမီးချွေးမ၊ ဦးမြင့်လွင်-ဒေါ်စန္ဒာရီ၊ဒေါ်ခိုင်မာဦး(အမက-၆၊ ကျောက်တံတား)တို့၏ညီမ၊ မခင်မာလာရီ၊ ကိုလှအောင် - မဥမ္မာရီ၊ ကိုအောင်နိုင်မျိုး၊ကိုအောင်နိုင်မြင့်-မစုစုထက်၊ ကိုဇော်ဝင်းအောင်-မအိအိမာ၊ ကိုသီဟအောင်၊ ကိုအောင်သူ၊ ကိုဇော်မျိုးအောင်၊ ကိုရဲထွန်းအောင်-မလွင်လွင့်ဟန်၊ မရွှေစင်ဦး(ခေတ္တ-UK)၊ ကိုတင်မျိုးအောင်-မမြင့်မြင့်နွယ် (အလက-၂၊ ဒေါပုံ)၏အစ်မ၊ မောင်ဘုန်းမင်းသန့်(V-E၊ အထက-၅ ဗိုလ်တထောင်)၏မိခင်၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အမှတ် (၈)ရပ်ကွက်၊ ယုဇနလမ်း၊ အမှတ် ၉ (ခြောက်လွှာ)နေ ဦးဝင်းမောင်ဦး၏ဇနီးသည် ၁-၆-၂၀၁၃ရက် မွန်းလွဲ ၂း၅၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃-၆-၂၀၁၃ ရက် မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဒုတိယဗိုလ်မှူးကြီးခင်မောင်ညို (ငြိမ်း)
ကြည်း-၆၉၃၉
O.T.S (12)

ခင်မင်ရင်းနှီးရသော အစ်ကိုကြီး ကိုညို ၂၈-၅-၂၀၁၃ ရက် နံနက်ပိုင်းတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ပါမောက္ခခင်မောင်ဝင်း (အသည်းအထူးကုဆရာဝန်ကြီး)
နှင့်
ဇနီး ဒေါက်တာခင်လေးရီ

ဦးကံအေး
မထသ၊ ဌာနခွဲ-၂(ငြိမ်း)
အသက်(၇၂)နှစ်

မြိတ်မြို့နေ (ဦးရင်ရွှေ-ဒေါ်အေး)တို့၏သား၊ ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ ၅လမ်း၊ အမှတ် ၄၄၈နေ ဒေါ်ရီ၏ခင်ပွန်း၊ (ဗိုလ်မင်းဆွေ)၊ ဦးမင်းမင်းစိုး-ဒေါ်နီနီသန်း၊ (မောင်ဇော်မင်းထွေး)-ဒေါ်မစန်းဖြူပြာမိုးတို့၏ဖခင်၊ မောင်သီဟဇော်-မဖြူမာစိုး၊ မောင်အာကာကော၊ မယွန်းမီမီထွေး၊ မောင်မင်းမြတ်ဟိန်း၊မဟန်နီနီဇော်တို့၏ဘိုးဘိုးကြီးသည် ၁-၆-၂၀၁၃ရက် နံနက် ၁၁း၂၀နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၃-၆-၂၀၁၃ရက် (တနင်္လာနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၇-၆-၂၀၁၃ရက်(သောကြာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးမြင့်ဆွေ B.A, H.G.P, R.L (တရားလွှတ်တော်ရှေ့နေကြီး)
အသက်(၇၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကျီတော်ရပ်၊ လိပ်ကန်လမ်း၊ အမှတ် ၆၆နေ (ဦးဘသိုက်-ဒေါ်ငြိမ်းခင်)တို့၏သား၊ ဒေါက်တာဒေါ်စံလှမူ (ဆေးသုတေသနဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး၊ ငြိမ်း)၏ခင်ပွန်း၊ ဒေါက်တာခိုင်လင်းဖြူ၏ဖခင်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်ကျော်မြတ်၏အစ်ကို ဦးမြင့်ဆွေသည် ၃၁-၅-၂၀၁၃ရက် (သောကြာနေ့) နံနက် ၀၀း၃၀နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။ **ကွန်ပျူတာတက္ကသိုလ်(ပခုက္ကူ)ဆရာ/ဆရာမနှင့်ဝန်ထမ်းများမိသားစု**

ခရစ်တော်၌ဘုန်းတော်ဝင်စားခြင်း

ဘုန်းတော်ကြီး ပီတာဦးအင်ခွမ်ဇော်တန်
အသက်(၅၄)နှစ်

ယခင် ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ မိုးမောက်မြို့နယ်၊ ဘန်မာကျေးရွာတွင် နေထိုင်ခဲ့သော (ဦးဂျိုးဇက်-အင်ခွမ်ဇော်လီ)၊ (ဒေါ်ဂျန်မော်ထိန်နန်)တို့၏ သား၊ ကချင်ပြည်နယ်၊ မြစ်ကြီးနားသာသနာ၊ မြစ်ကြီးနားမြို့၊ ကျောင်းထိုင်ဘုန်းတော်ကြီး၊ ဖာသာရ်အင်ခွမ်ဇော်တန်သည် အာရှတော်ဝင်ဆေးရုံ၌ ၃၁-၅-၂၀၁၃ရက် (သောကြာနေ့) ညနေ ၆း၃၀နာရီတွင် ခရစ်တော်၌ ဘုန်းတော်ဝင်စားသွားပြီးဖြစ်သဖြင့် ၃-၆-၂၀၁၃ရက် (တနင်္လာနေ့) နံနက် ၁၂း၃၀နာရီတွင် ရေဝေးဘုရားကျောင်းတွင် ဈာပနမစ္ဆားတရားပူဇော်ပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများသိရှိနိုင်ရန် အကြောင်းကြားပါသည်။ (ဖာတီမာဘုရားကျောင်းမှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးမြင့်နိုင်(ခ)ဦးမောင်မြင့် A.G.T.I (Civil)
(ရွှေကြက်ဖ စားသောက်ဆိုင်)
အသက်(၅၁)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ တကောင်း ၅လမ်း၊ အမှတ် ၈၀နေ (ဦးကျင်ဆိုင်-ဒေါ်ကျင်ပု)တို့၏သား၊ ဦးဟုတ်ကြည်-ဒေါ်ကြည်ကြည်ဝင်းတို့၏ညီ၊ ဦးစန်းမြင့်-ဒေါ်မြင့်မြင့်အေး၊ ဦးအောင်ကြည်-ဒေါ်အေးအေးခိုင်၊ ဦးမင်းမင်း-ဒေါ်ဇင်မာတင်စော၊(ဦးကျော်ဆန်း)-ဒေါ်ခိုင်ခိုင်၊ ဦးမိုးကျော်-ဒေါ်ခင်မျိုးမြင့်တို့၏အစ်ကို၊ မနှင်းဝတ်ရည်ဦး၊ မပွင့်သဇင်နိုင်၊ မမိုးမမျိုး၊ မောင်ပိုင်သန့်ကျော်တို့၏ဖခင်၊ မသန္တာအောင်၏ခင်ပွန်းသည် ၁-၆-၂၀၁၃ရက် (စနေနေ့) နံနက် ၇း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၆-၂၀၁၃ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အကြောင်းကြားသိစေအပ်ပါသည်။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးကျော်ကျော်အောင် (တေးရေး-ကေအေတီ)
အသက်(၄၈)နှစ်

မုံရွာမြို့၊ ဘူတာရုံလမ်း၊ရုံးကြီးရပ်နေ ဦးသိန်းမြင့်-ဒေါ်လှရွှေတို့၏သားကြီး၊ မော်လမြိုင်မြို့နေ ဦးမောင်မောင်ကြည်-ဒေါ်စောယုလွင်တို့၏သားသမက်၊ ကိုတိုးဝင်းချစ်-မယဉ်ယဉ်မြင့်၊ ကိုအောင်လွင်-မမိုးမိုးမြင့်(မငယ်)၊ ကိုကျော်ကျော်ထွေး-မခင်သန္တာငွေးတို့၏အစ်ကို၊ မောင်ကြည်သာချစ်-မကေသွယ်ထွန်း၊ မောင်ကြည်စင်ချစ်၊ မောင်ဟိန်းထက်အောင်(ရှင်းသန့်)၊ မောင်မင်းဟိန်းသန့်တို့၏ဦးလေး၊ မကြည်ကြည်နှင်းဆီ၏ဘိုးလေး၊ မချမ်းအိမွန်၏ခင်ပွန်း၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်လေး၊ ၈၇လမ်း၊ အမှတ် ၄၄(လေးလွှာ)နေ ဦးကျော်ကျော်အောင်(တေးရေး-ကေအေတီ)သည် ၁-၆-၂၀၁၃ရက် ညနေ ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၆-၂၀၁၃ရက်(တနင်္လာနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (ကန်တော်လေး၊ ၈၇လမ်းနေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဦးကျော်ကျော်အောင် (တေးရေး-ကေအေတီ)
အသက်(၄၈)နှစ်

၁-၆-၂၀၁၃ရက် ညနေ ၃နာရီတွင် ကွယ်လွန်ခြင်းအတွက် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

Morning Star မှ သူငယ်ချင်းများ

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ မေးလ် mmalin.npt@gmail.com၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။ R/488

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြင့်တင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူတို့၏ ဝမ်းသာပီတိစကားသံများ

ပြည်သူကရွေးချယ်တင်မြှောက်လိုက်သည့် နိုင်ငံတော်သမ္မတကြီးက ပြည်သူ့ဘဝ၊ ပြည်သူ့ဆန္ဒကို သိရှိနိုင်ရန် အခြေခံပြည်သူတို့နှင့် အခါအားလျော်စွာတွေ့ဆုံ၍ ပြည်သူတို့၏ ပကတိအသံကိုရယူခြင်း၊ ပြည်သူများကလည်း မိမိတို့ရွေးချယ်တင်မြှောက်လိုက်သည့် နိုင်ငံ့ခေါင်းဆောင်နှင့် အခါအားလျော်စွာတွေ့ဆုံ၍ မိမိတို့၏ လိုလားချက်ဆန္ဒများကို တိုက်ရိုက်တင်ပြခွင့်ရခြင်းတို့သည် ဒီမိုကရေစီစနစ်၏ သရုပ်သကန် သဘောသဘာဝတစ်ရပ်ဖြစ်လာသည်။

တွေ့ဆုံမေးမြန်း
မောင်မောင်ထွေးနှင့်ဆွေဆွေနိုင်
ဓာတ်ပုံ-ရဲထွဋ်(သတင်းစဉ်)

ဦးမျိုးကျော်(အတွင်းရေးမှူး)
ပိတောက်ကွေ့ခရီးသည် သယ်ယူပို့ဆောင်ရေးသမဝါယမအသင်း

၂၀၁၃ ဇွန် ၂ ရက် ဒီမိုကရေစီစနစ်၏ အရွေ့တစ်ခုတွင် အခြေခံပြည်သူများဖြင့် ဖွဲ့စည်းထားသောထောင်နှင့်ချီသည့်သမဝါယမအသင်းဝင် ပြည်သူများသည် ရန်ကုန်မြို့ သုဝဏ္ဏ မိုးလုံလေလုံအားကစားရုံသို့ တစ်ခဲနက် ဦးတည်ရွေ့လျားနေကြသည်။

သည်နေ့ကသူတို့အတွက် မင်္ဂလာရှိသောနေ့၊ ယခင်ယာဉ်မောင်းဘဝမှသည် အနာဂတ်ယာဉ်ပိုင်ရှင်ဘဝဆီသို့၊ ယခင်အငှားယာဉ်လုပ်သား ဘဝမှသည် အနာဂတ်အငှားယာဉ်ပိုင်ရှင်ဘဝဆီသို့၊ ယခင်လက်မှုလယ်ယာလယ်သမားဘဝမှသည် အနာဂတ်စက်မှုလယ်ယာ လယ်သမားဘဝဆီသို့၊ ယခင်မိသားစု အပိုဝင်ငွေမရှာနိုင်သည့်ဘဝမှ အနာဂတ်တွင် မိသားစုအတွက် အပိုဝင်ငွေရှာဖွေနိုင်တော့မည့် အပ်ချုပ်စက်ဆိုင်ရှင်ဘဝဆီသို့ စသည်ဖြင့် အနာဂတ်တွင် သာယာလှပသော ဘဝပိုင်ရှင်များ အသီးသီးဖြစ်တည်ပေါ်ပေါက်လာရန် ကနဦးအစပျိုးသည့်နေ့ဖြစ်၍ပင်။

ယခုအခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်မှ သမဝါယမအသင်းပေါင်း ၅၇၇ သင်း၊ အသင်းသားပေါင်း ၃၉၆၀၉ ဦးအား ချေးငွေ ၂ ဒသမ ၃ ဘီလီယံကျော် ထုတ်ချေးပေးခြင်း၊ လယ်ယာစိုက်ပျိုးရေး သမဝါယမအသင်းပေါင်း ၂၈သင်းအတွက် အမျိုးပေါင်း ခုနစ်မျိုးပါဝင်သော လယ်ယာသုံးစက်ကိရိယာအစီးပေါင်း ၂၀၉ စီး၊ ယာဉ်မောင်းဘဝမှ ယာဉ်ပိုင်ရှင်ဘဝသို့ ရောက်ရှိအောင် ယာဉ်မောင်း ၅၃ ဦးအား မော်တော်ယာဉ် ၅၃ စီး၊ အပိုဝင်ငွေရရှိရေးအတွက် အသင်းသား

ဦးမြင့်အောင် (ဒုတိယညွှန်ကြားရေးမှူး)
(သတင်းထုတ်ပြန်ရေးတာဝန်ခံ)
သမဝါယမဝန်ကြီးဌာန၊ ဝန်ကြီးရုံး

၆၈၃ ဦးအား အပ်ချုပ်စက် ၆၈၃ လုံး၊ အငှားယာဉ်လုပ်သား ၁၈၀ ဦးအား အငှားယာဉ် အစီး ၁၈၀အား အရစ်ကျငွေချေစနစ်ဖြင့် ထုတ်ပေးခဲ့သည်။

အခမ်းအနား အပြီးတွင် နိုင်ငံတော်သမ္မတကြီးက အခြေခံပြည်သူတို့နှင့် တွေ့ဆုံခဲ့သည့်အနက် ယာဉ်မောင်းများနှင့် တွေ့ဆုံရာတွင် "နောင်ခင်ဗျားတို့ကြိုက်တဲ့ ကားဝယ်ပေးဦးမယ်၊ သုံးနှစ်အတွင်း ကားပိုင်ရှင်တွေဖြစ်တော့မှာမို့ အခုကတည်းက Owner လို့ခေါ်မယ်" ဟု ရင်းရင်းနှီးနှီး နှုတ်ဆက်စကားဆိုလိုက်ရာ သူတို့အားလုံးကြည်နူးဝမ်းမြောက်သွားကြ၏။

သို့ဖြင့် အခြေခံပြည်သူတို့၏ ဝမ်းမြောက်ပီတိ စကားသံများနှင့်

စာမျက်နှာ ၈ ကော်လံ ၁ ❀

ယနေ့ မာတိကာ

ကျောင်းသား ကျောင်းသူများ ပျော်ရွှင်စွာ စာသင်ကြားနိုင်ရေးအတွက် ကျန်းမာရေးနှင့်ညီညွတ်သော ကျောင်းနှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေးသည် အရေးကြီး
ခေါင်းကြီး စာမျက်နှာ-၂

ဆယ်စုနှစ်အတွင်း အိန္ဒိယ စီးပွားရေး အနိမ့်ဆုံးကျဆင်း
စာမျက်နှာ-၄

တစ်ပတ်လျှင် ၁၂ မိနစ် လေ့ကျင့်ခန်းပြုလုပ်ပေးရုံဖြင့် ကျန်းမာရေးကောင်းမွန်သော ဘဝ ရရှိနိုင်
စာမျက်နှာ-၅

ရေချိုလို တောကိုထိန်း
ဆောင်းပါး စာမျက်နှာ-၆

ရေချိုလုံလောက်စွာရရှိ၍ ဒေသခံများ ဝမ်းမြောက်ပျော်ရွှင်
စာမျက်နှာ-၁၀

ဘိုင်ယန်မြူးနစ်တို့ ဂျာမန်ပိုကယ်ဖလားဆွတ်ခူး
စာမျက်နှာ-၁၃

မြန်မာ့လက်ရွေးစင်အသင်းနှင့် စင်ကာပူလက်ရွေးစင်အသင်းတို့ ဇွန် ၄ ရက်တွင် ခြေစမ်းမည်

➤ သတင်း-ညီမြတ်သော်တာ ➤ ဓာတ်ပုံ-စိုးညွန့်

ရန်ကုန် ဇွန် ၂

(၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအတွက်ပြင်ဆင်နေသည့် မြန်မာအသင်းသည် ဇွန် ၄ ရက် ညနေ ၅ နာရီတွင် သုဝဏ္ဏကွင်း၌ စင်ကာပူလက်ရွေးစင်အသင်းနှင့် ခြေစမ်းကစားမည်ဖြစ်သည်။

မြန်မာအသင်းသည် ဆီးဂိမ်းပြိုင်ပွဲအတွက် ပဏာမကစားသမား ၃၀ ဖြင့် မေ ၂၁ ရက်မှစ၍ စခန်းဝင်လေ့ကျင့်ခဲ့ပြီး ယခုဇွန်လအတွင်း ကစားရမည့် နိုင်ငံတကာခြေစမ်းပွဲများအတွက် အပြီးသတ်ကစားသမား ၂၂ ဦးကို ရွေးချယ်ခဲ့သည်။မြန်မာအသင်းတွင် အုပ်ချုပ်သူ-ဦးတင်မြင့်အောင်၊ နည်းပြချုပ်- ပတ်ဆောင်ဟွာ၊ လက်ထောက်နည်းပြ-ဦးဇော်ဝင်းထွန်း၊ ကြံ့ခိုင်ရေးနည်းပြ-ဟာဟေဂျွန်၊ ဂိုးနည်းပြ-ဦးမျိုးချစ်၊ မီဒီယာတာဝန်ခံ-ဦးစိုးမိုးကျော်၊ ဆေးမှူး-ဒေါက်တာအောင်ကျော်ဦး၊ စကားပြန်-ဦးအောင်သူရ၊ **ဂိုးသမား**-ပြည့်ဖြိုးအောင်၊ ကျော်ဇင်ဖြိုး၊ **နောက်တန်း**- အောင်ဇော်၊ သိန်းသန်းဝင်း၊ အောင်ဟိန်းကျော်၊ သက်နိုင်၊ ရဲဝင်းအောင်၊ ဇော်မင်းထွန်း၊ ရဲဇော်ထက်အောင်၊ **အလယ်တန်း**-ရန်အောင်ဝင်း၊ ကြည်လင်း၊ ရဲလင်းအောင်၊ စည်သူအောင်၊ နိုင်လင်းဦး၊ နေလင်းထွန်း၊ ဖြိုးကိုကိုသိန်း၊ နန္ဒလင်းကျော်ချစ်၊ **ရှေ့တန်း**-ကျော်ဇေယျာဝင်း၊ စိုးကျော်ကျော်၊ ဒွေးကိုကိုချစ်၊ ချစ်မင်းစိုးနှင့် စိုးပိုင်ထွေးတို့ ပါဝင်ကြသည်။

မြန်မာ့လက်ရွေးစင်ဘောလုံးသမားများ စုပေါင်းလေ့ကျင့်စဉ်။

ခြေစမ်းပွဲ ကစားရန်အတွက် စင်ကာပူလက်ရွေးစင်အသင်းသည် ဇွန် ၂ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့သို့ ရောက်ရှိလာခဲ့သည်။စင်ကာပူလက်ရွေးစင်အသင်းတွင် နာမည်ကြီးကစားသမားများ အစုံအလင်ပါဝင်လာပြီးကစားသမားစုစုပေါင်း ၂၃ ဦး လိုက်ပါလာသည်။ ကွင်းဝင်ကြေးအဖြစ် အထူးတန်းငွေကျပ်တစ်ထောင်၊ ရိုးရိုးတန်း ငွေကျပ်ငါးရာ သတ်မှတ်ထားသည်။ မြန်မာအသင်းသည် စင်ကာပူလက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲပြီးပါက ဗီယက်နမ်နိုင်ငံသို့ သွားရောက်၍ ခြေစမ်းပွဲများ ကစားမည်ဖြစ်သည်။ ဇွန် ၉ရက်တွင် V-League ကလပ်ဒေါင်နိုင်းအသင်း၊ ဇွန် ၁၁ ရက်တွင် ဗီယက်နမ် ယူ-၂၃ အသင်းတို့နှင့် ထပ်မံခြေစမ်းကစားမည်ဖြစ်သည်။

ဇက်ရေယာဉ်ပေါ်မှ ဟိုင်းလပ်ကားတစ်စီး ရေထဲသို့ပြုတ်ကျ

သတင်းခရီးသည်တစ်ဦး

ဇွန် ၁ ရက် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်ခန့်က ဆိပ်ကမ်းမြို့နယ် မော်တင်ရပ်ကွက် ဝါးတန်းဆိပ်တွင် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် ရန်ကုန်မှ ဒလသို့ကူးသည့် Ro Ro III ဇက်ရေယာဉ်ပေါ်၌ ရပ်တန့်ထားသည့် ဟိုင်းလပ်ကားမှာ ရေထဲသို့ ရုတ်တရက်ပြုတ်ကျမှုတစ်ရပ် ဖြစ်ပွားခဲ့သည်။

ကားပိုင်ရှင် ဦးသက်နိုင်က မွန်းလွဲ ၂ နာရီခေါက်ဖြင့် ဒလဘက်ကမ်းသို့ကူးရန် မိမိဟိုင်းလပ်ကား ၃ခ/----ကို ရှေ့ဆုံးမှ ဇက်ပေါ်သို့ တက်ပြီး တစ်ဖက်ထွက်ပေါက်၌ ကျမ်းတုံးခုရပ်တန့်ထားစဉ် ရေထဲသို့ရုတ်တရက်ပြုတ်ကျသွားခဲ့ခြင်းဖြစ်သည်ဟု သိရသည်။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ Ro Ro III ၊ Ro Ro IV ဖြင့် အလှည့်ကျ ရန်ကုန်ဝါးတန်းဆိပ်မှသည် ဒလဘက်ကမ်းသို့ နေ့စဉ် ပုံမှန် ခြောက်ခေါက်ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

ဆိပ်ကမ်း၌ တာဝန်ကျနေသူ ဝန်ထမ်းတစ်ဦးက "အခုကားတွေ တင်နေတာက Ro Ro IV ပါ။ မနေ့ကဖြစ်သွားတာက Ro Ro III ပါ။ အခုလိုပဲ နေ့စဉ်ခြောက်ခေါက်ကားနဲ့ ကုန်စည်တွေကိုပို့ဆောင်ပေးနေပါတယ်" ဟု ရှင်းပြပေးသည်။

ဆိပ်ကမ်းရုံးမှ တာဝန်ရှိအရာရှိတစ်ဦးက "ဒီဟိုင်းလပ်ကားက ဇက်ပေါ်ကို ပထမဦးဆုံး

စာမျက်နှာ ၃ ကော်လံ ၁ ■

ရန်ကုန်ဝါးတန်းဆိပ်မှ ဒလဘက်ကမ်းသို့ကူးမည့် ဇက်ပေါ်သို့ ကားများ တင်ဆောင်နေသည်ကို တွေ့ရစဉ်။